# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ Thursday, 16 February 2017 (၈၈၃၉)


**အနောင်အဖွဲ့မရှိ**

ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းဖော်ပါလင့်။ ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။ (ချစ်ခြင်း၊ မုန်းခြင်းမရှိသောသူတို့အား အနောင်အဖွဲ့တို့ မရှိကြကုန်)

ပီယဝဂ်(ဓမ္မပဒ- ၂၁၀)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယားသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုဟာမက်ဘီရာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယားသံအမတ်ကြီး မစ္စတာ မိုဟာမက်ဘီရာ ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

(သတင်းစဉ်)

**ယနေ့ ◉ မာတိကာ**

ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းနှင့် ဆက်စပ်မေးခွန်းများကို မေးမြန်းရာတွင် စကားလုံးနှင့် အကြောင်းအရာကို စနစ်တကျလေ့လာသုံးစွဲ မေးမြန်းနိုင်စေရေး လွှတ်တော်ဥက္ကဋ္ဌ သတိပေး

စာမျက်နှာ - ၅

လေလွင့်ကလေးငယ်များအား လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၅

# မြန်မာနိုင်ငံရှိ လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ Unilever ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Paul Polman နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Unilever ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးအသိပညာပေးမှု၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ရပ်ရွာအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် မြန်မာနိုင်ငံရှိ လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Unilever ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Paul Polman အား လက်ခံတွေ့ဆုံစဉ်။




# ကြေးမုံ

## စုပေါင်းညီညာ အဖြေရှာ

မြန်မာနိုင်ငံ၏ ရှည်လျားသောသမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ အေးချမ်းစွာ အတူလက်တွဲနေထိုင်ခဲ့ကြသည်။ ထိုသို့နေထိုင်နိုင်ခဲ့ကြခြင်းမှာ မင်းနှင့်ပြည်သူ အတူလက်တွဲ၍ ညီညွတ်စွာနေထိုင်ခဲ့ကြသောကြောင့်ဖြစ်သည်။ ပြည်တွင်းရန်၊ ပြည်ပရန်ပေါ်ပေါက်လာခဲ့ပြန်လျှင်လည်း အတူလက်တွဲတွန်းလှန်ခဲ့ကြသည်။

စည်းလုံးညီညွတ်မှုလျော့ရဲသောအချိန်တွင် ပြည်တွင်းရန်၊ ပြည်ပရန်တို့ ပေါ်ပေါက်ခဲ့ရသော်လည်း စစ်ပွဲဖြင့်ဖြေရှင်းခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းစသည့်နည်းများဖြင့် ဖြေရှင်းနိုင်ခဲ့ကြပြီး တိုင်းပြည်ကိုပြန်လည်တည်ဆောက်နိုင်ခဲ့သည်ချည်းသာဖြစ်သည်။ မြန်မာနိုင်ငံသူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသောအချိန်တွင် နယ်ချဲ့ကျူးကျော်မှုကို လက်နက်စွဲကိုင်တွန်းလှန်တိုက်ခိုက်ပြီးနောက် စစ်ပွဲများကိုအဆုံးသတ်စေခဲ့ကာ လွတ်လပ်သောတိုင်းပြည်၊ ဖွံ့ဖြိုးသောတိုင်းပြည်အဖြစ် ပြန်လည်တည်ဆောက်ကြရသည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို နှစ်ပေါင်းများစွာရယူခဲ့ပြီးနောက် မတတ်သာသည့်အဆုံး မူလပိုင်ရှင်မြန်မာနိုင်ငံအား လွတ်လပ်ရေးပြန်လည်ပေးအပ်ရာတွင် အလွယ်တကူပြန်လည်ပေးအပ်ခဲ့ခြင်းမပြုဘဲ တောင်တန်းပြည်မ ကွဲပြားစေသောအခြေအနေတစ်ရပ်ကို ဖန်တီးထားခဲ့သည်။

ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံလွတ်လပ်ရေးရရှိစေရန် နယ်ချဲ့အစိုးရနှင့်ဆွေးနွေးပြီး လွတ်လပ်ရေးကို တောင်တန်း၊ ပြည်မအတူတကွရလိုကြောင်း တောင်တန်းဒေသခေါင်းဆောင်များကိုစုစည်း၍ ဆန္ဒဖော်ထုတ်စေခဲ့သည်။ တိုင်းရင်းသားလူထုအားလုံးစည်းလုံးညီညွတ်မှုကြောင့် ပင်လုံညီလာခံမှအစပြုသည့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ရရှိခဲ့သည်။ ယင်းသဘောတူညီချက်သည်ပင် လွတ်လပ်ရေးအောင်ပန်းဖြစ်ခဲ့သည်။

သို့သော် လွတ်လပ်ရေးကိုရပင်ရငြားသော်လည်း နယ်ချဲ့တို့၏ ပယောဂ၊ သံသယနှင့်ပဋိပက္ခများမှာ ဆိုးမွေအဖြစ်ထားရစ်ခဲ့သည်။ ယင်းဆိုးမွေလက်ကျန်များမှာ ယနေ့ထက်တိုင်ကျန်ရစ်ပြီး မငြိမ်းနိုင်သောစစ်မီးများဖြင့် ဖြေရှင်းနေရဆဲဖြစ်သည်။ အတိတ်ကဆိုးမွေများကို မျက်မှောက်ကာလတွင် ယုံကြည်မှုများ၊ နားလည်မှုများ၊ မေတ္တာများဖြင့် ဖြေရှင်းကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားသွေးချင်းများအနေဖြင့် အတိတ်ကဆိုးမွေ သံသယများနှင့် ပဋိပက္ခများချုပ်ငြိမ်းပပျောက်ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကိုကျင်းပခြင်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နယ်ချဲ့စနစ်၏လက်ကျန်ဆိုးမွေ သံသယများနှင့်ယုံကြည်မှုကွဲပြားမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းဖြင့် အဖြေရှာကာ ထာဝရငြိမ်းချမ်းရေးကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် လွတ်လပ်ပြီးသော မြန်မာနိုင်ငံအား ဆက်လက်ဖွံ့ဖြိုးအောင်၊ တောင်တန်း၊ မြေပြန့်ဟန်ချက်ညီဖွံ့ဖြိုးအောင်၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် အားလုံးစုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာခြင်းဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တိုင်းရင်းသားပြည်သူအားလုံး မျက်မှောက်ပြုကြပါစို့။ ။

## အလတ်စားလုပ်ငန်းများပိုမိုကျယ်ပြန့်စွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံ Suzuki Museum အား လှည့်လည်ကြည့်ရှုစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် အဖွဲ့သည် ဂျပန်နိုင်ငံအစိုးရ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံ၏ စက်မှုနှင့် SMEs ကဏ္ဍများတွင် မူဝါဒချမှတ်၍ လက်တွေ့ကျင့်သုံးနေမှုများကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ သွားရောက်လေ့လာသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် ကမာကုရဘုရားသို့ ဝင်ရောက်ဖူးမြော် လေ့လာခဲ့ကြပြီး METI ရုံးချုပ်၌ State Minister Mr. Yoshifumi MATSUMURA နှင့် ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဂျပန်ပြည်ပကုန်သွယ်ရေး အဖွဲ့အစည်း (Japan External Trade Organization- JETRO ) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Atsushi TAKETANI နှင့်တွေ့ဆုံ၍ ဂျပန်-မြန်မာကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြှင့်တင်ရေး၊ အခွန်စည်းကြပ်ကောက်ခံမှုစနစ်များကို လုပ်ငန်းအလိုက်သင့်လျော်သလို ညှိနှိုင်းဖြေလျှော့ပေးနိုင်ရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်ဆောင်ရွက်ရေးတို့အတွက် မူဝါဒချမှတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုကျိုမြို့ရှိ စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ပေးနေသည့် Hamano စက်ရုံသို့သွားရောက်၍ Toyota Motors Company နှင့် Nissan Company တို့အတွက် အစိတ်အပိုင်းငယ်များအား စွန့်ဦးတီထွင် ထုတ်လုပ်ပေးသွင်းလျက်ရှိသောSMEs စက်မှုလုပ်ငန်းများ၌ မော်တော်ယာဉ် စတီယာရင်စနစ်အတွက် Spring Contact များ၊ Camera Shutter Spring များ ထုတ်လုပ်နေမှုကို လေ့လာခဲ့ကြသည်။

ဆက်လက်၍ နည်းပညာနှင့် ငွေကြေးအထောက်အပံ့ပြု အဖွဲ့အစည်းများဖြစ်သည့် Japan Finance Corporationနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့မှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် Hamamatsu Nrdkh ရှိ Suzuki Motor Corporation သို့ ရှင်ကန်ဆင်-ကျည်ဆန်ရထားဖြင့် သွားရောက်၍ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို စက်ရုံအတွင်း ထုတ်လုပ်မှုလုပ်ငန်းများမှ အစပြု၍ လုပ်ငန်းအဆင့်ဆင့်တွင် စံချိန်စံညွှန်းနှင့်အညီ စစ်ဆေးထုတ်လုပ်နေမှုများ၊ မြန်မာနိုင်ငံတွင် အခြေခံလူထုနှင့် လယ်ယာကဏ္ဍလုပ်ငန်းများအတွက် ဘက်စုံသုံး Mini Truck မော်တော်ယာဉ်ငယ်များကို စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း ထုတ်လုပ်နိုင်ရေးတို့ကို Suzuki Motor Corporation ၏ President & CEO ဖြစ်သူ Mr. Toshihiro SUZUKI နှင့် ဆွေးနွေးညှိနှိုင်းသည်။ ထို့နောက် Suzuki ကုမ္ပဏီကို မူလကရက်ကန်းစက်များ၊ မော်တော်ဆိုင်ကယ်များ ထုတ်လုပ်မှုမှတစ်ဆင့် ယနေ့တိုင် မော်တော်ယာဉ်အသစ်အဆန်းများကို အောင်မြင်စွာ စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်နေမှုများကိုလည်းကောင်း၊ သုတေသနဌာနတို့ကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**မိုးမိတ် ဖေဖော်ဝါရီ ၁၅**

လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ရာတွင် စည်းစနစ်တကျဖြင့် အန္တရာယ်ကင်းစွာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်း အသုံးပြုနိုင်စေရန် ရည်ရွယ်၍ မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု နမိကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၆)စက်မှုလယ်ယာစခန်းက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မိုးမိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၃ရက်မှ ၂၄ ရက်အထိ (စနေ/တနင်္ဂနွေမပါ) ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းနှင့် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၅၁ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်(ရွှေဈေး) ၈၈၆၅၀၀ - ၈၈၆၅၀၀ မန္တလေး(ရွှေဈေး) ၈၈၆၅၀၀ - ၈၈၆၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၇. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၇၉၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၈. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၈၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၁. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅ ဝီပံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် သံအမတ်ကြီးများနှင့်သံတမန်များ မိတ်ဆက်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့်သံတမန်များ မိတ်ဆက်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးတွင် ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ အပါအဝင် ၆၀ ခန့် တက်ရောက်ကြသည်။

ပြည်တွင်း ပြည်ပ အန္တရာယ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား မဟာဗျူဟာရှုထောင့်မှ လေ့လာသုံးသပ် အကြံပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရာထူးကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်ပြီး ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၆) တွင် သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးသောင်းထွန်းကို ဇန်နဝါရီ ၁၀ ရက်က ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**



# သတ္တမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

သတ္တမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသည့် စာတမ်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားလာသည့် ဆေးဝါးများ၏ တည်မြဲမှုနှင့် သက်တမ်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြခြင်း၊ ပရဆေးပစ္စည်းကတြွသချိ၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုအတွက် အိမ်သုံးတိုင်းရင်းဆေးဝါးများ၊ ရှမ်းဆေးပုလဲနှင့် ဗမာဆေးပုလဲ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဒေသခံပြည်သူလူထု၏ တိုင်းရင်းဆေးသုံးစွဲမှုများကို တင်ပြခြင်း၊ တိုင်းရင်းဆေးသုံးဆီကုန်ကြမ်း၏ အရည်အသွေးကို ဆန်းစစ်လေ့လာခြင်း၊ မြကျောက်ဆေးပင်ခေါင်းစဉ်များဖြင့် ခင်းကျင်းပြသထားသော တိုင်းရင်းဆေးသုတေသန ပိုစတာများအား ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးကောင်းမွန်၍ အသုံးချနိုင်သည့် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ပိုမိုပေါ်ထွက်လာစေရန်၊ မြန်မာ့တိုင်းရင်းဆေး ပညာရပ်အား အတွေ့အကြုံအခြေပြု ဆေးပညာရပ်မှ နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီမည့် သက်သေအထောက်အထား အခြေပြုဆေးပညာအဖြစ်သို့ ပြောင်းလဲတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေးပြဿနာများနှင့် ကူးစက်နိုင်ခြင်းမရှိသည့်ရောဂါများ ကုသနိုင်ရေးအတွက် တိုင်းရင်းဆေးကုထုံးသစ်နှင့် ဆေးဝါးအသစ်များ ပေါ်ထွက်လာစေရန်နှင့် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများနှင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေးအတွက် အခြေခံကောင်းများ ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ စီစဉ်ပြီး ဂရိတ်ဝေါ၊ ထွန်းရွှေဝါ၊ ကေသီပန်၊ မှန်ချို၊ မောရိယနှင့် ရုပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ပံ့ပိုးကူညီကာ သတ္တမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ကျေးရွာများသို့ကွင်းဆင်းကာ အခမဲ့ဆေးဝါးကုသ

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာသီဟအောင်၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာ၊ ကျန်းမာရေးမှူး ဦးစောဝင်းမောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ပလ္လပြင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံများနှင့်တွေ့ဆုံကာ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းခြင်း၊ လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရှင်းပြခြင်း၊ ဒေသခံများ၏ မေးမြန်းဆွေးနွေးချက်များအား ပြန်လည်ဆွေးနွေးခြင်းများကို ရင်းနှီးပွင့်လင်းစွာ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့သည် အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးခန်းဖွင့်လှစ်ပြီး လာရောက်ပြသကြသည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် အထွေထွေရောဂါလူနာများ အပါအဝင် စုစုပေါင်းလူနာ ၇၈ ဦးအား အခမဲ့ ဆေးဝါးကုသပေးကြပြီး မွေးဖွားခါနီး အရေးပေါ် ကိုယ်ဝန်ဆောင်လူနာတစ်ဦးအား စစ်တွေအထွေထွေဆေးရုံသို့ လွှဲပြောင်းပို့ပေးခဲ့ကြသည်။



ထို့နောက် ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးမှူးနှင့် အဖွဲ့သည် ပလ္လပြင်ကျေးရွာမှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ဇောပူဂျာကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ဒေသခံများနှင့် တွေ့ဆုံကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရှင်းပြခြင်း၊ ဒေသခံများ၏ ကျန်းမာရေး လိုအပ်ချက်များကို မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

### ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၄-၂-၂၀၁၇)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၆-၁-၂၀၁၇)ရက်နေ့မှ (၃-၂-၂၀၁၇)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ခြောက်ဦး၊ မဂ္ဂဇင်း ငါးဦးနှင့် အထွေထွေ ၁၁ ဦး ပေါင်း ၂၂ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ လေးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၀ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၃၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၀၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# (၇)ကြိမ်မြောက် အရှေ့တောင်အာရှ နာကျင်မှုဆေးပညာညီလာခံ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံဆရာဝန်အသင်း မြန်မာနိုင်ငံနာကျင်မှုဝေဒနာဆေးပညာအဖွဲ့မှ ကြီးမှူး၍ (၇) ကြိမ်မြောက် အရှေ့တောင်အာရှဆေးပညာညီလာခံကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La Hotel, Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တက်ရောက်မည့် ဆရာဝန်များသည် ကြိုတင်၍ မှတ်ပုံတင်စာရင်းသွင်းပြီး တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဂြိုဟ်တု ၁၀၄ လုံးကို ဒုံးယာဉ်တစ်စင်းတည်းဖြင့် အိန္ဒိယအောင်မြင်စွာပစ်လွှတ်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၅**

အိန္ဒိယနိုင်ငံ၏ အာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)သည် ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တုအလုံးရေ ၁၀၄ လုံးအထိကို ဖေဖော်ဝါရီ ၁၅ ရက်တွင် အာကာသအတွင်းသို့ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း၊ ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တုလုံးရေအများဆုံးလွှတ်တင်နိုင်သည့် အာကာသခရီးစဉ်အဖြစ် စံချိန်တင်နိုင်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

လွှတ်တင်ခဲ့သောဂြိုဟ်တု ၁၀၄ လုံးတွင် နိုင်ငံရပ်ခြားတိုင်းပြည်များအတွက် ဂြိုဟ်တု ၁၀၁ လုံးပါဝင်သည်။ တောင်အာရှဒေသမှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ခန့်တန်ဖိုးရှိ နိုင်ငံတကာ ဂြိုဟ်တုလွှတ်တင်ရေးဈေးကွက်တွင် ဖောက်သည်များ တိုးတက်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

ယနေ့သည် မိမိတို့နိုင်ငံအတွက် သမိုင်းဝင်နေ့ရက်ဖြစ်ကြောင်း အာကာသအေဂျင်စီမှ စီမံချက်ညွှန်ကြားရေးမှူး ဘီဂျာယာကူးမားက ပြောကြားသည်။

ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၁၀၄ လုံးအထိ လွှတ်တင်နိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့သည့် အိုင်အက်စ်အာရ်အို၏ အောင်မြင်သော လုပ်ဆောင်ချက်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက ၎င်း၏ အင်တာနက်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံမှ ဝင်ရိုးစွန်းဂြိုဟ်တု လွှတ်တင်ရေးဒုံးယာဉ်(ပီအက်စ်အယ်လ်ဗွီ-၃၇)ကို ဆရီဟာရီကိုတာမြို့ရှိ ဆာတစ် ဒါဝမ်အာကာသစခန်းမှ လွှတ်တင်ခဲ့သည်။

**ရိုက်တာ။**





# အမေရိကန်-အစ္စရေး နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ ကျင်းပမည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် အရှေ့အလယ်ပိုင်းကိစ္စရပ်များနှင့် ပတ်သက်ပြီး အမေရိကန်၏ မူဝါဒအသစ်များ ချမှတ်မှုနှင့် အီရန်နျူကလီးယားအရေးတို့ကို အလေးပေးဆွေးနွေးမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့၏ တွေ့ဆုံမှုသည် သမ္မတ ထရန့်လက်ထက် ပထမဆုံးအကြိမ်ဖြစ်သည်။ သမ္မတထရန့်သည် အစ္စရေးနိုင်ငံအပေါ် အပြုသဘောဆောင်သော အမြင်နှင့် သဘောထားများ လက်ကိုင်ထားရှိသူဖြစ်သည်။

အမေရိကန်-အစ္စရေး ထိပ်သီးအစည်းအဝေးတွင် အရှေ့အလယ်ပိုင်းအရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အမေရိကန်၏ ထင်မြင်ယူဆချက်နှင့် မူဝါဒအသစ်များ ချမှတ်မည်ဖြစ်သည်။

သမ္မတထရန့်၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း အစ္စရေးနိုင်ငံရှိ အမေရိကန်သံရုံးကို တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့ခဲ့ခြင်းနှင့်ပတ်သက်ပြီး သမ္မတ ထရန့်က သဘောတူညီထောက်ခံမှုပြုခဲ့သည်။ ထိုသို့ အမေရိကန် သံရုံးပြောင်းရွှေ့ခြင်းကိစ္စနှင့်ပတ်သက်ပြီး ပါလက်စတိုင်းပြည်သူများအကြား ပြင်းထန်စွာ ကန့်ကွက်ပြောဆိုမှုများ ထွက်ပေါ်လာခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ပဋိပက္ခနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ အဖြေရှာနိုင်ရန် အမေရိကန်နိုင်ငံအနေဖြင့် အခြေခံသဘောတရားများကို ချမှတ်ခဲ့ပြီးဖြစ်သည်မှာ အချိန်အားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ယခုအမေရိကန်-အစ္စရေးထိပ်သီးအစည်းအဝေးသည် နှစ်ဖက်တင်းမာမှုကို ပိုမိုဆိုးရွားသွားမည်မဟုတ်ပေ။

အဆိုပါအစည်းအဝေးသည် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေး အသီးအပွင့်များ ထွက်ပေါ်လာစေရန် ဦးတည်ထားသင့်ကြောင်း အိမ်ဖြူတော် အဆင့်မြင့်အရာရှိတစ်ဦးက ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်ပြီး ၎င်း၏ထင်မြင်ချက်ကို ပြောကြားခဲ့သည်။

သမ္မတထရန့်အစိုးရက အစ္စရေး-ပါလက်စတိုင်းအရေးကို တစ်ဖက်သတ်ဆန်သော အခြေခံသဘောတရားအသစ်များ ချမှတ်ပါက ပါလက်စတိုင်းပြည်သူများက ပြင်းထန်စွာ ကန့်ကွက်ကြမည်ဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ကင်ဂျုံနမ် လုပ်ကြံခံရမှု တရုတ်နိုင်ငံ အနီးကပ်စောင့်ကြည့်လေ့လာ

**ပေကျင်း ဖေဖော်ဝါရီ ၁၅**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ အဖေတူ အမေကွဲ အစ်ကိုတော်စပ်သူ ကင်ဂျုံနမ် မလေးရှားနိုင်ငံတွင် လုပ်ကြံသတ်ဖြတ်ခံရမှုကို တရုတ်နိုင်ငံက အနီးကပ် လေ့လာစောင့်ကြည့်လျက်ရှိသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှန်က ကင်ဂျုံနမ် လုပ်ကြံသတ်ဖြတ်ခံရမှုအတွက် အနီးကပ်လေ့လာနေသကဲ့သို့ မီဒီယာများ၏ ရေးသားဖော်ပြချက်များကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကင်နှင့် ၎င်း၏ မိသားစုသည် တရုတ်အာဏာပိုင်များ၏ ကာကွယ်စောင့်ရှောက်မှုဖြင့် ပေကျင်းနှင့် မကာအိုမြို့များတွင် နေထိုင်ခဲ့သည်ဆိုသော အချက်များကိုမူ ဂျန်ရှန်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ကင်သည် မကာအိုနှင့် အခြားသော ပြည်ပနိုင်ငံများတွင် နေထိုင်ခဲ့သည်ဟု ယူဆရပြီး မိသားစုနှင့်အတူ ပေကျင်းမြို့ ဆင်ခြေဖုံးရှိ ခမ်းနားသည့် ခြံဝင်းကျယ်ကြီးတစ်ခုတွင် နေထိုင်သည်ဟု ဆိုသည်။ ကင်ကို ဂျပန်စားသောက်ဆိုင်၊ တောင်ကိုရီးယား စားသောက်ဆိုင်များတွင် စားသုံးနေသည်ကို တွေ့ရသကဲ့သို့ ဇိမ်ခံပစ္စည်းများ ဝယ်ယူသုံးစွဲနေသည်ကိုလည်း တွေ့ကြရသည်။

လေ့လာသုံးသပ်သူ အချို့က ကင်၏ နေထိုင်စားသောက်မှု ကုန်ကျစရိတ်ကို မြောက်ကိုရီးယားနိုင်ငံက ပေးချေနေရသည်ဟု ဆိုကြသကဲ့သို့ ကင်သည် မြောက်ကိုရီးယားနိုင်ငံ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုတွင် ပါဝင်ပြီး မြောက်ကိုရီးယားနိုင်ငံသို့ လက်နက်တင်ပို့နေသည်ဟုလည်း ဆိုကြပြန်သည်။ သို့သော် အသေးစိတ် တိတိကျကျ မသိရှိကြပေ။



ကင်၏သား ကင်ဟန်ဆိုလ်သည် ၂၀၁၁ ခုနှစ်တွင် ဘော့စ်နီးယား-ဟာဇီဂိုဗီးနား၌ နိုင်ငံတကာကျောင်းတစ်ကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သကဲ့သို့ ၂၀၁၃ ခုနှစ်တွင်လည်း ပြင်သစ်နိုင်ငံ၏ နာမည်ကြီး နိုင်ငံရေးသိပ္ပံပညာသင်ကျောင်းသို့ တက်ရောက်ခဲ့သည်။

ကင်ဟန်ဆိုလ်က ၎င်း၏ ဖခင်သည် နိုင်ငံရေးကို စိတ်ဝင်စားသူမဟုတ်ကြောင်း နိုင်ငံခြားသတင်းထောက်များကို ပြောကြားခဲ့ဖူးသည်။ **အင်န်အိတ်ချ်ကေ။**

# ခရုဇ်ဒုံးကျည်သစ်တစ်စင်းကို ရုရှားက တိတ်တဆိတ်ဖြန့်ကြက်ခဲ့ဟုဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

နှစ်နိုင်ငံအကြား တည်ရှိသော လက်နက်ထိန်းချုပ်ရေးဆိုင်ရာ စာချုပ်စာတမ်းတစ်ရပ်ကို ချိုးဖောက်ကာ ရုရှားနိုင်ငံက ခရုဇ်ဒုံးကျည်သစ်တစ်စင်းကို ဖြန့်ကြက်ခဲ့သည်ဟု ယုံကြည်ယူဆရကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် မြေပြင်မှ ပစ်ခတ်နိုင်သော အက်စ်အက်စ်စီ-၈ အမျိုးအစား ခရုဇ်ဒုံးကျည်ကို တိတ်တဆိတ် ဖြန့်ကြက်ခဲ့သည်ဟု ဆိုသည်။

ရုရှားနိုင်ငံသည် ယင်းဒုံးကျည်အမျိုးအစားကို နှစ်ပေါင်းအတန်ကြာမျှ သုတေသနပြုခြင်းနှင့် စမ်းသပ်ခြင်းတို့ ပြုလုပ်နေခဲ့သည်ဟု မီဒီယာသတင်းများတွင် ဖော်ပြခဲ့သည်။

၁၉၈၇ ခုနှစ် တာလတ်ပစ် နျူကလီးယား ဒုံးလက်နက် ထိန်းချုပ်ရေးစာချုပ်ကို ချိုးဖောက်သည့် ဆောင်ရွက်ချက်အဖြစ် အမေရိကန်က ကန့်ကွက်ခဲ့သော်လည်း ရုရှားက ခရုဇ်ဒုံးကျည်နှစ်စင်းအထိ တည်ဆောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ခရုဇ်ဒုံးကျည်တစ်စင်းကို တိတ်တဆိတ် ဖြန့်ကြက်ခဲ့သည်ဆိုသော သတင်းနှင့်ပတ်သက်၍ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းဌာနများ၏ မေးမြန်းချက်ကို ချက်ချင်းဖြေဆိုခြင်း မပြုပေ။

ရုရှား၏ ဆောင်ရွက်ချက်သည် သမ္မတ ဒေါ်နယ်လ်ထရန့်အား စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှုမြင်ရကြောင်း၊ ရုရှားနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်လာရေးအတွက် ကြိုးပမ်းပါမည်ဟု ထရန့်က ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ကတိပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အက်စ်အက်စ်စီ-၈ အမျိုးအစား ခရုဇ်ဒုံးကျည်သည် ခရီးတာ မိုင် ၃၀၀ မှ မိုင် ၃၄၂၀ အကွာအဝေးအတွင်း ပစ်ခတ်နိုင်စွမ်းရှိသည်။ မြေပြင်မှ ပစ်ခတ်နိုင်သော တာလတ်ပစ် ဒုံးကျည်များကို လက်ဝယ်ထားခြင်း၊ ထုတ်လုပ်ခြင်း၊ ပစ်ခတ်စမ်းသပ်ခြင်းမပြုလုပ်ရန် နှစ်နိုင်ငံ ချုပ်ဆိုခဲ့သော စာချုပ်တွင် ဖော်ပြထားသည်။

ယခင်အမေရိကန်သမ္မတ ဘာရက်အိုဘားမားအစိုးရအဖွဲ့က စမ်းသပ်မှုအဆင့်တွင် ရှိနေသေးသော ခရုဇ်ဒုံးကျည်အစီအစဉ်ကို ဖျက်သိမ်းရန် ရုရှားအစိုးရအဖွဲ့အား တိုက်တွန်းခဲ့ကြောင်း၊ ယခုအခါတွင်မူ ရုရှားတွင် ခရုဇ်ဒုံးကျည်နှစ်စင်းရှိနေပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းနှင့် ဆက်စပ်မေးခွန်းများကို မေးမြန်းရာတွင် စကားလုံးနှင့် အကြောင်းအရာကို စနစ်တကျလေ့လာသုံးစွဲ မေးမြန်းနိုင်စေရေး လွှတ်တော်ဥက္ကဋ္ဌ သတိပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး နဝမမြောက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝန်ကြီးဌာနများနှင့် သက်ဆိုင်သော မေးခွန်းများနှင့်ဆက်စပ်မေးခွန်းများ မေးမြန်းရာတွင် စကားလုံးများကို တိကျစွာသုံးစွဲရေး၊ အကြောင်းအရာအပေါ် စနစ်တကျလေ့လာပြီး မေးမြန်းနိုင်ရေးအတွက် သတိပေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ကော်မတီ (၁၄)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

သံတွဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၏ **ငပလီကမ်းခြေအပါအဝင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာများ၊ ဘန်ဂလိုများနှင့် ဟိုတယ်များအား အမြင့်ပေ ၃၀ (၂) ထပ်အဆောက်အအုံများအစား (၃) ထပ်နှင့် (၅)ထပ် အဆောက်အအုံအဖြစ် ပြောင်းလဲဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းကို ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) အပိုဒ် ၂၌ **ကမ်းခြေဒေသတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ တည်ဆောက်လိုသူသည် ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေပုဒ်မ ၈ အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ လုပ်ငန်းစီမံချက် စတင်အကောင်အထည်မဖော်မီ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်ပြရမည်ဟု ဖော်ပြထားရှိပြီး အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ယေဘုယျအားဖြင့် ၁၀ မီတာအထက်မမြင့်သော (၂) ထပ်အဆောက်အအုံ ထက်မပိုစေရ**ဟု ဖော်ပြပါရှိပါကြောင်း၊ သို့ဖြစ်၍ ဤဝန်ကြီးဌာနအနေဖြင့် လက်ရှိတည်ဆဲဥပဒေ၊ အမိန့်များအရ ကမ်းခြေဒေသများတွင် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) နှင့်အညီ တင်ပြလာသော ဟိုတယ်နှင့် တည်းခိုရိပ်သာ အဆောက်အအုံများကိုသာ ခွင့်ပြုပေးပြီး ယင်းထက်ပိုမို၍ မြင့်မားသော အဆောက်အအုံများကို ဆောက်လုပ်ခွင့်မပြုသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၏ **One Stop Service (OSS) ရုံး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်(၄)ရပ်ကို အကောင်အထည်ဖော်နိုင်ရန် မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို သိလိုကြောင်း** မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက One Stop Service ဆိုသည်မှာ လုပ်ငန်းအကြောင်းအရာတစ်ခုတည်းအတွက် ရည်ရွယ်၍ ထိုလုပ်ငန်း ပြီးမြောက်စေရန် လိုအပ်သည့် စာရွက်စာတမ်း၊ ထောက်ခံချက်များကို သက်ဆိုင်ရာဌာနများသို့ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ တစ်နေရာတည်းတွင် ပြီးမြောက်အောင် ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကြောင်း၊ ယခုအခါ One Stop Service အဖြစ် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု



ဘီးလင်းမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ်
ဦးတင်ကိုကိုဦး



ပြည်ထဲရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

ကော်မတီမှ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းကို စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနအပါအဝင် ဌာန (၉) ခုတို့ဖြင့် တစ်နေရာတည်းတွင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း၊ One Stop Shop ဆိုသည်မှာသက်ဆိုင်ရာဌာနတစ်ခုစီမှ ဝန်ထမ်းများအား ပြည်သူ့ဝန်ဆောင်မှုရုံးသို့ စေလွှတ်ပြီး ယင်းတို့၏ သက်ဆိုင်ရာဌာနတစ်စိတ်တစ်ပိုင်းအဖြစ် ကိုယ်ပိုင်ကောင်တာများကို တစ်နေရာတည်းတွင်ထားရှိပြီး ပြည်သူများ/ဝန်ဆောင်မှုရယူသူများအတွက် အချိန်ကုန် သက်သာပြီး လွယ်ကူမှု ပိုမိုရရှိစေရန် ဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်ပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ အဓိကအားဖြင့် စားသောက်ဆိုင်၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနှင့် အခွန်လေးမျိုးကောက်ခံခြင်း၊ မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်ကိစ္စများ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စရပ်များ၊ဘိလိယက်ခုံလိုင်စင်ထုတ်ပေးခြင်း၊ ပျော်ပွဲရှင်ပွဲအတွက် ပွဲမိန့်လျှောက်ထားခြင်းကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေ ပြောင်း၊ ဝင်၊ ထွက်ကိစ္စနှင့် မွေးဖွားမှု၊ သေဆုံးမှု မှတ်ပုံတင်ရေးကိစ္စရပ်များ၊ ပထမသတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ၊ စည်ပင်နှင့် ပတ်သက်သော ရေ၊ မီး၊ မိလ္လာသန့်ရှင်းရေးကိစ္စရပ်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ချက်ချင်းဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးလျက်ရှိပြီး ချက်ချင်းဆောင်ရွက်မပေးနိုင်သော လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပုံ နည်းအဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများအား အသိပေးရှင်းလင်းခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ လမ်းညွှန်ပေးခြင်းများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် တာဝန်ထမ်းဆောင်ရန် ဌာနဆိုင်ရာအလိုက် ဖွဲ့စည်းပုံမရှိသေးသော်လည်း ဝန်ထမ်းများအား အလှည့်ကျဆောင်ရွက်ခြင်းထက် လုပ်ငန်းကျွမ်းကျင်မှုရှိသူ၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူများကို ရွေးချယ်၍ ပင်တိုင်တာဝန်ပေးအပ်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအားဖြင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး ကြီးကြပ်သူတာဝန်ခံအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများက အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ရာတွင် ပါဝင်သော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအနေဖြင့် မိခင်ဌာနမှပေးသော လုပ်ငန်းစဉ်များအား သုံးသပ်ပြီး အချိန်တို၍ စရိတ်သက်သာစေမည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းအချို့အား တတ်နိုင်သမျှ ဖြေလျှော့သွားနိုင်ရေး၊ ကာလတိုသို့မဟုတ် တစ်ရက်တည်းဖြင့် ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများ ရွေးချယ်သတ်မှတ်ဆောင်ရွက်နိုင်ရေး၊ ဝန်ဆောင်မှုပေးနေသည့် ပုံစံများ၊ တာဝန်ပေးအပ်မည့် ဝန်ထမ်းများ ပုံမှန်ဖြစ်စေရေးတို့အတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် OSS ရုံးများမှ ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆန်းစစ်၍ အားနည်းချက်များရှာဖွေပြုပြင်ကာ ဆက်လက်ဆောင်ရွက်နေခြင်းဖြင့် နောင်တွင် ပြည်သူများရယူလိုသော ဝန်ဆောင်မှုကိစ္စရပ်များကို ဌာနဆိုင်ရာအသီးသီးတွင် အချိန်ကုန်၊ ငွေကုန်ခံ၍ သွားရောက်ဆောင်ရွက်ရန် မလိုအပ်တော့ဘဲ OSS ရုံးတစ်ခုတည်းတွင် လွယ်ကူစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးကိုကိုဦး၊ လေရှိုးမဲဆန္ဒနယ်မှ ဦးကျော်ငွေးနှင့် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်တို့၏ မေးခွန်းများ မေးမြန်းမှုအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

လက်ပံတန်းမဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက **နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားများကို ရယူကာ စိုက်ပျိုးမြေအဖြစ်သို့ လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့ လည်းကောင်း၊ သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျ အသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ ဒေးဒရဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ညိုက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့်၊ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သဖြင့် အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# လေလွင့်ကလေးငယ်များအား လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဝန်ကြီးဌာနအနေဖြင့် လေလွင့်ကလေးငယ်များ၊လမ်းပေါ်နေ ကလေးများ၊ တောင်းရမ်း စားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများ လျော့နည်းပပျောက်ရေးအတွက် ရှေ့ပြေးစီမံချက် ရေးဆွဲခဲ့ပါကြောင်း၊ ရက်(၁၀၀) စီမံချက်နောက်ပိုင်းတွင် လေလွင့်ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး၊ မိဘအုပ်ထိန်းသူများနှင့် ပြန်လည်ပေါင်းစည်းရေး၊ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ယနေ့ ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ **လေလွင့်လူငယ်များအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ပေး ထမ်းဆောင်စေခြင်း**



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း

**တို့ဖြင့် အသွင်ပြောင်းကာ အနာဂတ်နိုင်ငံတော်၏ သားကောင်းများအဖြစ် ဖန်တီးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်သင်တန်းကျောင်းများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူများကို ရဲလက်စွဲ(ပထမတွဲ) အပိုဒ်(၇၅)၌ ဖော်ပြပါရှိသော အရည်အချင်းနှင့် ကိုက်ညီသူများကို ရဲတပ်သားအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နည်းဥပဒေ(၁၂)၌ ဖော်ပြပါရှိသော အရည်အချင်းနှင့် ကိုက်ညီသူများကို မီးသတ်တပ်သားအသစ်အဖြစ် လည်းကောင်း စိစစ်ရွေးချယ်ပြီး သင်တန်းများပေး၍ ခန့်အပ်ပေးလျက်ရှိပါကြောင်း။

တပ်မတော်အနေဖြင့် ၁၉၄၃ ခုနှစ် The Burma Auxiliary Force Act အရ တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံတွင် ရဲညွှန့်သင်တန်းများကို ၁၉၉၀ မှ ၂၀၀၈ ခုနှစ်အထိ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး ၎င်းတို့၏ ဆန္ဒအလျောက် တာဝန်ထမ်းဆောင်ရန် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇)ဖြင့် ရဲညွှန့်များအတွက် ပြဋ္ဌာန်းခဲ့



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ
ဦးရှန်အောရ်

သည့် The Burma Auxiliary Force Act အား ရုပ်သိမ်းသည့် ဥပဒေ ထုတ်ပြန်ခဲ့သဖြင့် ယခုအချိန်တွင် ဆောင်ရွက်ခြင်း မရှိပါကြောင်း။

လက်ရှိအခြေအနေတွင် လေလွင့်လူငယ်၊ ဆိုးသွမ်းလူငယ်နှင့် မူးယစ်ဆေးစွဲလူငယ်များအား စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းတို့မှ အသွင်ပြောင်းလူငယ်များ မွေးထုတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးနှင့် လူငယ်များအတွက် လူငယ်သင်တန်းကျောင်း ၁၀ ကျောင်းဖွင့်လှစ်၍ လေလွင့်ကလေးငယ်များ၊ လမ်းပေါ်နေကလေးများ၊ ကလေးသူငယ်တရားရုံးမှ အမိန့်ချမှတ်၍ အကျင့်စာရိတ္တပြုပြင်ရန် ပို့အပ်သော ကလေးများ၊ ကလေးသူငယ်တရားရုံးတွင် ကလေးသူငယ်ဥပဒေပုဒ်မ(၃၂)အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူများအား လက်ခံ၍ အခြေခံစားဝတ်နေရေး ဖြည့်ဆည်းပေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လူမှုဝန်ထမ်း နည်းလမ်းများဖြင့် ဆောင်ရွက်ပေးခြင်း၊ အတန်းပညာ၊သက်မွေးပညာများ သင်ကြားပေးခြင်းနှင့် သင်ကြားနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်း၊ မှတ်ပုံတင်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **နေပြည်တော်၌ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန်အတွက် မြေနေရာရရှိရေး၊ အဆောက်အအုံများ တည်ဆောက်ရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များ၊ ခွင့်ပြုဘဏ္ဍာရေး ရန်ပုံငွေ ရရှိရေးကိစ္စများ၊ ဖွဲ့စည်းပုံကိစ္စများ စသည်တို့ကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ရေး အလေးပေးစရာ

## ဦးအေးလွင်

ကျောင်းသားဘဝကို ဖြတ်သန်းလာခဲ့ရသူတိုင်း တွေ့ကြုံရသည့် အခက်အခဲတစ်ခုမှာ စာမေးပွဲအောင်မြင်ရေးပင်ဖြစ်သည်။ ထူးချွန်စွာ အောင်မြင်လိုသည်ဖြစ်စေ သာမန်မျှအောင်မြင်လိုသည်ဖြစ်စေ ယင်းတို့အတွက် ပေးဆပ်ရသည့်အတိုင်းအတာသည်ရှိနေမည်သာ ဖြစ်သည်။ ကြိုးစားမှုမှန်ကန်ပါမှ အောင်မြင်မှုအတိုင်းအတာ ကြီးစွာရရှိနိုင်မည်ဖြစ်သည်။ အချို့သော ကျောင်းသားများ ပုံမှန်ကြိုးစားသွားရုံဖြင့် အောင်မြင်မှုကြီးကြီးမားမား ရရှိခဲ့ကြသူများရှိသကဲ့သို့ မအိပ်မနေကြိုးစားသော်လည်း အောင်မြင်မှုပန်းတိုင်ကို မရောက်ဘဲ လမ်းတစ်ဝက်ဖြင့် ပညာရေးနယ်ပယ်မှ ထွက်ခွာခဲ့ရသူများမှာလည်း မနည်းလှပေ။ မိမိ၏ ကြိုးစားအားထုတ်မှုသည် နည်းမှန်လမ်းမှန်ဖြစ်မှသာ ရည်မှန်းချက်အောင်မြင်ပေါက်မြောက်နိုင်မည်ဖြစ်ပေသည်။ စာမေးပွဲကို ထူးချွန်စွာအောင်မြင်လိုသော ကျောင်းသား ကျောင်းသူများအတွက် နည်းလမ်းကောင်းများကို ပေးလိုပါသည်။

**ရည်မှန်းချက်မြင့်မြင့်မားမားထားပါ**

ကျောင်းသား ကျောင်းသူတချို့အား စာမေးပွဲနှင့်ပတ်သက်၍ မည်သို့ရည်မှန်းချက်ထားသည်ကို သိရှိလိုသဖြင့် မေးကြည့်ဖူးပါသည်။ အောင်ရုံမျှသာ တော်ပါပြီဆိုသူရှိသကဲ့သို့ တစ်ဘာသာ၊ နှစ်ဘာသာဂုဏ်ထူးမှန်းထားသူများလည်းရှိပါသည်။ ဘာသာစုံဂုဏ်ထူး ရည်မှန်းထားပါသည်ဟု ဆိုသူမှာ အရေအတွက်နည်းလှပြီး တစ်နိုင်ငံလုံး အဆင့်(၁)မှ (၁၀)အတွင်း ရရှိလိုသူမတွေ့ရပါ။ တစ်ခါတစ်ရံစာမေးပွဲအောင်မြင်ဖို့ကိုပင် မမှန်းရဲသူပင်တွေ့ရတတ်ပါသည်။ ရည်မှန်းချက်မရှိသူသည် တက်မပါသောလှေဖြင့် ခရီးသွားသူနှင့်တူကြောင်း သတိပြုရမည်ဖြစ်ပါသည်။ ရည်မှန်းချက်ထားသည်ဆိုရာတွင် ရည်မှန်းချက်မြင့်မြင့်မားမားထားရန်လိုကြောင်း သတိပေးလိုပါသည်။ အောင်ရုံမျှဖြင့် တော်ပါပြီဆိုသည့် ရည်မှန်းချက်မျိုးမဖြစ်သင့်ပါ။ မိမိလေ့လာသင်ကြားရသောဘာသာရပ်အားလုံးကို ထူးချွန်စွာအောင်မြင်ရေးရည်မှန်းချက်မျိုးထားရန် လိုအပ်လှပါသည်။ မတန်မရာရည်မှန်းသည်ဟု မမှတ်ယူသင့်ပါ။ အောင်ရုံဖြင့်တော်ပါပြီဟု ရည်မှန်းထားပါက ခြေချော်လက်ချော် စာမေးပွဲကျရှုံးမှုမျိုးကြုံတွေ့နိုင်ပါသည်။ ဘာသာစုံဂုဏ်ထူးရလိုသည် ရည်မှန်းပါက ရည်မှန်းချက်ပေါက်မြောက်ရန်အတွက် ကြိုးစားအားထုတ်မှုက ပါလာရတော့မည်ဖြစ်ပါသည်။ ကြိုးစားအားထုတ်မှုပါလာသည့်အတွက် အောင်စာရင်းတွင် ဂုဏ်ထူးဘာသာစုံမထွက်သည့်တိုင် တချို့တစ်ဝက်ဂုဏ်ထူးထွက်လာမည်ဖြစ်ပါသည်။ အနည်းဆုံးအဆင့်အဖြစ် အမှတ်(၄၀) အောင်ရုံမျှမက အမှတ်ကောင်းကောင်းရလာမည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။ အနိမ့်မှကြည့်လျှင် မြင်ကွင်းကျဉ်းသော်လည်း အမြင့်မှကြည့်လျှင် မြင်ကွင်းကျယ်ကျယ်မြင်ရမည်ဆိုသောအသိ မိမိစိတ်တွင် အမြဲတမ်းမှတ်ယူစွဲမြဲထားရန် လိုအပ်ပါသည်။

**အောင်မြင်လိုစိတ်မွေးမြူပါ**

လူတိုင်း အောင်မြင်လိုသည့်စိတ်ဆန္ဒမရှိဘဲ အောင်မြင်မှုကို ရမည်မဟုတ်ပါ။ အောင်မြင်လိုစိတ်ရှိသူသာ နောက်ဆက်တွဲလုပ်ငန်းအဖြစ် ကြိုးစားအားထုတ်မှုပါလာမည်ဖြစ်ပြီး အောင်မြင်မှုကို ဆွတ်ခူးနိုင်မည်ဖြစ်ပါသည်။ မည်သည့်အလုပ်မဆို အောင်မြင်လိုစိတ်ရှိလာပါက မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ကြိုးစားဆောင်ရွက်ကာ အောင်မြင်မှုရရှိလာမည် ဖြစ်ပါသည်။ ပညာရေးဌာနမှ အငြိမ်းစားအရာရှိကြီးတစ်ဦးက သူ၏အတွေ့အကြုံကို ပြောပြဖူးပါသည်။ သူအထက်တန်းကျောင်းအုပ်ဘဝက တက္ကသိုလ်ဝင်တန်းတွင် တစ်ကြိမ်ကျရှုံးပြီးသော ကျောင်းသားတစ်ဦးအား ကျောင်းပြန်လည်တက်ရောက်သင်ကြားခွင့်ပြုရေးအတွက် မိဘနှစ်ပါးကိုယ်တိုင် ကျောင်းလာအပ်သည်ကို ကြုံတွေ့ရသည်ဟုဆိုပါသည်။ သူတို့သားမောင်ကျောင်းသားသည် စာကြိုးစားမှုအားနည်းကြောင်း၊ အပျော်အပါးမက်ကြောင်း သားသမီး၏ပညာရေးအတွက်ကြောင့်သာ ကျောင်းပြန်အပ်ရခြင်းဖြစ်ကြောင်း မိဘများက ပြောပါသည်။ ထိုအခါ ဆရာကြီးက “ခင်ဗျားတို့သားကို ဒီနှစ် နှစ်ဘာသာဂုဏ်ထူးနဲ့အောင်အောင် ကျွန်တော်တာဝန်ယူပါတယ်” ဟု ပြောခဲ့သည်ကို မိဘများက မဖြစ်နိုင်ကြောင်း၊ အောင်ဖို့အတွက်ပင် မနည်းကြိုးစားရမည်ဖြစ်ကြောင်း ပြန်ပြောကြပါသည်။ သို့အတွက် အရပ်စကားဖြင့်ပြောရလျှင် ယင်းကျောင်းသားနှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မည်။ မအောင်မည် ကတိကဝတ်ပြုခဲ့သည်ဟု ဆိုပါသည်။ ဆရာကြီးက ကျောင်းသားဘက်သို့ လှည့်၍ “ကဲ ဆရာကတော့ သားဘက်ကနေပြောလိုက်ပြီ။ သားသဘောကရော ဘယ်လိုလဲ” ဟုမေးရာ ဆရာကြီး နေသာနေလိုက်ပါ၊ ဆရာကြီးနိုင်စေရမယ်” ဟု ပြန်ပြောခဲ့ပါသည်။ ထိုနှစ်စာမေးပွဲတွင် ယင်းကျောင်းသားသည် အမှန်တကယ် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သွားခဲ့ပါသည်။ ဆရာကြီးက ပြောပါတယ်။ ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်မိတယ်ဗျာ။ ကျွန်တော် တာဝန်ယူတယ်ပြောတဲ့ ဘာသာအရေအတွက် နည်းသွားလို့”ဟု ဆိုပါသည်။ ထိုကျောင်းသား နှစ်ဘာသာဂုဏ်ထူးဖြင့် အမှန်တကယ်အောင်မြင်ခဲ့သည်မှာ အောင်မြင်လိုစိတ်ကြောင့် ဖြစ်ပါသည်။ မိမိ၏ မိဘများကပင် မိမိဘက်၌မရှိဘဲ ကျောင်းအုပ်ကြီးက မိမိဘက်မှတာဝန်ယူသည်ဆိုသည့်အတွက် မိမိဘက်သား ဆရာကြီးကို နိုင်စေလိုခြင်းကပင် အောင်မြင်မှုအတွက် စေ့ဆော်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မည်သည့်အလုပ်ပင်ဖြစ်ပါစေ အောင်မြင်လိုစိတ်ကို မွေးမြူထားရမည်ဖြစ်ပါသည်။

**အတုယူဖွယ်၊ အားကျစရာများထားရှိပါ**

သတင်းစာများတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်နိုင်ငံလုံးအဆင့် (၁) မှ (၁၀)အတွင်း ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးသည့် သတင်းဓာတ်ပုံများ တွေ့ဖူးကြမည်ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးရုံးခန်းအတွင်း ပညာသင်ကြားရေးကိစ္စများဖြင့် ဝင်ကြသည့်အခါတိုင်း အခန်းနံရံတွင် ချိတ်ဆွဲထားသည့် ကျောင်းဂုဏ်ဆောင်လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်ဘာသာရပ်ဂုဏ်ထူးဆုရရှိသူများ၏ ဓာတ်ပုံများ ချိတ်ဆွဲထားသည်ကိုလည်း မြင်ကြရမည်ဖြစ်ပါသည်။ ထိုဓာတ်ပုံရှင် ကျောင်းသား ကျောင်းသူများကို အားကျအတုယူသင့်ပါသည်။ ထိုကဲ့သို့ပင် မိမိ၏ဓာတ်ပုံကိုလည်း ကျောင်းအုပ်ကြီးရုံးခန်းတွင် ချိတ်ဆွဲစေရမည်ဟု စိတ်ပိုင်းဖြတ်ကြိုးစားရမည် ဖြစ်ပါသည်။ စာရေးသူတို့ကျောင်းသားဘဝက တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို သတင်းစာတွင်ဖတ်ပြီး အောင်မြင်သဖြင့် အပျော်ကြီးပျော်သွားသော ကျောင်းသားကြီးတစ်ယောက်ကို တွေ့ရဖူးပါသည်။ ထိုစဉ်က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူမများလှသေးပါ။ အောင်မြင်သူမှာလည်း အတော်ပင်နည်းပါးသည်။ ခုဂဏန်း၊ ဆယ်ဂဏန်းမျှသာဖြစ်ပြီး အောင်စာရင်းကို သတင်းစာများတွင် စောင့်ဖတ်ရပါသည်။ ထိုကျောင်းသားကြီးကဲ့သို့ပင် မိမိကိုယ်တိုင်လည်း တက္ကသိုလ်ဝင်တန်းအောင်စာရင်းတွင် မိမိအမည်ကို ဖတ်ရပြီး အောင်ချင်လာမိသည့်အတွက် ကြိုးစားခဲ့သဖြင့် အောင်မြင်မှုရလဒ်ကို ဆုပ်ကိုင်နိုင်ခဲ့ပါသည်။ ထွက်ပေါ်လာမည့် အောင်စာရင်းတွင် မိမိအမည်ပါစေရမည်။ တစ်ယောက်တည်းအောင်သည်ဆိုလျှင်ပင် မိမိဖြစ်ရမည်ဆိုသော စိတ်ဓာတ်မွေးမြူကြိုးစားရန် သင့်ပေသည်။

**လေ့ကျင့်ရေးကွင်းကို အတိအကျသိရှိအသုံးချပါ**

စာပေပညာများသင်ကြားရာတွင် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို အခန်းဆုံးစစ်ဆေးခြင်း၊ လပတ်စစ်ဆေးခြင်း၊ နှစ်ဝက်စစ်ဆေးခြင်း၊ အကြိုစစ်ဆေးခြင်း စသည်တို့ဖြင့် တတ်မြောက်မှုအရည်အသွေးကို စစ်ဆေးလျက်ရှိပါသည်။ ယင်းသို့စစ်ဆေးရာတွင် အချို့သော ကျောင်းသား ကျောင်းသူများသည် တလေးတစားကြိုးစားဖြေဆိုသူများရှိသကဲ့သို့ အလေးမထား ပြီးစလွယ် ပေ့ါပျက်ပျက် သဘောထားသူများလည်း ရှိတတ်ပါသည်။ တတ်မြောက်မှုစစ်ဆေးခြင်းဟူသမျှသည် မိမိအတွက် အလေ့အကျင့်ကောင်း တစ်ခုဖြစ်နေသည်ဆိုခြင်းကို သတိပြုရမည်ဖြစ်ပေသည်။ ကျောင်းက စစ်သော စာမေးပွဲက အရေးမပါ၊ အတန်းတင်စာမေးပွဲအောင်မှသာ အောင်သည်ဟု ယူဆနေပါက မှားယွင်းသည့် အယူအဆဖြစ်သွားပါမည်။

သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းမှန်သမျှကို ခြင်္သေ့တို့ထုံး နှလုံးမူ၍ ကြိုးစားဖြေဆိုရမည်ဖြစ်ပါသည်။ ခြင်္သေ့တို့သည် သားကောင်ကို ဖမ်းဆီးရာတွင် ကြီးသည် ငယ်သည်မဟူ အားထုတ်မှုအတူတူပင် ဖြစ်ပါသည်။ စာမေးပွဲကို ထူးချွန်စွာအောင်မြင်လိုသူ ကျောင်းသား ကျောင်းသူများအတွက် အခန်းဆုံးစစ်ဆေးခြင်း၊ လပတ်စစ်ဆေးခြင်းများသည် အလေ့အကျင့်ကောင်းကောင်းရစေသည့် လေ့ကျင့်ရေးကွင်းများဖြစ်သည်ကို သတိပြုသင့်လှပါသည်။ အခန်းဆုံးစစ်ဆေးမှုတစ်ခု (သို့) လပတ်စာမေးပွဲတစ်ခုကို ဖြေဆိုလိုက်ခြင်းဖြင့် မိမိမသိရှိ၊ မလေ့လာရသေးသည့်အချက်များ၊ မိမိနားလည်မှုလွဲမှားနေမှုများ ပြည့်စုံတိကျမှုမရှိသေးသည်များပေါ်ထွက်လာပြီး နောက်တစ်ကြိမ် စစ်ဆေးမှုများတွင် ပြုပြင်သွားနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ဖြင့် တစ်ကြိမ်ပြီး တစ်ကြိမ် ပိုမိုကောင်းမွန်စွာ ဖြေဆိုလာနိုင်မည်ဖြစ်ပြီး ဖြေဆိုမှုစံချိန်ကောင်းများရရှိကာ နောက်ဆုံးအတန်းတင်စာမေးပွဲတွင် အကောင်းဆုံးအနေအထားဖြင့် ဖြေဆိုနိုင်မည်ဖြစ်ပြီး ထူးချွန်စွာအောင်မြင်မှုကို ရရှိလာကြမည်ဖြစ်ပါသည်။ နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အဆင့်(၁)မှ (၁၀)အတွင်း ထူးချွန်စွာအောင်မြင်ခဲ့သော ထူးချွန်ကျောင်းသား ကျောင်းသူများသည် ကျောင်းတွင်းစစ်ဆေးသည့် အခန်းဆုံးစစ်ဆေးမှု၊ လပတ်စစ်ဆေးမှုများကို တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းအောင်ကြိုးစားလေ့ကျင့်ခဲ့ကြသူများဖြစ်ကြောင်း တွေ့ရပါသည်။

**တတ်မြောက်မှုစစ်ဆေးခြင်းဟူသမျှသည် မိမိအတွက် အလေ့အကျင့်ကောင်း တစ်ခုဖြစ်နေသည်ဆိုခြင်းကို သတိပြုရမည်ဖြစ်ပေသည်။ ကျောင်းကစစ်သော စာမေးပွဲက အရေးမပါ၊ အတန်းတင်စာမေးပွဲအောင်မှသာ အောင်သည်ဟု ယူဆနေပါက မှားယွင်းသည့် အယူအဆဖြစ်သွားပါမည်။**

**စာကြည့်သည့်ပုံစံ နည်းလမ်းမှန်ပါစေ**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတချို့အား စာဘယ်လိုကြည့်ကြသလဲ၊ ဘယ်လောက်ကြည့်ကြသလဲ မေးမြန်းစူးစမ်းမိပါသည်။ အများစုက ဘယ်အချိန်အထိ နေ့စဉ်စာကြည့်ခဲ့သည်ဟူ၍ ဖြေကြပါသည်။ အချိန်သတ်မှတ်စာကြည့်ကြသူများပါသည်။ အနည်းငယ်သော အရေအတွက်ကသာ အချိန်သတ်မှတ်ပြီး စာမကြည့်ပါ။ သင်ခန်းစာအလိုက် ပိုင်းဖြတ်ပြီး ကြည့်ပါသည်ဟု ဖြေပါသည်။ စာလေ့လာကျက်မှတ်သည့်ပုံစံမှန်ကန်ရန် လိုပါသည်။ အချို့ ည ၇နာရီမှ ၁၂ နာရီအထိ နေ့စဉ် ၅နာရီ စာကြည့်သည်။ လေ့လာကျက်မှတ်သည်ဟု အချိန်ဖြင့် ပိုင်းဖြတ် စာကြည့်ကြပါသည်။ အချိန် ဖြင့် ပိုင်းဖြတ်စာကြည့်မှုမျိုးသည် တစ်ခါတစ်ရံလေလွင့်ဆုံးရှုံးမှုများ ရှိနိုင်ပါသည်။ စာကြည့်စားပွဲတွင် စတင်ထိုင်ကတည်းက မည်သည့်ဘာသာရပ်ကြည့်မလဲစဉ်းစားရင်း အချိန်ကုန်လွန်မှုမျိုး၊ ငါ့မှာစာကြည့်ချိန်ရှိနေသေးတယ်ဟု မှတ်ယူခြင်းမျိုးဖြင့် တန်ဖိုးရှိသောအချိန်ကို ဖြုန်းတီးတတ်မှုမျိုး ဖြစ်တတ်ပါသည်။ ဘာသာရပ်တစ်ခုကို သတ်သတ်မှတ်မှတ်ဖြင့် မည်သည့် သင်ခန်းစာ၊ မည်သည့်အခန်းကို ယနေ့ကျက်မှတ်လေ့လာမည်ဟု ပိုင်းဖြတ်ကျက်မှတ်သင့်ပါသည်။ ဤကဲ့သို့ကျက်မှတ်လေ့လာပါက ဘာသာရပ်ရွေးချယ်နေမှုဖြင့် အချိန်ကုန်မှုမျိုး၊ အချိန်ရှိသေးသည်ဟု မှတ်ယူနားနေမှုမျိုးမရှိတော့ဘဲ သတ်မှတ်သင်ခန်းစာကို နားလည်သိရှိသည်အထိ ကျက်မှတ်သွားရန်သာ ဖြစ်ပါသည်။ သတ်မှတ်ထားသည့်သင်ခန်းစာကို ပြည့်စုံစွာနားလည်သည်ဆိုလျှင် မည်မျှ အချိန်ကျန်နေပါစေ အနားယူအပန်းဖြေနိုင်မည် ဖြစ်ပါသည်။

သတ်မှတ်ထားသည့် သင်ခန်းစာကို ပိုင်းဖြတ်ကျက်မှတ်ပြီး အချိန်ပို၍ အခြားသင်ခန်းစာကို ဆက်လက်လေ့လာလိုလျှင် လေ့လာ(သို့)စိတ်အပန်းဖြေစရာ သီချင်းဆို(သို့) သီချင်းနားထောင်ခြင်းဖြင့် စိတ်လက်ပေ့ါပါးမှုကို ရရှိစေမည်ဖြစ်ပါသည်။

**ကိုယ်ရောစိတ်ပါလန်းဆန်းမှုရှိပါစေ**

ကာယအလုပ်လုပ်သူ(သို့)ဉာဏအလုပ်လုပ်သူ မည်သူမဆို ကိုယ်ပင်ပန်း စိတ်ပင်ပန်းနွမ်းနယ်မှုရှိကြစမြဲဖြစ်ပါသည်။ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်မှုအတွက် လုံလောက်သော အပန်းဖြေနားနေမှုမျိုးလိုအပ်ပေသည်။ အိပ်စက်နားနေခြင်းသည် အကောင်းဆုံးအပန်းဖြေမှုတစ်ခုဖြစ်ပေသည်။ သို့အတွက် စာပေကျက်မှတ်လေ့လာနေသော ကျောင်းသားတစ်ယောက်အတွက် အိပ်ရေးဝနေစေရန် အထူးအရေးကြီးပါသည်။ လူတစ်ဦးနှင့်တစ်ဦး ခန္ဓာကိုယ်ဖွဲ့စည်းပုံချင်းမတူသည့်အတွက် အိပ်စက်အနားယူချိန်လည်း မတူနိုင်ပါ။ မိမိ၏ ကိုယ်ရောစိတ်ပါလန်းဆန်းစေနိုင်သည့် အိပ်ချိန်ကို မိမိအသိဆုံးဖြစ်ပါသည်။ မိမိအနားယူသင့်သည့်အိပ်ချိန်ကို လျော့သွားစေနိုင်သည့် အချိန်လွန်အောင် စာကျက်မှတ်လေ့လာမှုမျိုး မပြုလုပ်သင့်ပါ။ ကျောင်းသားကလေးက ကြိုးစားလိုက်တာ၊ ညဆိုရင်တစ်ချက်၊ နှစ်ချက်အထိ စာကြည့်တယ်ဟူ၍ ချီးကျူးခံရမှုမျိုးကို လက်မခံသင့်ပါ။ စာကြည့်ရင်းအိပ်ချင်စိတ်ပျောက်အောင် လက်ဖက်သုပ်၊ အချဉ်ထုပ်ကျွေးခြင်းမျိုးကိုလည်း မသုံးဆောင်သင့်ပါ။ အိပ်ရေးဝမှ ကိုယ်ရောစိတ်ပါလန်းဆန်းပြီး စာလေ့လာကျက်မှတ်မှု ပိုမိုထိရောက်သည်ကို သိရှိရန်လိုအပ်ပေသည်။

မိတ်ဆွေတစ်ယောက်၏ အတွေ့အကြုံကို တင်ပြလိုပါသည်။ သူ၏ သမီးသည် စာသိပ်မည့်လှပါ။ အိမ်တွင်နေပြီး ပုံမှန်ကျက်မှတ်လေ့လာလျှင်ပင် ဂုဏ်ထူးတစ်ခု၊ နှစ်ခု ထွက်နိုင်သည့်ကလေးမျိုးဖြစ်ပါသည်။ သားသမီးအပေါ် ဖြစ်စေချင်လွန်းသော မိဘဆန္ဒကြောင့် ဘော်ဒါဆောင်တစ်ခုတွင် ငွေကုန်ကြေးကျခံကာ သွားရောက်အပ်နှံပညာသင်စေခဲ့ပါသည်။ ဘော်ဒါဆောင်တာဝန်ခံကလည်း ညဥ့်နက်အောင်အိပ်ပျက်ခံ စာကျက်စေသလို စာမေးပွဲရက်အတွင်းမှာပင် အရေးကြီးသည်ဟုဆိုကာ အိပ်ရာမှနှိုးပြီး စာသင်ပေးခဲ့ပါသည်။ ကံကောင်း၍စာမေးပွဲအောင်သွားပါသည်။ ဂုဏ်ထူးမထွက်သည့်အပြင် အမှတ်ပါမကောင်းတော့သည်ကို ကြုံတွေ့ခဲ့ရပါသည်။ ကိုယ်ရောစိတ်ပါ မလန်းဆန်းဘဲ ပင်ပန်းနွမ်းနယ်မှုဒဏ်ကို ခံစားရခြင်းဖြစ်ပါသည်။ လူတိုင်း အိပ်ချင်မူးတူးဖြင့် စာရေးဖူးကြပါလိမ့်မည်။ စာလုံးပီပြင်အောင် ရေးနိုင်ရန် မလွယ်ကူကြောင်း တွေ့ရပါလိမ့်မည်။ လုံလောက်သော အပန်းဖြေနားနေမှုမရှိလျှင် ဦးနှောက်ကြည်လင်မှု ရှိမည်မဟုတ်ပါ။ လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ စေခိုင်းသူ Commander ဖြစ်သည့် ဦးနှောက်က မကြည်လင် မလန်းဆန်းဘဲ မည်သည့်အလုပ်မှ ကောင်းမွန်ချောမောစွာ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

**စိတ်ပူပန်မှု မများပါစေနဲ့**

စာမေးပွဲတစ်ခုဖြေဆိုတော့မည်ဆိုလျှင် စိတ်ပူပန်မှုဖြစ်သည်မှာ သဘာဝပင်ဖြစ်ပါသည်။ စိတ်ပူပန်မှုသည် ကြိုးစားလိုသောစိတ်ကို အားပေးသည့် ကောင်းသောသဘာဝပင်ဖြစ်သည်။ သို့သော်လည်း စိတ်ပူပန်မှုများလွန်းလျှင်ကား

**စာမျက်နှာ ၇ သို့** ❖

## ပြင်ဆင်ဖတ်ရှုပါရန်

**၁၄-၂-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ ပါ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သတင်း၏ ကော်လံ ၁ တတိယပိုဒ်စာကြောင်းရေ ၉ တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် မှားယွင်းဖော်ပြမှုအတွက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်စာဖတ်ပရိသတ်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။**

မြန်မာ့သတင်းစဉ်(ပြည်တွင်း) စာတည်းအဖွဲ့

# တစ်ယောက်မှတစ်ရာ ဆင့်ပွားသိသွားစေလိုပါသည်

## (ဆွေညီ)

**ကိုဒင်ရေ . .**

မနေ့က မြင့်ထွန်းဆိုတဲ့ သူငယ်ချင်းတစ်ယောက် ကျွန်တော့်ဆီ ဖုန်းဆက်လာတယ်။

သူက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ "ဆန္ဒပြနေတာတွေ သိသလား" တဲ့။ ကျွန်တော်က "သိတယ်။ ဒေါ်နယ်လ်ထရန့်ကို အမေရိကန်မှာရော၊ မက္ကဆီကိုမှာရော၊ အာရှ၊ ဥရောပမှာ ဆန့်ကျင်ဆန္ဒပြနေတာတွေ သတင်းတွေထဲမှာ ဖတ်ရတယ်"ဆိုပြီး ချက်ဆိုနားခွက်က မီးတောက်တယ်ဆိုတဲ့ ပုံစံနဲ့ ခပ်ကြွားကြွားလေး ဖြေလိုက်တာပေါ့။

သူက "ရှစ်"ဆိုပြီး ရေရွတ်တာနဲ့ သူလိုချင်တဲ့ အဖြေမဟုတ်သေးဘူးဆိုပြီး "သြော် ဆောရီး၊ ဗယ်လင်တိုင်းနေ့ဆင်နွှဲဖို့ ပြင်နေကြတာကို ဂျပန်နိုင်ငံမှာ ဆန္ဒပြတာမဟုတ်လား"လို့ ဒါလေးများ သိပါတယ်ဆိုတဲ့ ပုံစံနဲ့ ထပ်ဖြေလိုက်တယ်။ အဲဒီမှာ သူ့ဆီက စိတ်ပျက်တဲ့လေသံ ချက်ချင်းထွက်လာတာပဲ။

ဒါနဲ့ "စစ်ပွဲထောက်ခံတာတွေ၊ စစ်ပွဲရပ်ဆိုတာတွေ ဆန္ဒပြတာလည်းသိတယ်လေ၊ အဲဒါက Update မဖြစ်တော့ဘူးလေ"လို့ အထွန့်တက်လိုက်မိတယ်။ နောက်ထပ် မေးရင်တော့ မြစ်ဆုံစီမံကိန်းရပ်ဆိုပြီး ဆန္ဒပြတာတွေ၊ တံတားနာမည်နဲ့ပတ်သက်ပြီး ဆန္ဒပြတာတွေ၊ ရုပ်တုကိစ္စ ဆန္ဒပြတာတွေသိတယ်လို့ ဖြေဖို့ ခေါင်းထဲမှာ အစီအရီ စဉ်းစားထားတယ်။

သူက မင်းညံ့သေးတယ်ဆိုတဲ့ပုံစံမျိုးနဲ့ "ငါဆိုလိုတာက အခု မေယု FM စမ်းသပ်ထုတ်လွှင့်နေတဲ့ အပေါ် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ တောင်ကုတ်၊ မြောက်ဦး၊ မြေပုံ၊ ကျောက်တော်တို့မှာရော၊ အခြားနေရာတွေမှာပါ ဆန္ဒဖော်ထုတ်နေတာကို ပြောတာကွ"ဆိုတော့မှ "အေး ဒါလား။ ဆန္ဒပြတာတွေကတော့ အကြောင်းအရာအမျိုးမျိုး၊ နေရာအမျိုးမျိုးမှာ ရှိနေတာမို့ ချက်ချင်းတော့ ဆိုလိုရင်းဖမ်းဖို့ ခက်တာပေါ့"လို့ စောဒက တက်လိုက်တာပေါ့။

သူဘာမှ ဆက်မပြောသေးခင် ကျွန်တော်လည်း ငါ့စကားနွားရ ထပ်လုပ်လိုက်သေးတယ်။ "မင်းလည်း သိတဲ့အတိုင်းပဲ ငါက ကျောင်းတုန်းက ငါတို့ သူငယ်ချင်းတွေပြောတဲ့ အပြစ်ပေးရင် အပြစ်ယူလိုက်တာပေါ့၊ အရေးယူရင် အရေးပေးလိုက်တာပေါ့လို့ ပြောင်နောက်နေတဲ့သူလေ"ဆိုပြီး အထူးအဆန်းမဟုတ်တာတွေ အထူးအဆန်းလုပ် ဖုန်းဆက်တဲ့ သူငယ်ချင်း မြင့်ထွန်းကို ရွဲ့ပြီး ပြန်ပြောမိတယ်။

သူက ဒီအခါကျတော့ စိတ်ရှည်လက်ရှည် ပြန်ရှင်းပြပြန်ရော ကိုဒင်ရ။ ခုနက ဖုန်းဆက်ဆက်ချင်းပုံစံနဲ့ မတူတော့ဘဲ ကျောင်းဆရာလုပ်ခဲ့ဖူးတဲ့ သူမို့ တပည့်တစ်ယောက်ကို ရှင်းပြသလို ရှင်းပြတော့တာပဲ။

သူက ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသကို ပြီးခဲ့တဲ့လက ရောက်ခဲ့တာမို့ ဒေသအကြောင်း သိတယ်။ သူပြောတာက အဲဒီဒေသမှာ မြန်မာစကား၊ ရခိုင်စကားတတ်တဲ့သူ တော်တော်နည်းတာကို တွေ့ခဲ့ရတယ်တဲ့။ ဒါကြောင့် သူတို့ဘာသာစကားနဲ့ ထုတ်လွှင့်တာမျိုး လုပ်ကိုလုပ်ဖို့ လိုတယ်လို့ ဆွေးနွေးတယ် ကိုဒင်။

သူက သူ ပြည်ပနိုင်ငံတော်တော်များများကို တာဝန်နဲ့ ရောက်ဖူးတယ်တဲ့။ ထိုင်းကို ရောက်တဲ့အချိန်မှာ ထိုင်းလိုပဲ ပြောတတ်တဲ့သူနဲ့ တွေ့တဲ့အခါ၊ တရုတ်မှာ အများစုက တရုတ်လိုပဲ ပြောတာမို့ ဈေးဝယ်ရင် ဂဏန်းတွက်စက်ကို အပြန်အလှန်လုယူပြီး ဈေးစစ်ရ၊ ဈေးစကားပြောရတဲ့အခါ၊ ဗီယက်နမ်မှာ၊ ဂျပန်မှာ အင်္ဂလိပ်လိုပြောတတ်တဲ့သူနဲ့ တွေ့ရင် တော်ရဲ့၊ အင်္ဂလိပ်လို မတတ်တဲ့သူတွေနဲ့ တွေ့တဲ့အခါ ဆက်ဆံ၊ ဆက်သွယ်ရတာ အဆင်မပြေတာကို ဥပမာ ဥပမေယျတွေနဲ့ ရှင်းပြတယ်ဗျ။ ထိုင်းမှာ အနှိပ်ခန်းသွားတုန်းက စကားမပေါက်တော့ ဟာသတွေဖြစ်ခဲ့တာလည်းပါရဲ့ဗျ။ နောက်တွေ့မှ ပြောပြပါဦးမယ်။

Body Language လို့ဆိုတဲ့ လက်ဟန်ခြေဟန်နဲ့ ဆက်ဆံပြောဆိုတာက သာမန် ထမင်းစားရေသောက်လောက်ပဲ အလုပ်ဖြစ်တာတဲ့။ ကိုယ်ပြောလိုတာကို ပြောဖို့ဆိုတာ ဘာသာစကားက သိပ်အဓိကကျတယ်တဲ့ ပြောတယ်။

လက်ရှိဖမ်းယူရရှိနေတဲ့ ထုတ်လွှင့်မှုတွေလည်း သူရောက်တုန်းက ကြားခဲ့ရတယ်လို့ ပြောပါတယ်။ သူတို့ ဘာသာစကားတတ်တဲ့သူနဲ့ ထုတ်လွှင့်တာတွေ ဘာသာပြန်ခိုင်းတော့ သူတို့ရဲ့ထုတ်လွှင့်တာတွေက ကျန်းမာရေး၊ ပညာရေးတွေ၊ ကိုယ်နေထိုင်တဲ့ နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဘာသာစကားကို အလေးထားဖို့၊ လေးစားဖို့ စတာတွေ မပါဝင်ဘဲ အစွန်းရောက်အယူအဆတွေ ထုတ်လွှင့်မှုတွေပဲမို့ မေယု FM ထုတ်လွှင့်မှုဟာ လုံးဝလိုအပ်တဲ့ အခြေအနေပါတဲ့။ သူတို့ဆီက ဝက်ဘ်ဆိုက်တွေကနေ ဖြန့်ချိနေတဲ့ ဟာတွေမှာလည်း အစွန်းရောက်အတွေးအခေါ်၊ အယူအဆတွေပဲ ဖြစ်နေတယ်တဲ့။

လက်ရှိဖမ်းယူရရှိနေတဲ့ ထုတ်လွှင့်မှုတွေလည်း သူရောက်တုန်းက ကြားခဲ့ရတယ်လို့ ပြောပါတယ်။ သူတို့ ဘာသာစကားတတ်တဲ့သူနဲ့ ထုတ်လွှင့်တာတွေ ဘာသာပြန်ခိုင်းတော့ သူတို့ရဲ့ထုတ်လွှင့်တာတွေက ကျန်းမာရေး၊ ပညာရေးတွေ၊ ကိုယ်နေထိုင်တဲ့ နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဘာသာစကားကို အလေးထားဖို့၊ လေးစားဖို့စတာတွေ မပါဝင်ဘဲ အစွန်းရောက်အယူအဆတွေ ထုတ်လွှင့်မှုတွေပဲမို့ မေယု FM ထုတ်လွှင့်မှုဟာ လုံးဝလိုအပ်တဲ့ အခြေအနေပါတဲ့။ သူတို့ဆီက ဝက်ဘ်ဆိုက်တွေကနေ ဖြန့်ချိနေတဲ့ဟာတွေမှာလည်း အစွန်းရောက်အတွေးအခေါ်၊ အယူအဆတွေပဲ ဖြစ်နေတယ်တဲ့။

တကယ်က ဒီဒေသမှာ ဟိုးအရင်ကတည်းက လုပ်ဖို့လိုအပ်တာ ဖြစ်ပေမယ့် "စလုပ်ရင် မနှောင်းဘူး"ဆိုသလို အခု ထုတ်လွှင့်မှုကိုလည်း နောက်မတွန့်သွားဖို့ သူကတော့ တာဝန်ရှိသူတွေကို အကြံပေးချင်တယ်လို့ ဆိုတယ် ကိုဒင်ရ။

အမျိုးသမီးတွေအနေနဲ့ သားဆက်ခြားရေး၊ မွေးကင်းစကလေး ပြုစုပျိုးထောင်ရေး၊ ကာကွယ်ဆေးထိုးနှံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စတဲ့အခြေခံ ဗဟုသုတတွေမှာ အလွန်အားနည်းတာကို သတိပြုမိခဲ့တာမို့ သူတို့ကို အသိပညာပေးတာတွေ ထုတ်လွှင့်ဖို့က သူတို့ဘာသာစကားနဲ့ အခုလို FM နဲ့ ပေါ့ပေါ့ပါးပါး ဖမ်းယူနိုင်မှ အဆင်ပြေမှာဖြစ်တယ်လို့ သူက ယူဆတယ်။ ကိုယ့်နိုင်ငံအတွင်းမှာ နေထိုင်တဲ့သူတွေအနေနဲ့ ကျန်းမာရေး၊ ပညာရေးနိမ့်ကျတာတွေ၊ ကူးစက်ရောဂါဖြစ်ပွားတာတွေက နယ်နိမိတ်မရှိဘဲ ပျံ့နှံ့တာမျိုးမို့ မလုပ်ရင်နေ၊ မတတ်ရင်နေ၊ မကာကွယ်ရင်နေပေါ့လို့ ပစ်ထားလို့ မရဘူးလို့ သူက ရှင်းပြပါတယ်။ ထုတ်လွှင့်မှုကနေ သက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာတွေ၊ မိုးလေဝသအခြေအနေဆိုင်ရာတွေ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာတွေလည်း အသိပေးနိုင်မယ်လို့ သိရပါတယ်။

ကျား၊ မ ခွဲခြားဆက်ဆံမှုတွေ၊ အမျိုးသမီးဆိုတာ နိမ့်ကျတယ်ဆိုတဲ့ အယူအဆ အမှားတွေ နားမယောင်ဖို့၊ လူမျိုးရေး၊ ဘာသာရေးတွေမှာ ခွဲခြားမှုမရှိဘဲ ဆက်ဆံနိုင်ဖို့၊ ကိုယ်ချင်းစာတရားထားရှိဖို့၊ လွတ်လပ်စွာ ပြောဆိုနေထိုင်ဖို့ဆိုတာတွေက အသိပညာရှိမှ ဆက်စပ်ဆောင်ရွက်နိုင်မယ့်ကိစ္စတွေဖြစ်တယ်။ ဒါကြောင့် ဒါကို ဆန္ဒပြနေသူတွေသိအောင် ပြောပြဖို့ လိုတယ်လို့ သူ့အယူအဆကို ပြောပြပါတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ကိစ္စမို့ နှစ်ဖက်စလုံးက လက်ခံဖို့ လိုတယ်လို့ သူက ပြောတယ်။ ကျွန်တော့်ကိုလည်း တတ်နိုင်တဲ့ဘက်က နှစ်ဖက်လူ့အဖွဲ့အစည်းတွေကို ပြောပြပေးဖို့ တောင်းဆိုခဲ့တယ် ကိုဒင်ရ။

**ကိုဒင်ရေ . .**

ကျွန်တော်က မြန်မာတွေပီပီ ချီးမွမ်းလည်း (၇) ရက်၊ ကဲ့ရဲ့လည်း (၇)ရက်ပါလို့ဆိုပြီး ဆန္ဒပြချင်တဲ့သူတို့စိတ်ဆန္ဒပြည့်ဝသွားရင် ပြီးသွားမှာပဲဆိုပြီး အရင်ကတော့ ခပ်ပေါ့ပေါ့ နေလိုက်မလို့ပဲ။ သူငယ်ချင်းက ဒီလို ဆန္ဒရှိတာမို့ ကျွန်တော်လည်း မနေသာလို့ ကိုဒင့်ဆီ စာရေးလိုက်တာပါ။ ကိုဒင်တို့ သတင်းစာတွေထဲမှာ ဒီကိစ္စကို အကျိုးအကြောင်း အဆိုးအကောင်း နှစ်ဖက်လူ့အဖွဲ့အစည်းကို ခေါင်းကြီး တစ်ပုဒ်လား၊ နှစ်ပုဒ်လား ရေးပြီး အသိပညာပေးတာ ဖတ်ရပါတယ်။ ဆက်ပြီး အသိပညာပေးတွေ ထည့်ပေးပါဦးလို့ တိုက်တွန်းချင်ပါတယ်။

သူငယ်ချင်းက ဘယ်ဘက်ကမှ ရပ်တည်ပြောဆိုခဲ့တာ မဟုတ်ဘဲ အကျိုးအကြောင်းနဲ့ win-win situation အနေနဲ့ ပြောဆိုခဲ့တာမို့ ကျွန်တော်က ဆန္ဒပြနေတဲ့သူတွေကိုလည်း တစ်ယောက်က တစ်ရာ အစရှိသဖြင့် ပေါ့ဗျာ သိသွားစေချင်ပါတယ်။ ဒါကြောင့် ကိုဒင့်ဆီ ဒီစာလေးကို လက်ဆင့်ကမ်းစကားလေးတွေ ထည့်ရေးရင်း ပို့လိုက်တာပါ။

ရွှင်လန်းချမ်းမြေ့ပါစေ။

---

❖ စာမျက်နှာ ၆ မှ

အနုတ်လက္ခဏာဖြစ်ပေသည်။ မိမိမသိသေးသော၊ မိမိမလေ့လာ မကျက်မှတ်ရသေးသော သင်ခန်းစာအတွက် ကြိုးစားလုပ်ဆောင်ရဦးမှာပါလား၊ အစီအစဉ်တကျ မှတ်သားလေ့လာရမှာပါလားဆိုသည့် စိတ်ပူပန်မှုမျိုးသည် ကောင်းပေသည်။ ငါစာတွေ မရသေးဘူး၊ စာမေးပွဲက နီးနေပြီ၊ ဘယ်လိုလုပ်မှာလဲ၊ အဖေကယ်ပါ၊ အမေကယ်ပါ၊ ဆရာမရေ လုပ်ပါဦးဆိုသည့် စိတ်ပူပန်မှုများခြင်းသည်ကား ဆုံးရှုံးမှုကို ဖြစ်စေနိုင်ပေသည်။

မလေ့လာမကျက်မှတ်ရသေးသော သင်ခန်းစာများကို စာရင်းလုပ်၍ ကျန်ရှိသည့်အချိန်ကာလနှင့်တွက်ကာ လေ့လာကျက်မှတ်ဖို့ စီစဉ်ရမှာဖြစ်သည်။ သို့မှသာ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

**မေးခွန်းဟောင်းများနှင့် စံပြအဖြေများကို လေ့လာပါ**

မိမိလေ့လာကျက်မှတ်ရမည့် သင်ခန်းစာများ အပြည့်အစုံလေ့လာကျက်မှတ်ပြီးရုံနှင့် ထူးချွန်စွာအောင်မြင်ရန် မလုံလောက်သေးပါ။ စာမေးပွဲတွင် မေးလေ့မေးထရှိသောပုံစံ၊ စာစစ်သူများ၏ အမှတ်ပေးစည်းမျဉ်းနှင့် ကိုက်ညီအောင် ဖြေဆိုထားမှုစသည်တို့ကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ ယခင်နှစ်များက စစ်မေးထားခဲ့သော မေးခွန်းလွှာများကို ပြန်လည်ဖြေဆိုကြည့်ပြီး အမှတ်ပေးစည်းမျဉ်းဖြင့် ကိုက်ညီအောင်ဖြေပြထားသော စံပြအဖြေများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးကြည့်ရမည်ဖြစ်သည်။ မိမိက အရေးမကြီးဟုထင်၍ ချန်လှပ်ခဲ့သော အကြောင်းအရာအချက်အလက်သည် သင်ခန်းစာအတွက် အဓိကကျသော အချက်အလက်အကြောင်းအရာဖြစ်နေပါက အမှတ်ပြည့်ရနိုင်တော့မည်မဟုတ်ပါ။ Law များ၊ Theory များ၊ Definition များသည် ပြဋ္ဌာန်းစာအုပ်များတွင် ဖော်ပြထားသည့် စာသားအတိအကျပြန်ရေးသင့်သော်လည်း မိမိစကားဖြင့် ပြန်ရေးသားမှုမျိုး ဖြေဆိုမိပါက အမှတ်ရရှိမည်မဟုတ်ပါ။ ပါသင့်ပါထိုက်သော အချက်အလက်များ၊ Unit များ၊ မှားယွင်းနိုင်သော သင်္ကေတအရေးအသားများကို စံပြအဖြေများဖြင့် တိုက်ဆိုင်စစ်ဆေးပြီး အမှန်ပြင်ဆင်ရေးသား ဖြေဆိုတတ်ရန် လိုအပ်ပါသည်။

**စာမေးပွဲခန်းတွင်းရောက်လျှင် စနစ်တကျလုပ်ဆောင်ပါ**

စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုပြုထားသူအတွက် စာမေးပွဲခန်းသည် ကြောက်စရာနေရာမဟုတ်ပါ။ မိမိတတ်သိထားသမျှကို အစွမ်းပြရမည့်နေရာဖြစ်ပါသည်။ စိတ်တည်ငြိမ်စွာဖြင့် စာမေးပွဲခန်းတွင်း ဝင်ရောက်နိုင်ရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင် လိုအပ်သည့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ ဘောပင်၊ ခဲတံ၊ ပေတံ စသည်တို့ကို အိမ်မှ မထွက်ခွာခင်ကတည်းက ပြည့်စုံအောင် စုစည်းယူဆောင်ရန်လိုပါသည်။ မိမိလေ့လာ ကျက်မှတ်ထားသင့်သည်များကို အပြည့်အစုံဆောင်ရွက်ပြီးပြီဟု စိတ်တွင်မှတ်သားကာ စာမေးပွဲခန်းတွင်း ဝင်ရန်လိုသည်။ စာမေးပွဲအခန်းတွင်းဝင်ခါနီးမှာ ဘာတော့အရေးကြီးတယ်တဲ့ဆိုသော တခြားသူများက ပြောသံများကို မကြားယောင်ဆောင်ကာ စိတ်အေးလက်အေးနေရန်လိုပါသည်။ စာမေးပွဲအခန်းတွင်း ရောက်လျှင် အဖြေလွှာစာအုပ်တွင် သတ်မှတ်ထားသောရွက်ရေပြည့်၊ မပြည့်၊ ကြီးကြပ်ရေးမှူးလက်မှတ်ပါ၊ မပါကို အရင်ကြည့်ရှုသင့်ပါသည်။ ပြီးမှ မိမိခုံအမှတ်၊ ဖြေဆိုရမည့်ဘာသာတို့ကို တစ်ကြိမ်တည်း မှန်ကန်စွာ ရေးသားဖြည့်သွင်းရပါမည်။ ဖြေဆိုရမည့် မေးခွန်းလွှာရလျှင် စာမျက်နှာအပြည့်ပါ၊ မပါ ကြည့်ရှုစစ်ဆေးရန် လိုပါသည်။ ပြီးပါက မေးခွန်းအားလုံးကို တစ်ကြိမ်ပြီးဆုံးအောင် ဖတ်ကြည့်သင့်ပါသည်။ မေးခွန်းအားလုံးဖတ်ကြည့်ပြီးပါက မေးခွန်း၏အဖြေကို မစဉ်းစားဘဲ ရေးသားဖြေဆိုနိုင်သော မေးခွန်းများကို ဦးစွာ ဖြေဆိုရပါမည်။ စဉ်းစားပြီးဖြေပါက ရနိုင်မည်ထင်သော မေးခွန်းမျိုးကို ဦးစွာမဖြေဆိုသင့်ပါ။ စဉ်းစားရင်းဖြင့် အချိန်ကုန်သွားတတ်၍ တိုက်ရိုက်ချရေးနိုင်သော အဖြေများ ဖြေဆိုခွင့်မရဖြစ်တတ်ပါသည်။ မေးခွန်းလွှာကို သတ်မှတ်ထားသောပုဒ်ရေ ဖြေဆိုနိုင်အောင် ကြိုးစားရမည်ဖြစ်ပါသည်။ ဖြေဆိုပြီးက ပြန်လည်စစ်ဆေးနိုင်ရေးအတွက် အချိန်ကို ချန်ရမည်ဖြစ်ပါသည်။ မိမိဆန္ဒစောမှုကြောင့် မှားယွင်းရေးသားမှုမျိုးကို ပြန်လည်စစ်ဆေး အမှန်ပြင်ပေးပါမှ အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ သတ်ပုံအမှားများ၊ ဖြေဆိုချိန်နှင့် ကိုက်အောင် အမြန်ရေးသားသည့်အတွက် စာလုံးအက္ခရာများ၊ ဂဏန်းများ ပူးသွား၊ တွဲသွားခြင်းမျိုးများကို ပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲကို ထူးချွန်စွာအောင်မြင်လိုပါက ဖော်ပြပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်က ကြီးမှူး ကျင်းပသည့်စာမေးပွဲမှာ တက္ကသိုလ်ဝင်စာမေးပွဲတစ်ခုတည်းသာ ရှိပေသည်။ ဘဝအတွက် တစ်ဆစ်ချိုးပြောင်းလဲပေးနိုင်သည့် အလှည့်အပြောင်းကာလဖြစ်ပေသည်။ စနစ်တကျနည်းလမ်းမှန်ကန်စွာဖြင့် လေ့လာကျက်မှတ်ကာ အောင်မြင်မှုပန်းတိုင်ကို ဆွတ်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း အကြံပြုရေးသားအပ်ပါသည်။ ။

❑ စာမျက်နှာ ၅ မှ

နေပြည်တော်ကောင်စီနယ်မြေတွင် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များ သင်ကြားသင်ယူနိုင်သော တက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်ပြီး လက်ရှိအခြေအနေတွင် စီစဉ်ဆောင်ရွက်ထားခြင်း မရှိသေးပါကြောင်း၊ နေပြည်တော်ကောင်စီက ပြန်ကြားထားသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းလုပ်ငန်းများ စာရင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၌ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန် ဆောင်ရွက်မည့် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးထွန်းလင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အဆိုရှင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက လွှတ်တော်သို့ တင်ပြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုအား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်၏ သဘောထားရယူ၍ ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# ကဝမြို့၌ လူထုလှုပ်ရှားမှု ပူးပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

**ကဝ ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီး၍ လူထုပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ ကဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကဝမြို့နယ်ဆေးရုံ အများသုံးရေကန်နှင့် အထက(၁)ငါးထပ် ကြီးဘုရားနေရာများ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက်ကလည်း ကဝမြို့နယ် သက္ကလမြို့ရှိ ဆေးရုံ၊ အထက၊ မြို့တွင်းလမ်းမကြီးများ၌လည်း လူထုပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ဇေယျာသီရိ ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာတွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးအကြောင်းနှင့် ကျည်တောင်ကျေးရွာအနီး ပေါင်းလောင်းရေအားလျှပ်စစ်ဝင်း မြောက်ဘက်ရှိ ရွှေကြောကျောက်ထွက်ကန့်သတ်နယ်မြေ၌ (ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄) ထုတ်ပြန်ထားသော တောင်စောက်တောင်ကြောတွင် တရားမဝင် ရွှေကျောက်ခိုးယူတူးဖော်ခြင်း မရှိစေရေးတို့ကို ကျေးရွာ ရပ်မိရပ်ဖများ၊ တက်ရောက်လာသော ပြည်သူများ၊ ရယကများနှင့် ဆွေးနွေးရှင်းလင်းခဲ့သည်။

အဆိုပါ ကန့်သတ်နယ်မြေ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက တရားမဝင် ရွှေသတ္တုပစ္စည်း ရှာဖွေခြင်းပြုလုပ်ခဲ့သူ ငါးဦးကိုလည်း မြန်မာ့သတ္တုတွင်းထွက်ဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**မေသုခ(မြန်မာ့အလင်း)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းစီမံရေးရာဌာန၏ အင်ဂျင်နီယာချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းစီမံရေးရာဌာန၏ အင်ဂျင်နီယာချုပ် Mr. Long Hong Shan နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လေ့လာသုတေသနပြုလုပ်ငန်းများ၏ အရေးပါမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်ပြိုင်ပွဲတွင် တပ်မတော်အားကစားနည်း ၂၉ မျိုးထဲမှ သတ်မှတ်ထားသည့် အားကစားနည်း ၁၄ မျိုးကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ စစ်သည်များအနေဖြင့် တစ်ဦးချင်း၏ အရည်အသွေးများ၊ အသင်းအဖွဲ့လိုက်အားကစားစွမ်းရည်များ တိုးတက်သည်ထက်တိုးတက်အောင် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် တပ်မတော်သားအားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့တွင် ဘောလုံးပြိုင်ပွဲ (က)အဆင့် ပထမအကြိုဗိုလ်လုပွဲအဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ၆ ဂိုး-၄ ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၁၉၉၇ခုနှစ် ဇူလိုင်လတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများနှင့် ဘဝဖွံ့ဖြိုးရေး၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ခံရမှုများ မရှိစေရေးတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ အခွင့်အရေး အပြည့်အဝရရှိခံစားနိုင်စေရန် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၃-၂၀၂၂) (National Strategic Plan for Advancement of Women-NSPAW)ကိုလည်း လုပ်ငန်းစဉ် (၁၂)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်ခံရသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအတွက် နားခိုရာနေရာများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် One Stop Women Support Center (OSWSC)ဖွင့်လှစ်နိုင်ရေးနှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းအစီအစဉ်များကိုလည်း ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ချမှတ်ထားသော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအဖွဲ့အစည်းများက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များတွင်ပါဝင်သော ရည်မှန်းချက်များနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**



❂ **မောင်တောမြို့နယ်မှ**

ပုံမှန် ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျေးရွာသားများနှင့်တွေ့ဆုံပြီး လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ရှိ မရှိနှင့် အကြမ်းဖက်ခံရခြင်းရှိ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

ထို့အတူ ကော်မရှင်အဖွဲ့ဝင်များသည် အဆိုပါကျေးရွာမှ အမျိုးသမီးများအား သီးခြားတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

တွေ့ဆုံမှုအပြီးတွင် ဒုတိယသမ္မတနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဦးရှည်ကျကျေးရွာသားများထံ ရေဒီယိုများ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အဆိုပါအလယ်တန်းကျောင်း၌ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေး ပေါင်းစည်းကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ဖြင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းနှင့် ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုသည်။

**(သတင်းစဉ်)**



**ကော်မရှင်အဖွဲ့၏ ညှိနှိုင်းအစည်းအဝေး၌ မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးရှည်ကျကျေးရွာမှ ရွာသားများအား ရေဒီယိုများ လက်ဆောင်ပေးစဉ်။** (သတင်းစဉ်)

## ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ပွဲ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဧကာဒသမအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၆) ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံးနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ စာပေဆုကော်မတီသို့ ဆက်သွယ်ရမည့်လိပ်စာမှာ အမှတ်(၂၃/၂၄) ဗဟိုစည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇ ဖြစ်သည်။

**(ကြေးမုံ)**

# စာပေမြင့်မှ လူမျိုးတင့်မည်



**တရားခံ အောင်ဝင်းခိုင်**

❒ **ကျောဖုံးမှ**

၄။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ခန့်တွင် သေနတ်ဝယ်ယူရန် ကရင်ပြည်နယ်၊ ဘားအံမြို့သို့ သွားရောက်ခဲ့ကြောင်း၊ ယခင် ရှေးဟောင်းပစ္စည်း အရောင်းအဝယ်လုပ်စဉ် ရင်းနှီးခဲ့သူများမှတစ်ဆင့် ရှမ်းနီဘက်တွင် ရွှေတူးဖော်နေခြင်းကြောင့် လက်ဆောင်ပေးရန် သေနတ်များဝယ်ယူလိုသည်ဟု ရှာဖွေခဲ့ကြောင်း၊ ၉ မမပစ္စတို တစ်လက်နှင့် ရင်းကျည် ၁၁ တောင့်ကို ငွေကျပ် ၂၅ သိန်းဖြင့်လည်းကောင်း၊ ငါးလုံးပြူးသေနတ် တစ်လက်နှင့် ရင်းကျည်လေးထောင့်ကို ငွေကျပ် ၂၅ သိန်းဖြင့်လည်းကောင်း ဝယ်ယူခဲ့ကြောင်း၊ အောင်ဝင်းခိုင်ထံမှ စရန်ငွေအဖြစ် ရရှိသည့် ကျပ်သိန်း ၁၀၀ ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ အုန်းဖန်နေ မြင့်ဆွေထံမှ သေနတ်များဝယ်ယူခဲ့သည်ဟု လိမ်လည်ပြောကြားခဲ့ကြောင်း။

၅။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အောင်ဝင်းဇော်ထံ တယ်လီဖုန်းမှတစ်ဆင့် အောင်ဝင်းခိုင်က ဆက်သွယ်လာခဲ့ပြီး ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဦးကိုနီ လေယာဉ်ဖြင့် ပြန်လာမည်ဖြစ်၍ သေနတ်အဆင်သင့်ပြင်ထားရန် ပြောကြားခဲ့ကြောင်း၊ ၎င်းနောက် ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် အောင်ဝင်းခိုင်က နှစ်ကြိမ်ဆက်သွယ်၍ လေဆိပ်ကို ဦးစွာသွားနှင့်မည်ဟု ပြောကြားခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ကြည်လင်းထံဆက်သွယ်၍ လေဆိပ်သို့ အငှားယာဉ်ဖြင့် လာရောက်ရန်ပြောကြားခဲ့ပြီး လေဆိပ်သို့ထွက်ခွာခဲ့ကြောင်း၊ လေဆိပ်သို့ရောက်ရှိသောအခါ အောင်ဝင်းခိုင်နှင့် တယ်လီဖုန်း Message အပြန်အလှန်ပေးပို့၍ ဦးကိုနီထွက်လာမည့် ဂိတ်ပေါက်ကို အသိပေးလာခဲ့ကြောင်း၊ ရိုးရိုးခရီးသည် ဆိုက်ရောက်ဂိတ်ပေါက်မှ ထွက်မည်၊ CCTV သတိထား၊ ဖုန်းမဆက်တော့နှင့်၊ Message အားလုံးဖျက်ပစ်လိုက်တော့ဟု Message ပေးပို့ခဲ့ကြောင်း၊ ၎င်းနောက် ကြည်လင်းက ဦးကိုနီအား သေနတ်ဖြင့်အနီးကပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း။ ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းဖမ်းဆီးမှုကြောင့် ကြည်လင်းဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် မော်တော်ယာဉ်ဖြင့် ထွက်ပြေးခဲ့ရာ လမ်းခရီးတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



**တရားခံ အောင်ဝင်းခိုင်အား လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ။**




**တရားခံ အောင်ဝင်းခိုင်အား လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ။**

၆။ လေဆိပ် CCTV မှတ်တမ်းများကို စစ်ဆေးရာတွင် အောင်ဝင်းခိုင်သည် လေယာဉ်ဆိုက်ရောက်မည့် အချိန်ကို စုံစမ်းမေးမြန်းခဲ့သည့် မှတ်တမ်းများတွေ့ရှိရပြီး ၎င်းအားဖမ်းဆီးနိုင်ရေး စုံစမ်းရှာဖွေဖော်ထုတ်လျက်ရှိပါသည်။ ပြစ်မှုကျူးလွန်ရန်ငွေပေးစေခိုင်းသူဟု လတ်တလောယူဆရပြီး ထွက်ပြေးလွတ်မြောက်နေသော အောင်ဝင်းခိုင်သည် တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခဲ့သူတစ်ဦးဖြစ်သည်။ ပြစ်မှုကျူးလွန်ရန် ငွေပေးခိုင်းစေသူ တရားခံအောင်ဝင်းခိုင်နှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိပါသဖြင့် ဖော်ထုတ်ရရှိမှု အခြေအနေများပေါ် မူတည်၍ ပြည်သူသို့ အသိပေးတင်ပြသွားမည်ဖြစ်ပါသည်။

၇။ သို့ပါ၍ ပြည်သူများအနေဖြင့် ဘာသာရေးနှင့်လူမျိုးရေး သွေးထိုးလှုံ့ဆော်မှုများနှင့်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်မှုများအား အထူးဂရုပြုကြပါရန်၊ ထွက်ပြေးလွတ်မြောက်နေသော တရားခံ အောင်ဝင်းခိုင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ တည်ငြိမ်မှုပျက်ပြားစေရန် လုပ်ဆောင်မှုများနှင့် ဆက်စပ်၍လည်းကောင်း သတင်းအချက်အလက်များ သိရှိရပါက တာဝန်ရှိသူများထံ အသိပေးဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။

❖

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား American Refugee Committee အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ယမန်နေ့ နံနက် ၉ နာရီက American Refugee Committee မှ Ms. Anne E. Goldfeldနှင့် အဖွဲ့က ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် American Refugee Committee ၏ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဒုက္ခသည်များနှင့် HIV ရောဂါဝေဒနာရှင်များအား ကူညီစောင့်ရှောက်မှု အတွေ့အကြုံများ ဝန်ကြီးဌာနတွင် မူဝါဒအသစ်များဖော်ဆောင်၍ လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်စေရန် ဆောင်ရွက်နေမှုများ၊ လူမှုဝန်ထမ်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရန် လိုအပ်သော ဥပဒေများ ရေးဆွဲရေးညှိနှိုင်းဆောင်ရွက်နေမှုများ၊ အထူးသဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်ရေး၊ ဆင်းရဲမှုနှုန်းမြင့်မားသည့် ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကိုယ်ဝန်ဆောင် မိခင်ထောက်ပံ့ရေးလုပ်ငန်းများ၊ ရန်ကုန်နှင့် မန္တလေးတွင်ဖွင့်လှစ်မည့် အမျိုးသမီးများအတွက် One Stop Service Centre များ ဖွင့်လှစ်ရေးနှင့် American Refugee Committeeမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ လေ့လာရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှူခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပေါင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ်ရဲမှူးကြီး ဘိုဘိုဦး၏ လမ်းညွှန်မှုအရ ပေါင်မြို့နယ် မုတ္တမကျေးရွာ မေတ္တာမွန်ရပ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့ ရန်ကုန်-မော်လမြိုင် ကားလမ်းမဘေးတွင် ပြည်သူများနှင့်ကျောင်းသား ကျောင်းသူများ မှုခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများ ရရှိစေရန်အတွက် မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှုကို ပေါင်မြို့မရဲစခန်းမှ ဒု-ရဲမှူး ဝင်းထိန်၊ မုတ္တမနယ်မြေစခန်းမှ ရဲအုပ် အောင်မင်းကြည်နှင့် ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ဒုတိယပတ်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့အနေဖြင့် ဒေသခံပြည်သူများမှုခင်းဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်အတွက် မြို့ပေါ် ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ အသိပညာပေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ဟောပြောပွဲများကို လူထုအတွင်း ကွင်းဆင်းဟောပြောဆောင်ရွက်ခြင်းတို့ကို ပြည်နယ်ရဲတပ်ဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)** ■

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## အေးချမ်းသာယာပျော်ရွှင်သော ခရီးသွားများဖြစ်ပါရစေ

**မမနိုင်**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မထသ စနစ်ကို ဖျက်သိမ်း၍ အများပြည်သူများ ခရီးသွားလာရေးကို အဆင်ပြေချောမွေ့စေရန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် ကြီး/ငယ်များ၏ ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက်ပြေလျော့စေရန် ရည်ရွယ်၍ ရန်ကုန်မြို့တွင်း (YBS)စနစ်ကို စတင်အသုံးပြုအကောင်အထည်ဖော်လျက်ရှိသည်မှာ ဖေဖော်ဝါရီလ ၁၅ ရက်တွင် တစ်လပြည့်တော့မည် ဖြစ်သည်။

စာရေးသူသည် မြို့တွင်းနှင့် အလှမ်းမဝေးသော ရပ်ကွက်တစ်ခုတွင် နေထိုင်သည်ဖြစ်၍ မြို့တွင်းသို့ မော်တော်ယာဉ်တစ်ဆင့်၊ ယာဉ်စီးခ ကျပ် ၂၀၀ ဖြင့် ရောက်ရှိသော်လည်း မိမိတို့၏ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတော်တော်များများသည် မြို့တွင်းနှင့် အလှမ်းဝေးသည့် ဆင်ခြေဖုံး ရပ်ကွက်များတွင် နေထိုင်သူများသဖြင့် ၎င်းတို့၏ နိစ္စဓူဝ ခရီးသွားအတွေ့အကြုံများကို ကြားရသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ ၎င်းတို့သည် ယခင်က ပုံမှန်တစ်ဆင့်တည်းစီးရ၍ ယာဉ်စီးခကျပ် ၂၀၀ သာ ကျသင့်သည့်ခရီးကိုနေ့စဉ်ကျပ် ၄၀၀ ပေး၍ နှစ်ဆင့်စီးရကြောင်း၊ ကားစီးရေမလုံလောက်မှု၊ ယာဉ်လိုင်းချုံ့လိုက်မှုကြောင့် ငါးပိသိပ်ငါးချဉ်သိပ် စီးရကြောင်း၊ ယခင်က ယာဉ်လိုင်း ၄/၅/၆ လိုင်း ရပ်သည့်မှတ်တိုင်တွင် ယခု ယာဉ်လိုင်းတစ်လိုင်း၊ နှစ်လိုင်းသာ ရှိ၍ ကားစီးရသည်မှာ အဆင်မပြေ ကြောင်း၊ နေ့စဉ် ကားခကျပ် ၈၀၀ခန့် ကျသင့်နေ၍ တစ်လလျှင် ကားခကျပ် ၂၀၀၀၀ နှင့် အထက်ရှိနေကြောင်း စသည်ဖြင့် တစ်နေ့ တစ်မျိုးမရိုးနိုင်သည့် မော်တော်ယာဉ်စီးရသည့် အခက်အခဲကို ကြားရသည်။ စာရေးသူက အရွှန်းဖောက်၍ “တော်လှန်ရေးကာလ ဆိုတော့ သည်းခံပါ သူငယ်ချင်းတို့၊ ပြောထားသလို သုံးလလောက်စောင့်ကြည့်လိုက်ပါဦး၊ မကြာခင် အဆင်ပြေသွားမှာပါ” ဟု ပြောခဲ့ပြီး ယင်းသို့ပြောတိုင်း သူငယ်ချင်းများက “အစ်မစီးကြည့်ပါလား၊ အစ်မက ခရီးတိုတိုလေး စီးရတာ။ ညီမတို့လို ဒဂုံတောင်၊ စံပြဈေး၊ မြောက်ဥက္ကလာလောက်စီးကြည့်ပါလား၊ အစ်မဒီလိုပြောနိုင်မလားလို့ ”ပြန်ပြောကြသည်ချည်းပင်။

စာရေးသူတို့ အားလုံးသည် ယခင်စနစ်ဟောင်းဖြင့် ကျင်လည်ခဲ့ကြသည်မှာ ဆယ်စုနှစ် ငါးခုကျော်ရှိခဲ့ပြီဖြစ်၍ ၎င်းစနစ်ဖြင့် အသားကျနေကြပြီဖြစ်သည်။ မည်သို့ပင်ပြောင်းလဲမည်ဟု အော်နေသော်လည်း မိမိတို့ကိုယ်တိုင်မှုကား အပြောင်းအလဲကို လက်မခံနိုင်ကြသေး၊ မကျင့်သုံးနိုင်ကြသေးသည်ကို မြင်တွေ့နေရသည်။ စာရေးသူကိုယ်တိုင်လည်း ကြိုးစားနေဆဲပင် ဖြစ်သည်။

သို့သော် ယနေ့(၁၄-၂-၂၀၁၇) အင်္ဂါနေ့ မနက် ၉နာရီကျော်ကျော်ခန့်တွင် ရုံးသို့လာရာ သီတာလမ်းမှတ်တိုင်မှ အမှတ်(၆၄) မော်တော်ယာဉ်ကိုစီး၍ စိန်ပေါမှတ်တိုင်သို့ လာခဲ့သည်။ ကြားမှတ်တိုင် ခြောက်တိုင်ခန့်သာရှိသည့် ခရီးကို စာရေးသူမျက်စိစုံလုံးမှိတ်၍ သမ္ဗုဒ္ဓေအခေါက်ရေ မည်မျှ၊ ဘုရားမည်မျှတမိမှန်း မသိ၊ မျက်စိကို မဖွင့်ရဲ၊ အကြောင်းမှာ အမှတ်(၆၄)ယာဉ် နှစ်စီးသည် ယခင်စနစ်က ပုံစံအတိုင်း ၎င်းတို့အဆိုအရ ဖိုက်လာသည်ကို ပလာဇာမှတ်တိုင်ရောက်မှ သိရသည်။ ကားပေါ်ပါ ခရီးသွားများ၏ အာမေဋိတ်သံများဖြင့် ဆူညံနေသည်။ “ကားကို ဘယ်လို မောင်းနေတာလဲ၊ ဖြည်းဖြည်းတွန်းပါဟဲ့၊“အမလေး” စသည်ဖြင့် အသံပေါင်းစုံကြားနေရသည်။

ကားပေါ်တွင် ပါလာသူများမှာ ဝန်ထမ်းအများစုဖြစ်သည်။ ၎င်းတို့၏တူညီသောရည်မှန်းချက်မှာ ရုံးချိန်အမီရုံးသို့ရောက်ရှိရေးဖြစ်သည်။ သို့သော် ယခုကဲ့သို့ အပြိုင်အဆိုင်မောင်း၍ လွန်လွန်ကျူးကျူးတင်စားရလျှင် အသက်ဖြင့်ရင်း၍တော့ မရောက်ချင်သည်မှာ ခရီးသွားများ၏ တူညီသော ဆန္ဒများပင်ဖြစ်သည်။ ဖြည်းဖြည်းမှန်မှန်ဖြင့် အန္တရာယ်ကင်းကင်းသာ ရောက်ချင်ကြသည်။

စီးလာသည့် မော်တော်ယာဉ်မှာ (2C /----------) ဖြစ်သည်။ ညှော်နံ့များပင် ထွက်နေသည်။ ပလာဇာမှတ်တိုင်၌ ၎င်းတို့နှစ်စီးယှဉ်မိစဉ် မိမိတို့ မော်တော်ယာဉ်မှ ယာဉ်မောင်းက “မင်းမို့လို့ကွ အခြားလူဆို ဖြတ်တိုက်လိုက်တယ်” စသည်ဖြင့် လှမ်းပြောသံကို ကြားရသည်။ ယခင်က မော်တော်ယာဉ်များပေါ်တွင် “ခရီးသည်များ၏ အသက်သည် သင့်လက်ထဲတွင် ရှိသည်၊ စိတ်ရှည် သည်းခံ လမ်းကြောင်းမှန် မောင်းရန်မော်တော်ကား၊ သင်အန္တရာယ်ကင်းစွာဖြင့် အိမ်ပြန်လာသည်ကို သင့်ဇနီးနှင့် သင့် သားသမီးများက စောင့်ကြိုနေကြသည်ကို သတိပြုပါ” အစရှိသည်ဖြင့် စာတိုများကပ်ထားသည်ကို သတိရမိသည်။ လက်ရှိစနစ်ကို စတင်အကောင်အထည်ဖော်ချိန်က စပယ်ယာအချို့ ပြောခဲ့သည်များကိုလည်း သတိရမိသည်။“ ကျွန်တော်တို့ကို ခေါက်ကြေးနဲ့ နေ့တွက်စရိတ်ပုံမှန်ပေးပြီးသား၊ အရင်လိုအသည်းအသန်ရှာစရာမလိုဘူး၊ ခရီးသည်ကိုလည်း အသည်းအသန်ခေါ်စရာ မလိုဘူး၊ လုယက်ပြီးလည်း မောင်းစရာမလိုဘူး၊ သာသာယာယာပဲ” ဟု ပြောခဲ့သံကို ကနဦးတွင် ကြားခဲ့ရ၍ သည်လိုဆိုရင်ဖြင့် “ကောင်းလေစွ”ဟု မှတ်ချက်ပြုမိခဲ့သည်။

ယခုတော့ ထိုသို့မဟုတ်ပြီ။ ယခင်ကကဲ့သို့ပင် လုမောင်း၊ ပြိုင်မောင်းရင်းဖြင့် စီးပွားရှာနေကြသော ဝိသမလောဘသားများကြောင့် တာဝန်ရှိသူများ၏ ခရီးသွားပြည်သူများအပေါ် စေတနာ၊ မေတ္တာများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ မပျောက်ပျက်အောင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ မော်တော်ယာဉ်စီး ခရီးသွားများ အနေဖြင့် မိမိတို့၏ ကျရာကဏ္ဍမှ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာ ပျော်ရွှင်သော ခရီးသွားများ ဖြစ်ရပါစေကြောင်း စေတနာရှေ့ထား ရေးသားလိုက်ရပါတယ်။ ။



## ယောမင်းကြီး ဦးဖိုးလှိုင်ဂူဗိမာန်တော်နေရာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆွေတော်မျိုးတော်များ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်သွားမည်

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၂) လမ်း၊ လမ်း (၉၀) နှင့် (၉၁) လမ်းကြားတွင် ထားရှိသော ယောမင်းကြီး ဦးဖိုးလှိုင် အမှတ်တရရုပ်တုနှင့် ဂူဗိမာန်တော် သင်္ချိုင်းကျောက်စာနေရာအား ဆွေတော်မျိုးတော်များမှ လှူဒါန်းသည့် အလှူငွေ ၁၁ သိန်းဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ယောမင်းကြီးရဲ့ အမှတ်တရ ဂူဗိမာန်ရုပ်တုကျောက်စာနဲ့ ဆွေတော်မျိုးတော်တွေရဲ့ အုတ်ဂူတွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ရယ်၊ လာရောက်လေ့လာကြည့်ရှုသူတွေ အဆင်ပြေစွာ လေ့လာနိုင်မယ့်လုပ်ငန်းတွေ ဆောင်ရွက်ဖို့ သူတို့ရဲ့ ဆွေတော်မျိုးတော်တွေက အလှူငွေကျပ် ၁၁ သိန်းကို ကျွန်တော်တို့ဌာနကို လာရောက်လှူဒါန်းခဲ့ပါတယ်” ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

ယောမင်းကြီး ဦးဖိုးလှိုင် ဂူဗိမာန် ထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် ဂူဗိမာန်ရုပ်တုနှင့် ဆွေတော်မျိုးတော်အုတ်ဂူများအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လာရောက်လေ့လာကြည့်ရှုသူများ ခေတ္တအနားယူရန် ထိုင်ခုံများထားရှိခြင်းနှင့် ဂူဗိမာန်နေရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှလည်း ဖေဖော်ဝါရီ ၂ ရက်က ဌာန၏ သာမန်ဘတ်ဂျက်ငွေဖြင့် ယောမင်းကြီး ဂူဗိမာန်ရုပ်တုနှင့် ဆွေတော်မျိုးတော် အုတ်ဂူများအား ဆေးသုတ်ခြင်း၊ ဂူဗိမာန်တော်နေရာ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ခြံစည်းရိုးအုတ်နံရံများ၊ သံပန်း၊ သံတံခါးများ၊ ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယောမင်းကြီး ဦးဖိုးလှိုင်သည် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် အတွင်းဝန် မြို့စားအတိုင်ပင်ခံပညာရှိ ရာထူးများအပြင် သတိုးမင်းကြီးမင်းလှ မဟာမင်းခေါင် သီဟသူ ဘွဲ့ရ မြန်မာပညာရှိတစ်ဦး ဖြစ်ခဲ့ပြီး မြန်မာစာပေလောကတွင် ကျမ်းပေါင်း ၁၉ ကျမ်း ရေးသားခဲ့သည့် ဝိဇ္ဇာ၊ သိပ္ပံပညာရှင်တစ်ဦး ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၅

**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) ဗဟိုကော်မတီဝင် ဦးသဲရယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ပါတီ၏မူဝါဒ**

### နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းမှီတင်း နေထိုင်ကြသော နိုင်ငံပင် ဖြစ်ပါသည်။ အေးအတူ ပူအမျှ ပူးပေါင်းလက်တွဲ နေထိုင်လာခဲ့ကြပါသည်။ တိုင်းရင်းသားလူမျိုးများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် လူမျိုးများသည် ရှေးပဝေသဏီပဒေသရာဇ် အုပ်ချုပ်စဉ်ကာလကပင် ကိုယ့်ထီးကိုယ့်နန်းနှင့် အုပ်ချုပ်ကြသည်။ ဤကဲ့သို့ အုပ်ချုပ်နေထိုင်လာကြပြီး တစ်နယ်နှင့်တစ်နယ်၊ တစ်ပြည်နှင့်တစ်ပြည် ကူးလူးဆက်ဆံအတူတကွ ညီရင်းအစ်ကို မောင်ရင်းနှမလို နေထိုင်လာကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ကယား(ကရင်နီ)ပြည်နယ်သည် ရှေးယခင်ကတည်းက ပဒေသရာဇ်ခေတ်ကာလ၌လည်းကောင်း၊ ကိုလိုနီခေတ်၌လည်းကောင်း၊ ကိုယ့်စောဖျာ၊ နယ်များသတ်မှတ်ပြီး အုပ်ချုပ်ကာ မြန်မာမင်းများနှင့် မဟာမိတ်ဖွဲ့ ရင်းရင်းနှီးနှီးနေထိုင်လာကြပါသည်။ ထိုနည်းတူစွာ ယနေ့ခေတ်ကာလမှာလည်း ကယား(ကရင်နီ)ပြည်နယ် နေထိုင်ကြသော တိုင်းရင်းသားများသည် မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးနှင့်အတူ ဥမကွဲသိုက်မပျက် ကမ္ဘာတည်သရွေ့ အတူလက်တွဲနေထိုင်ကြမည်သာဖြစ်ပါသည်။

### မူဝါဒ

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီမှတ်ပုံတင်အမှတ် (၆၄) ဖြင့် အသိအမှတ်ပြုသောပါတီဖြစ်ပါသည်။ ပါတီ၏ အဓိကရည်ရွယ်ချက်မှာ ကယား(ကရင်နီ)ပြည်နယ်သည် သန့်ရှင်းပြီး ကောင်းမွန်သော ပြည်နယ်အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန်ဖြစ်ပါသည်။ သို့မှသာလျှင် ပြည်နယ်အကျိုး၊ လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် အခြားတိုင်းရင်းသားများသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့်သော်လည်းကောင်း လက်တွဲလုပ်ဆောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ထွန်းရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကယားပြည်နယ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် လုပ်ပိုင်ခွင့်များကို ပို၍အားကောင်းစေရန် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းအဖြေရှာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### နိုင်ငံရေးခံယူချက်

ကယားပြည်နယ်၏ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် ဗဟိုအစိုးရနှင့်ညှိနှိုင်းပြီး လျော်ကန်သင့်မြတ်သော အာဏာခွဲဝေမှုရရှိစေရန် စီစဉ်ဆောင်ရွက်မည်။ ကယား ယခင်က ကရင်နီ အက်ဥပဒေ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားရိုးရာဓလေ့ကျင့်ထုံးများကို တရားသဖြင့် ပြန်လည်ကျင့်သုံးနိုင်ရန် ကြိုးစားလုပ်ဆောင်သွားမည်။ ကယားပြည်နယ်လူဦးရေ တိုးတက်လာသည်နှင့်အမျှ ကျေးရွာအုပ်စု၊ မြို့နယ်များ တိုးချဲ့အုပ်ချုပ်ရပါသည်။ သို့မှသာ အုပ်ချုပ်ရေးတွင် ပိုမိုလွယ်ကူပါမည်။ တရားဥပဒေစိုးမိုးရေးသည် များစွာအားနည်းလျက်ရှိပါသည်။ တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့် ပြည်သူများ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ပါသည်။ တရားဥပဒေသည် ပြည်သူအတွက် အမှန်တကယ်ကာကွယ်စောင့်ရှောက်ရပါမည်။ ပြည်သူများ တရားဥပဒေအောက်တွင် အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ပြည်သူများ အသိပညာပေးခြင်း၊ တာဝန်ရှိသူကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

လူမျိုးပေါင်းစုံဒီမိုကရေစီ(ကယားပြည်နယ်)သည် ပြည်နယ်ငြိမ်းချမ်းရေးတွင် ယုံကြည်မှုအပြည့်အဝဖြင့် ခိုင်မာသော၊ စစ်မှန်သော၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးမရှိသော ကယားပြည်နယ်မှာ နှစ်ပေါင်း ၆၀ အတွင်း ပြည်တွင်းစစ်ကြောင့် ဆင်းရဲမွဲတေခဲ့ကြရပါသည်။ ပြည်တွင်းစစ်ကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ကြရပါသည်။ နေရပ်စွန့်ခွာ ထွက်ပြေးကြရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ခံယူထားပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲတိုးတက်နေသော ခေတ်ကာလနှင့်အညီ ပြင်ဆင်ရေးဆွဲရပါမည်။

### သဘောထား

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)သည် ခေတ်စနစ်အဆက်ဆက်မှ ကြုံတွေ့လာခဲ့ရသော စနစ်ဒဏ်တွေကြောင့် ပြည်သူလူထုတစ်ရပ်လုံး အတိဒုက္ခဖြစ်နေရကာ ဆင်းရဲလည်း ဆင်းရဲနေကြရပါသည်။ မိမိတို့ ကယားပြည် ဖွံ့ဖြိုးရေးအတွက် မိမိတို့ ကယားပြည်နယ်အတွင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများအားလုံး၏ အရေးကို မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ပါမှ အောင်မြင်လာမည်ဖြစ်ကြောင်း သဘောပေါက်နားလည်ကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် ချစ်ခင်လေးစားပြီး အတူပူးပေါင်းနေထိုင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုအစိုးရနှင့် တင်ပြဆွေးနွေးညှိနှိုင်းလုပ်ဆောင်ရပါမည်။ ပြည်ထောင်စုအစဉ်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပါသည်။ ကယားပြည်နယ်သည် တရား ဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် အထူးလိုအပ်ကြောင်း ရှုမြင်ပါသည်။

## လုပ်ငန်းစဉ်များ

### နိုင်ငံရေး

ကယားပြည်နယ်သည် မြောက်ဘက်၌ ရှမ်းပြည်နယ်၊ တောင်ဘက်၌ ကရင်ပြည်နယ်၊ အနောက်ဘက်၌ ရှမ်း၊ ကရင်နှင့် အရှေ့ဘက်တွင် ထိုင်း(ယိုးဒယား)ကြား၌ တည်ရှိပါသည်။ လူဦးရေအားဖြင့် သုံးသိန်းကျော် နေထိုင်ပါသည်။ ပထဝီအနေအထားအားဖြင့် ကုန်းမြင့်နှင့် တောတောင်များ ထူထပ်ပါသည်။ လူမျိုးများမှာ တိုင်းရင်းသားလူမျိုးစု ကိုးမျိုးအပြင် ရှမ်း၊ Pls check၊ ကရင်၊ ပအိုဝ်းနှင့် အခြားတိုင်းရင်းသားအနည်းငယ် စုပေါင်းနေထိုင်ကြပါသည်။ နိုင်ငံရေးပါတီတည်ထောင်ဖွဲ့စည်းရာတွင် ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာအယူဝါဒစွဲ စသည့် အစွဲအလမ်းများ ဖွဲ့စည်း၍ မရပါ။ လူဦးရေနည်းပါးသော ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ လူမျိုးအားလုံးပါဝင်သော မိမိပြည်နယ်ဒေသအကြောင်း သိရှိနားလည်သော ဒေသခံတိုင်းရင်းသားများ ဘဝစရိုက်လက္ခဏာနှင့် လိုအပ်ချက်များ ကိုက်ညီမှုရှိခြင်းနှင့် လူမျိုးအားလုံး စုပေါင်းဖွဲ့စည်းထားသောပါတီ တစ်ပါတီဖွဲ့စည်းရန် ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲတွင် ကယားပြည်နယ်အတွင်း၌သာ ဦးစားပေးဝင်ရောက်အရွေးခံမည်ဖြစ်ပါသည်။ စည်းရုံးရေးလုပ်ငန်းများကိုလည်း ပြည်နယ်အတွင်း စည်းရုံးလုပ်ဆောင်မည်ဖြစ်ပါသည်။

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)သည် ကောင်းမွန်သန့်ရှင်းသော ပြည်နယ်အစိုးရတစ်ရပ် ရပ်တည်နိုင်ရန်ဖြစ်ပါသည်။ မိမိတို့ပါတီသည် အခြားတိုင်းရင်းသားပါတီများနှင့် မဟာမိတ်ပြုကာ ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုး ဆက်လက်ဦးတည်ဆောင်ရွက်ရပါမည်။ တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးကဏ္ဍတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုရရှိရန် အခါအားလျော်စွာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသော ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပေါ်ထွန်းရေးတွင် အနာဂတ်မျှော်မှန်းချက်တစ်ရပ်အနေဖြင့် အစဉ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ သို့မှသာလျှင် တိုင်းရင်းသားများအားလုံး တန်းတူညီမျှသောအခွင့်အရေး၊ စစ်မှန်သောငြိမ်းချမ်းရေး၊ သာယာဝပြောသော လူ့ဘောင်သစ်ဆီသို့ ရောက်ရှိမည်ဟု ခံယူပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လက်ရှိ NLD အစိုးရ လုပ်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မိမိတို့ပါတီမှ အပြည့်အဝထောက်ခံကြိုဆိုပါသည်။ ၂၁ရာစု ပင်လုံညီလာခံကိုလည်း အစဉ်အမြဲထောက်ခံအားပေးပါသည်။ ပါဝင်သင့်၊ ပါဝင်ထိုက်သော ပုဂ္ဂိုလ်၊ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများအတွက် စိစစ်ပြီး ထပ်မံဖိတ်ကြားကာ ပါဝင်စေချင်ပါသည်။

### စီးပွားရေး

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် လယ်ယာစိုက်ပျိုးရေးတွင် အားဖြည့်ဆောင်ရွက်ရာတွင် ကယားပြည်နယ်သည် ကုန်းမြင့်နှင့် တောတောင်ထူထပ်သောကြောင့် လယ်မြေအနည်းငယ်သာရှိပါသည်။ တောင်ယာစနစ်သာ အားကိုးပြီး လုပ်ကိုင်စားသောက်ကြပါသည်။ မိရိုးဖလာရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ကြပါသည်။ ရိုးရာဓလေ့အရ ဘိုးဘွားပိုင်မြေသတ်မှတ်ကာ လုပ်ကိုင်ကြပါသည်။ တောင်ယာသည် တစ်နှစ်၊ နှစ်နှစ် စိုက်ပျိုးလျှင် မြေဆီပြန်လည်ကောင်းမွန်စေရန် မြေလွတ်မြေလပ်အဖြစ် ချန်လှပ်ထားပြီး ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။ သုံး၊ လေးနှစ်ကြာသော် ပြန်လည်လုပ်ကိုင်ပါသည်။ ဤကဲ့သို့ မြေဆီလုံးဝမကုန်ခန်းဘဲ အသစ်တစ်ဖန် မြေဆီပြန်လည်ကောင်းမွန်ပါသည်။ ဤကဲ့သို့ ရွှေ့ပြောင်းတောင်ယာစနစ်သည် မိရိုးဖလာစိုက်ပျိုးရာမှ ခေတ်မီတိုးတက်သော စက်မှုနိုင်ငံဖြစ်လာစေရန် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဓာတ်မြေဩဇာအသုံးချမှု လျှော့ချရန်နှင့် သဘာဝမြေဩဇာပြုလုပ်နည်း၊ အသုံးပြုပုံများကို ပိုမိုအားပေးမည် ဖြစ်ပါသည်။

### သစ်တော

ကယားပြည်နယ်တွင် တောခုတ်ထွင်ခြင်း၊ သစ်ထုတ်ခြင်းလုပ်ငန်းကြောင့် သစ်တောများ ပြုန်းတီးနေပါသည်။ သစ်တောများ ပြန်လည်ပျိုးထောင်ခြင်း၊ တစ်နိုင်တစ်ပိုင်စိုက်ခင်းများအားပေးခြင်း၊ သစ်ခုတ်ခြင်း၊ သစ်ထုတ်ခြင်းများ ကာကွယ်ခြင်း စသည့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများ လုပ်ဆောင်သွားမည်။ ရိုးရာဓလေ့အရ ပြုစုထိန်းသိမ်းထားသော သဘာဝ သစ်တော၊ တောင်များ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။



သတ္တုနှင့် သယံဇာတတူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် စနစ်တကျထုတ်ယူသုံးစွဲရန် ဖြစ်ပါသည်။ သတ္တုတူးဖော်ရာတွင် ပြည်သူလုပ်ပိုင်ခွင့်ပိုမိုရရှိရန်နှင့် ထွက်ရှိသောအကျိုးအမြတ်များသည် ပြည်ထောင်စုအစိုးရနှင့် အချိုးညီခွဲဝေသုံးစွဲနိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်။ ကယားပြည်နယ်အတွင်းရရှိသော သတ္တု၊ သစ်တော၊ လျှပ်စစ်နှင့်အခွန်များသည် ပြည်ထောင်စုအစိုးရနှင့်ညှိနှိုင်းကာ ပြည်နယ်ဝင်ငွေပိုမိုရရှိရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ကယားပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး အထူးလိုအပ်ပါသည်။ မြို့နယ်ချင်းဆက်လမ်းများ၊ နှစ်လမ်းသွားစနစ်၊ ကျေးရွာချင်းဆက်လမ်းများကို ကျောက်ခင်းလမ်းဖြစ်ရန် စီမံလုပ်ဆောင်မည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် သွားလာရေးတွင် ခက်ခဲခြင်း၊ ဝန်ထမ်းများ ကျေးလက်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် ခက်ခဲခြင်းကြောင့် ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းနှင့် ဆိုင်ကယ်သွားလမ်း ဖောက်လုပ်ရမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန် တာဝါတိုင်များ တိုးချဲ့ဆောက်လုပ်မည်ဖြစ်သည်။ အလုပ်အကိုင်ရရှိရေးအတွက် ဒေသခံပြည်သူများ ဦးစားပေးခန့်အပ်မည်။

### အမျိုးသမီးကဏ္ဍ

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် ပါတီ၏မူဝါဒလမ်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှုနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထားပါသည်။ အမျိုးသမီးပါဝင်မှုအများစုသည် ပါတီ၏ပံ့ပိုးမှု၊ လုပ်ပိုင်ခွင့်များကို ပြယုဂ်သက်သက်မဟုတ်ဘဲ ကိုယ်တိုင်ပါဝင်ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ အမျိုးသမီး ၃၀ ရာခိုင်နှုန်းထက်မနည်း ပါဝင်နိုင်ရန် စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အမျိုးသမီးများနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူညီချက်စာချုပ် (စီဒေါ) ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်(၁၃၂၅)လက်မှတ်ရေးထိုးခဲ့သည်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းဆောင်ရွက်သွားမည်။

### လူငယ်ကဏ္ဍ

လူငယ်များသည် အနာဂတ်ခေါင်းဆောင်များ၊ တိုင်းပြည်၏ အရန်အင်အားစုဖြစ်ပါသည်။ လူငယ်သည် တက်ကြွပြီး အမြဲတမ်းစူးစမ်းလေ့လာလိုသော သဘောသဘာဝရှိပါသည်။ ထို့ကြောင့် လူငယ်များ နည်းမှန်လမ်းမှန်၊ အကျင့်စာရိတ္တကောင်းမွန်စေရန်နှင့် လူငယ်များ စွမ်းရည်မြင့်မားလာစေရန် ပါတီတွင်ဆွေးနွေးပွဲ၊ စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ပါမည်။ လူသားအရင်းအမြစ်တိုးပွားစေရေးနှင့် ကျစ်လျစ်ခိုင်မာစေရန် ပြုစုပျိုးထောင်ပေးပါသည်။ နိုင်ငံရေးပါတီတွင် လူငယ်များ ၂၀ ရာခိုင်နှုန်း ထည့်သွင်းဖွဲ့စည်းပြီး ပါဝင်လှုပ်ရှားစေပါသည်။ စာပေ၊ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးများတွင် လူငယ်များတက်ကြွစွာ ပါဝင်ပါသည်။ အသက်(၂၅)နှစ်နှင့်အထက်ရှိ လူငယ်များအား နိုင်ငံရေးပါတီဖွဲ့စည်းရာတွင် ကော်မတီအဆင့်ဆင့်၌ ထည့်သွင်းရေးဆွဲကာ လွှတ်တော်တစ်ရပ်ရပ်ဝင်ရောက်အရွေးခံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### ဒုက္ခသည်များကိစ္စ

ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ်တွင် ကရင်နီဒုက္ခသည်များ အများအပြားရှိပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးစားလုပ်ဆောင်ရင်း နေရပ်စွန့်ခွာထွက်ပြေးကြသောဒုက္ခသည်များအား နေရပ်သို့ ဂုဏ်သိက္ခာရှိစွာ ဥပဒေနှင့်အညီ ပြန်လာနိုင်ရန် ကြိုးစားလုပ်ဆောင်မည် ဖြစ်ပါသည်။ စားဝတ်နေရေးအတွက် အထူးစီမံပေးရန်လိုပါသည်။ နေထိုင်ရန်နေအိမ်၊ စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများ ပံ့ပိုးကူညီရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် မိမိတို့၏ မူဝါဒ၊ ပါတီ၏သဘောထားနှင့် ပါတီ၏လုပ်ငန်းစဉ်များကို အကျဉ်းချုံး၍ တင်ပြပါသည်။ မိမိတို့ပါတီသည် ပါတီ၏မူဝါဒ သဘောထား၊ လုပ်ငန်းစဉ်များအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး အားပေးထောက်ခံမှသာလျှင် ရွေးကောက်ပွဲအနိုင်ရရှိပြီး ပြည်သူ့အတွက်၊ ပြည်သူ့အကျိုးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူတစ်ရပ်လုံး လာမည့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်အထွေထွေရွေးကောက်ပွဲတွင် တစ်ခဲနက် မဲပေးထောက်ခံကြပါရန် အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ မောင်တော အမှတ်(၁)ဝင်/ထွက် စခန်း (POE) ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ မောင်တော အမှတ် (၁) ဝင်/ထွက် စခန်း (POE)ကို ဖေဖော်ဝါရီ ၁၂ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ အမှတ်(၁) ဝင်/ထွက် စခန်း (POE) မှ ဝင်/ထွက်မှုများ ခေတ္တရပ်ဆိုင်းခဲ့ပြီး ယခုလက်ရှိ အခြေအနေတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာသဖြင့် နှစ်နိုင်ငံနယ်ခြား စာချုပ်ပါအချက်များအရ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မောင်တောမြို့ အမှတ်(၁) ဝင်/ထွက် စခန်းအား ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# MNL ပွဲစဉ်(၆)တွင် အသင်းကြီးများ ရုန်းကန်ရနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ အမှတ်ပြည့်ရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

ပွဲစဉ်(၆)အဖြစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း၊ ဖေဖော်ဝါရီ၂၀ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ AFC cup ပြိုင်ပွဲကြောင့် ရတနာပုံ-ရခိုင်ပွဲကို တစ်ရက်စော၍ ကစားခဲ့သလို Southern-မကွေးပွဲကိုလည်း မတ်လအတွင်းသို့ ရွှေ့ဆိုင်းခဲ့သည်။ ပွဲစဉ်(၅) အပြီးတွင် ရန်ကုန်အသင်းက ၁၃ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၀မှတ်၊ ရခိုင်နှင့်ဇွဲကပင်အသင်းက ခုနစ်မှတ်စီ၊ GFA Southern၊ ဧရာဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်တို့ ရရှိထားသည်။

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် တန်းတက် GFA နှင့် တွေ့ဆုံနေသော်လည်း GFA အသင်း၏ ကစားပုံမာကျောမှုကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရတနာပုံအသင်းမှာလည်း ရှုံးပွဲမရှိသေးသည့် ရခိုင်အသင်းနှင့် တွေ့ဆုံနေပြီး ငါးပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကို နှစ်သင်းစလုံးထိန်းသိမ်းနိုင်ခြင်း ရှိ၊ မရှိစောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ဧရာဝတီအသင်းနှင့် အိမ်ကွင်းတွင် ကစားရမည်ဖြစ်သော်လည်း နိုင်ပွဲပြန်ရရေးအတွက် ရုန်းကန်ရဖွယ်ရှိနေသည်။ ဧရာဝတီအသင်းသည် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကြောင့် ယခုပွဲတွင် အားထည့်ကစားဖွယ်ရှိနေသည်။ **(ရှိုင်းထက်ဇော်)**

# လာဘ်ငွေလက်ခံရယူခဲ့သည့် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန တောအုပ် ဦးကျော်အေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကညင်သစ်လုံးများအတွက် မျှောစာထုတ်ယူရာတွင် တရားမဝင် ငွေကြေးတောင်းခံခဲ့ခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန တောအုပ် ဦးကျော်အေးသည် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းစက်က တရားဝင်ဝယ်ယူရရှိထားသည့် ကညင်သစ်လုံး ၈၄ လုံး(၈၀ ဒသမ ဝ၆ဝ တန်)အတွက် မျှောစာထုတ်ယူရာတွင် အလုပ်တာဝန်ကို အကြောင်းပြု၍ ငွေကျပ် ၈၀၀၀၀ ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန တောအုပ် ဦးကျော်အေးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ တပ်ကုန်းမြို့နယ်တရားရုံးတွင် ဖေဖော်ဝါရီ ၁၅ ရက်က တရားစွဲဆိုအရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**




# လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို မော်တော်ယာဉ်ဖြင့် တိုက်သတ်မောင်းနှင်ထွက်ပြေးသွားသူအား လူသတ်မှုဖြင့် အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြောက်ဥက္ကလာပမြို့မရဲစခန်းမှ ရဲတပ်ကြပ် ညီညီထွေးပါ ရဲတပ်ဖွဲ့ဝင်လေးဦးတို့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီတွင် နယ်မြေအတွင်း ဆိုင်ကယ်ဖြင့် လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် သန္တာ(၆)လမ်းထိပ်ရှိ လမ်းဘေးအုတ်ခုံပေါ်တွင် လူငယ် လေးဦး အရက်သောက်စားနေသည်ကို တွေ့ရှိသဖြင့် ညဉ့်နက်နေပြီဖြစ်၍ အိမ်ပြန်ကြရန်ပြောဆိုခဲ့ခြင်းကို မကျေမနပ်ဖြစ်ပြီး ယာဉ်မောင်း ဇော်သန့်ဆိုသူက မော်တော်ယာဉ်ဖြင့် တိုက်သတ်မောင်းနှင် ထွက်ပြေးသဖြင့် လှည့်ကင်းတာဝန်ဆောင်ရွက်နေသူ ရဲတပ်ကြပ် ညီညီထွေးမှာ သေဆုံးခဲ့ပြီး ရဲဒုတပ်ကြပ် ရဲသီဟမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်ဥက္ကလာပမြို့နယ်နေ ဇော်သန့်၊ ဖြူတုတ်(ခ) ထက်ကျော်ကို၊ အငယ်လေး(ခ) သန့်ဇင်အောင်နှင့် ညဏ်လင်းတို့ လေးဦးမှာ သန္တာ(၆)လမ်းထိပ်တွင် အရက်သောက်စားနေစဉ် လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များက ညဉ့်နက်နေ၍ နေအိမ်သို့ ပြန်ခိုင်းသည်ကို မကျေနပ်ခဲ့ကြောင်း၊ သန့်ဇင်အောင်မှာ နေအိမ်သို့ ပြန်သွားခဲ့ပြီး ဇော်သန့်ပါ သုံးဦးမှာ ၎င်း၏ 8I/--- စူပါကာစတန်ယာဉ်ဖြင့် သုနန္ဒာလမ်းထိပ်ရှိ ဆီဆိုင်သို့ ဆီသွားဖြည့်စဉ် ညဏ်လင်းမှာ ကျန်နေခဲ့ကြောင်း၊ ယာဉ်မောင်း ဇော်သန့်က ဖြူတုတ်(ခ)ထက်ကျော်ကိုအား သန္တာလမ်းထိပ်နေအိမ်သို့ လိုက်ပို့ခဲ့ပြီး ရွှေပေါက်ကံရှိ ၎င်း၏ နေအိမ်သို့မသွားဘဲ မဓာဝီလမ်းအတိုင်း မောင်းနှင်ခဲ့ရာ ဝဇီရာလမ်းထိပ်အရောက်တွင် ဆိုင်ကယ် လှည့်ကင်းအဖွဲ့နှင့် တွေ့သဖြင့် နောက်ဆုံးမှ ဆိုင်ကယ်မောင်းနှင်သူ ရဲတပ်ဖွဲ့ဝင်အား မော်တော်ယာဉ်ဖြင့် တိုက်သတ် ထွက်ပြေးခဲ့သဖြင့် ရဲတပ်ကြပ် ညီညီထွေးမှာ ယာချိုစောင်းဖူးရောင်၊ နှာခေါင်းသွေးထွက် ဒဏ်ရာများရရှိခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ကုသစဉ် နံနက် ၃ နာရီ မိနစ် ၂၀ တွင် သေဆုံးသွားခဲ့ကြောင်း၊ ဇော်သန့်နှင့် အရက်အတူသောက်သူ ညဏ်လင်း၊ ထက်ကျော်ကိုတို့၏ ထွက်ဆိုချက်အရ ဇော်သန့်က ရဲတပ်ဖွဲ့ဝင်များကို မကျေနပ်သဖြင့် ကားဖြင့် လိုက်တိုက်သတ်မည်ဟု ပြောဆိုခဲ့ကြောင်း သိရသဖြင့် ပြစ်မှုကျူးလွန်သူ ဇော်သန့်အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၃၃/၂၇၉/၂၀၂ ဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူခဲ့သည်။



ပြစ်မှုကျူးလွန်သူ ဇော်သန့်အား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေဖမ်းဆီးခဲ့ရာ ယင်းနေ့ နံနက် ၅ နာရီတွင် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (၄၂)ရပ်ကွက် ပီမိုနင်း(၁)လမ်းနေ အဒေါ်ဖြစ်သူ၏ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်ဖြင့် တိုက်သတ် ထွက်ပြေးသူ ဇော်သန့်အား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်မြေသားလမ်း ဖောက်လုပ်

**ထီးချိုင့် ဖေဖော်ဝါရီ ၁၅**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေဖြင့် ထီးချိုင့်မြို့နှင့် ဆင်ဖြူဆိပ်ကျေးရွာအုပ်စုကို ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ဒီလမ်းဟာ မိုးတွင်းဆို ထီးချိုင့်ကို ဘယ်လိုမှသွားမရလို့ ပြည်သူများ အခက်တွေ့ရပါတယ်။ တချို့နေရာတွေမှာ ရေဝင်ပါတယ်။ ဇီးသောင်အုပ်စုဘက်ကနေ ပတ်သွားမယ်ဆိုရင်လည်း လမ်းကရှည်တော့ အလွယ်တကူ မရောက်နိုင်ပါဘူး။ အခုဖောက်တဲ့လမ်းက အဲဒီလမ်းထက် တစ်ဆလောက်ပိုနီးပါတယ်။ အကြောင်းကြီးငယ်ရှိလို့ မြို့ကိုဆက်သွယ်ချင်ရင် ဒီလမ်းက ပိုနီးပါတယ်။ အခုလမ်းပြီးသွားရင်တော့ ရာသီမရွေး၊ နေ့ညမရွေး သွားလာနိုင်တော့မှာမို့ ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးလက်ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါလမ်းဖောက်လုပ်နေမှုကို အချိန်မီပြီးစီးနိုင်ရေး၊ စံချိန်စံညွှန်းပြည့်ဝစေရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်း၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်သင်းသင်းထွေးတို့က ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၆၈ ဒသမ ၈၈ သန်းဖြင့် လမ်းအရှည် (၄/၀ ) မိုင်ကို ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ကိုးရွာမှ ကျေးလက်နေပြည်သူ ၆၀၀၀ ကျော် အသုံးပြုသွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်းက ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**






# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ဘာစီလိုနာကို ပီအက်စ်ဂျီ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိ

ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပထမအကျော့အဖြစ် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၈ မိနစ်နှင့် ၅၅ မိနစ်တို့တွင် ဒီမာရီယာက နှစ်ဂိုး၊ မိနစ် ၄၀ တွင် ဒရက်ဇ်လာက တစ်ဂိုးနှင့် ၇၁ မိနစ်တွင် ကာဗာနီကတစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်းကို ပွဲချိန်အပြည့် ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ဒီမာရီယာ၊ ကာဗာနီ၊ ဒရက်ဇ်လာ၊ မက်တူဒီတို့ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့်လည်း ဘာစီလိုနာအသင်းဘက်ကို အကောင်းဆုံးလွှမ်းမိုးထားနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုပထမအကျော့တွင် ရှုံးပွဲကြုံခဲ့ရခြင်းကြောင့် ဒုတိယအကျော့တွင် ပိုမိုရုန်းကန်ရမည်ဖြစ်သည့်အပြင် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရန်မသေချာတော့မည့်အနေအထားသို့လည်း ရောက်ရှိသွားပြီဖြစ်သည်။

ယခုပထမအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် အားထားရသည့် တိုက်စစ်အတွဲဖြစ်သည့် မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့သည်လည်း ဂိုးရရှိရေးမစွမ်းဆောင်နိုင်ခဲ့ကြပေ။

ယခုပွဲစဉ်တွင် ပီအက်စ်ဂျီတိုက်စစ်မှူး ဒီမာရီယာသည် ချန်ပီယံလိဂ်သွင်းဂိုး လေးဂိုးမြောက်အဖြစ်သွင်းယူနိုင်ခဲ့ပြီး ကာဗာနီမှာမူ ခုနစ်ဂိုးမြောက်သွင်းဂိုးလည်းဖြစ်လာခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီတစ်ဦးတည်းသာ ချန်ပီယံလိဂ်သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူထားနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်းနှင့် ချန်ပီယံလိဂ်တွင် ထိပ်တိုက်တွေ့ဆုံရာ၌ ဘာစီလိုနာအသင်းဘက်ကို လေးဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ခြောက်သင်းမြောက်အသင်းဖြစ်လာခဲ့ပြီး အေစီမီလန်၊ ဗလန်စီယာ၊ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်၊ ဒိုင်နမိုကိယက်တို့မှာ လေးဂိုးအထိသွင်းယူနိုင်ခဲ့သည့်အသင်းများဖြစ်သည်။

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ငွေကြယ်)**

# တစ်ပတ်လုပ်ခပေါင် ၂၂၀၀၀၀ ဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ် ဒီယေဂိုကော်စတာ ချုပ်ဆိုမည်

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် စည်းမျဉ်းအရ သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်းသိရသည်။

ဒီယေဂိုကော်စတာသည် အဆိုပါ စာချုပ်သစ်ထပ်တိုးချုပ်ဆိုခဲ့မည်ဆိုပါက လုပ်ခလစာတစ်ပတ်လျှင် ပေါင် ၂၂၀၀၀၀ ရရှိမည်ဖြစ်ကြောင်းလည်းသိရသည်။

ချယ်လ်ဆီးအသင်းသည် တစ်နှစ်လျှင် ပေါင်သန်း ၃၀ ဖြင့် တရုတ်ကလပ်အသင်းများက ကမ်းလှမ်းလာမှုကိုလည်း ငြင်းဆိုခဲ့ပြီးနောက်ပိုင်း ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဒီယေဂိုကော်စတာထွက်ခွာရန်အဟန့်အတားဖြစ်ခဲ့ပြီး လက်ရှိတွင် စာချုပ်သစ်ချုပ်ဆိုတော့မည်ဆိုသည့်သတင်းထွက်ပေါ်လာခဲ့ခြင်းကြောင့် တရုတ်သို့ ပြောင်းရွှေ့မည့်သတင်းသည်လည်း ရပ်တန့်သွားခဲ့ပြီဖြစ်သည်။

ယခုချုပ်ဆိုမည့် စာချုပ်သစ်ကြောင့် တိုက်စစ်မှူးဒီယေဂိုကော်စတာသည် ပရီမီယာလိဂ်၌ ဝင်ငွေထိပ်တန်းအဆင့်ငါးဦးစာရင်းဝင်ဖြစ်လာခဲ့ပြီး ဝင်ငွေအများဆုံးကစားသမားမှာ တစ်ပတ်လျှင် ပေါင် ၃၀၀၀၀၀ ရရှိထားသည့် ရွှန်းနီဖြစ်သည်။ ကော်စတာသည် ချယ်လ်ဆီးအသင်းအတွက် မရှိမဖြစ်ကစားသမားဖြစ်ပြီး လက်ရှိတွင်လည်း ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးသွင်းထားသည်။ **(ငွေကြယ်)**




# အသင်းကြီးအချို့ ဂိုးပြတ်အနိုင်ရဖို့ခက်တယ်

## အက်ဖ်အေဖလားရင်ခုန်သံ (ရှိုင်းမင်းမင်း)

**အက်ဖ်အေဖလားပဥ္စမအဆင့်ပွဲတွေကိုလာမယ့် ဖေဖော်ဝါရီလ ၁၈၊ ၁၉၊ ၂၀ ရက်နေ့တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါအက်ဖ်အေဖလားပဥ္စမအဆင့်ပွဲတွေဟာ ဥရောပပွဲတွေကြားရောက်ရှိနေတာကြောင့် အသင်းကြီးတွေအနေနဲ့ ဂိုးပြတ်အနိုင်ရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရဖို့ရှိနေပါတယ်။**

### ဘန်လေ - လင်ကွန်း ည ၇း၀၀ (၁၈-၂-၁၇)

ဘန်လေက ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာတောင်မှ အိမ်ကွင်းမှာအသင်းကြီးတွေကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်း နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်လာမှာသေချာနေပါတယ်။ အင်္ဂလန်ရဲ့အသင်းငယ်လေး လင်ကွန်းကတော့ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် အဝေးကွင်းမှာ ခြေစွမ်းပိုင်းကျဆင်းတတ်တာကြောင့် ဘန်လေကသာနိုင်ပွဲရသွားမှာပါ။

### မစ်ဒယ်ဘာရော့ - အောက်စဖို့ဒ် ည ၉း၃၀ (၁၈-၂-၁၇)

မစ်ဒယ်ဘာရော့ကလည်း ပရီမီယာလိဂ်မှာအိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်တတ်တဲ့အသင်းဖြစ်ပါတယ်။ တိုက်စစ်ပိုင်းအနည်းငယ်အားနည်းတတ်ပေမယ့် ခံစစ်ပိုင်းကတော့ ကျစ်လျစ်မှုရှိပါတယ်။ အောက်စဖို့ဒ်ကတော့ စတုတ္ထအဆင့်မှာ နယူးကာဆယ်ကိုဂိုးပြတ်အနိုင်ရယူနိုင်ခဲ့တယ်ဆိုပေမယ့် အိမ်ကွင်းမှာဖြစ်ပြီး အခုပွဲကအဝေးကွင်းဖြစ်နေပါတယ်။ အောက်စ်ဖို့ဒ်ကခံစစ်အားပြုကစားမှာဖြစ်သလို မစ်ဒယ်ဘာရော့ကလည်း တိုက်စစ်ပိုင်းအားနည်းပေမယ့် မစ်ဒယ်ဘာရော့ကပဲအနိုင်ရသွားနိုင်ပါတယ်။

### ဟတ်ဒါဖီးလ် - မန်စီးတီး ည ၉း၃၀ (၁၈-၂-၁၇)

မန်စီးတီးက ပရီမီယာလိဂ်မှာ ချန်ပီယံဆုရယူနိုင်ဖို့ခက်ခဲနေတာကြောင့် ဒီပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ဖို့အထိရည်မှန်းထားမှာသေချာနေပါတယ်။ ဒါပေမဲ့လည်း မန်စီးတီးဟာဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် လူစုံအသုံးပြုနိုင်ဖို့တော့ခက်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဟတ်ဒါဖီးလ်ခြေက ကောင်းမွန်နေကာ အိမ်ကွင်းဖြစ်တယ်။ မန်စီးတီးကပ်ပြီးပဲအနိုင်ရဖို့ရှိတယ်။

### မီလ်ဝေါ - လက်စတာ ည ၉း၃၀ (၁၈-၂-၁၇)

လက်စတာက စတုတ္ထအဆင့်မှာ ဒါဘီကိုတောင်ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတာတွေ့ရပါတယ်။ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရမှာဖြစ်တာကြောင့် လက်စတာတို့ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ မီလ်ဝေါကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားရှိနေတာကြောင့် အကောင်းဆုံးခံကစားလာမှာသေချာနေပါတယ်။ လက်စတာနိုင်ရင်တောင်ဂိုးပြတ်ဖို့ခက်လွန်းတယ်။

### ဝုဖ် - ချယ်လ်ဆီး နံနက် ၀၀း၀၀ (၁၉-၂-၁၇)

ဝုဖ်က စတုတ္ထအဆင့်မှာ လီဗာပူးကိုတောင် အနိုင်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် ဝုဖ်တို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဝုဖ်ရဲ့ရုန်းအားကို ချယ်လ်ဆီးတို့လျှော့တွက်မှာမဟုတ်သလို ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ ချယ်လ်ဆီးခြေကလည်းကောင်းမွန်နေပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးရဲ့ကစားသမားတိုင်းက ခြေစွမ်းပြနေသလို ဥရောပပွဲလည်းမရှိဘူး။ ချယ်လ်ဆီးပဲအနိုင်ရမယ်။

### ဖူလ်ဟမ် - စပါး ည ၈း၃၀ (၁၉-၂-၁၇)

စပါးစ်က လက်ရှိအချိန်မှာခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ဒီပြိုင်ပွဲလည်း ဗိုလ်စွဲဖို့အထိရည်မှန်းထားနိုင်ပါတယ်။ ဒါပေမဲ့ ဒီပွဲဟာ ယူရိုပါလိဂ်နှစ်ပွဲကြားရောက်ရှိနေတာကြောင့် စပါးစ်တို့ခြေကုန်ထုတ်နိုင်ဖို့အခက်တွေ့နိုင်ပါတယ်။ ဒါ့အပြင်ဖူလ်ဟမ်ရဲ့ခြေစွမ်းကလည်း လိဂ်ချန်ပီယံရှစ်မှာကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ဖူလ်ဟမ်ရဲ့ရုန်းအားကကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း စပါးတို့အခက်တွေ့နိုင်ကာ ကပ်ပြီးသာ အနိုင်ရဖို့ရှိနေပါတယ်။

### ဘလက်ဘန်း - မန်ယူ ည ၁၀း၄၅ (၁၉-၂-၁၇)

မန်ယူက ဒီပွဲကို ယူရိုပါလိဂ်နှစ်ပွဲကြားမှာ ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်ယူအနေနဲ့အဓိကကစားသမားတွေကို အသုံးပြုနိုင်ဖို့မသေချာပါဘူး။ မန်ယူဟာအရန်ကစားသမားအင်အားပိုင်းလည်း ပြည့်စုံမှုမရှိတာသတိပြုရမှာဖြစ်ပါတယ်။ ဘလက်ဘန်းကတော့ ခြေစွမ်းပိုင်းအားနည်းနေပေမယ့် အိမ်ကွင်းအားနဲ့ခံကစားမှာ သေချာနေပါတယ်။ မန်ယူကပ်ပြီးသာနိုင်မယ်။

### ဆက်တန် - အာဆင်နယ် နံနက် ၂း၂၅ (၂၁-၂-၁၇)

အာဆင်နယ်က ပရီမီယာလိဂ်မှာချန်ပီယံဖြစ်နိုင်ဖို့ခက်ခဲလွန်းနေတာကြောင့် ဒီအက်ဖ်အေဖလားပွဲမှာ ဗိုလ်စွဲဖို့အထိ ရည်မှန်းထားမှာ သေချာနေပါတယ်။ ဒါပေမဲ့ အာဆင်နယ်ဟာဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်တာကြောင့်ပွဲပန်းမှုတွေရှိလာ နိုင်ပါတယ်။ ဆက်တန်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ အသင်းငယ်လေးဖြစ်ပေမယ့် အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့မထင်မှတ်ဘဲအခက် တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားနှင့်နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့်မန်းရေနံမြေ

**(ယမန်နေ့မှအဆက်)**

"ဝန်ထမ်းတွေအချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်တယ်။ လုပ်ငန်းခွင်အန္တရာယ်ကင်းဖို့အတွက် သတ်မှတ်ထားတဲ့ ဝတ်စုံ၊ ဖိနပ်၊ ဦးထုပ်နှင့် မျက်မှန်စသည်တွေကို လုပ်ငန်းခွင်မှာအားလုံးဝတ်ဖို့ အတူတူထုတ်ပေးထားတယ်။ နေမကောင်းဖြစ်ရင်လည်း ဒီမှာဆေးကုဖို့ ဆရာဝန်၊ ဆေးခန်း ၂၄ နာရီရှိတယ်။ ဒီမှာရှိသမျှဝန်ထမ်းအားလုံးတန်းတူပဲဆက်ဆံတယ်၊သူ့ဝန်ထမ်းကိုယ့်ဝန်ထမ်းမခွဲခြားဘူး"ဟု MPRL E&P မှ HSE မန်နေဂျာ ဦးနေမျိုးအောင်ကပြောပါတယ်။

မေလအတွင်းကမန်းရေနံမြေမှာရေနံတွင်းမောင်းညိတ်စက်ပေါ်က ပြုတ်ကျလို့အနာတရဖြစ်သွားခဲ့တဲ့ MOGE မှ ဝန်ထမ်းတစ်ဦးကိုလည်း ကုမ္ပဏီကငွေကျပ် ၃၇ သိန်း ကျော်ကူညီထောက်ပံ့ပေးခဲ့ကြောင်းသိရပါတယ်။

MOGE မှ ဝန်ထမ်းတစ်ဦးက "ကုမ္ပဏီနဲ့ အလုပ်လုပ်ရတာ အခက်အခဲမရှိပါဘူး။အခြေခံလစာက အစိုးရကပေးတယ်။ ကုမ္ပဏီကတခြားထောက်ပံ့ကြေးပေးတယ်။ နေ့စဉ်ထမင်းကျွေးတယ်။ ထိခိုက်ဒဏ်ရာရတဲ့ MOGE က ဝန်ထမ်းကိုဇော်ဝင်းကိုဆိုရင် ပြုတ်ကျတာခါးဆစ်ရိုးကျိုးသွားလို့ လိုအပ်တဲ့ ဆေးကုသမှုလည်းလုပ်ပေးတယ်။ အခြားလိုအပ်တဲ့အကူအညီမျိုးလည်း ပေးတယ်။ ဒါ့အပြင် ကုမ္ပဏီက ကရုဏာကြေးဆိုပြီးထောက်ပံ့တယ်။ ဒါက တရားဝင်လိုအပ်ချက်ကြောင့် ပေးတာမဟုတ်ပါဘူး။ ကုမ္ပဏီလူကြီးတွေရဲ့စေတနာအရပေးတာပါ"ဟု ပြောပြပါတယ်။

MPRL E&Pအနေဖြင့် ဝန်ထမ်းများတာဝန်ထမ်းဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် Personal Protective Equipment များကို ဘတ်ဂျက်လျှော့ချမှုများ ရှိနေသည့်တိုင်အောင် ယခင်နှစ်များထက်ပိုမိုဖြည့်တင်း ဝယ်ယူအသုံးပြုစေခဲ့ပါတယ်။ လုပ်ငန်းခွင်အတွင်းအန္တရာယ်ကင်းစွာလုပ်ကိုင်ဆောင်ရွက်စေမည့်ပုံစံ(Work Procedure) များကိုလည်း HSEဌာနမှ ကဏ္ဍအလိုက်ပြန်လည်သုံးသပ်ပြီး ဖြည့်စွက်ပြင်ဆင်ကာ အန္တရာယ်ကင်းရှင်းရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအသိများ မြင့်မားပြန့်ပွားလာစေရန်ရည်ရွယ်၍ အသိပညာပေးသင်တန်းများအား အပတ်စဉ်ပုံမှန်ပို့ချပေးခဲ့ပါတယ်။ MPRL E&P ၏ ကုမ္ပဏီဝန်ထမ်းများသာမက MOGE မှ ဝန်ထမ်းများအကြားတွင်လည်း Positive Safety Culture အလေ့အထပေါက်ပွားရှင်သန်လာစေရန်အန္တရာယ်ဖြစ်စေနိုင်သောအခြေအနေ (Unsafe Condition)၊ အန္တရာယ်ကြုံတွေ့စေနိုင်သောအပြုအမူ (Unsafe Action)များအား သတင်းပို့သည့်စနစ်ဖြစ်သည့် CARE Card System ကိုလည်း ပိုမိုအလေးပေးကျင့်သုံး ဆောင်ရွက်စေခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်မှုများကြောင့်လည်း ဝန်ထမ်းများ လုပ်ငန်းခွင်ထိခိုက်မှုကိုတတ်နိုင်သမျှနည်းစေခဲ့ရပါတယ်။ အကယ်၍ မတော်တဆထိခိုက်မှုမျိုးရှိလာခဲ့လျှင်လည်း MOGE ဝန်ထမ်း၊ MPRL E&P ဝန်ထမ်းဟူ၍မခွဲခြားဘဲ လိုအပ်သမျှ ကျန်းမာရေးစောင့်ရှောက်မှုသာမက လူမှုရေး ထောက်ပံ့မှုများလည်း ပြုလုပ်ခဲ့ပါတယ်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

ရေနံတူးဖော်ရေးလုပ်ငန်းဖြစ်သည့်အတွက် ရေနံတွင်းမှထွက်လာသည့်ရေဆိုးများ၊ ရေနံနှင့်ဖယောင်းစသည်များကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျသန့်စင်ရှင်းလင်းသိမ်းဆည်းသည့်စနစ်များဖြင့် သတ်မှတ်ထားသောဥပဒ်မဖြစ်စေသည့် လုံခြုံဘေးကင်းသည့်နေရာများတွင် စွန့်ပစ်ကြောင်းကုမ္ပဏီမှသိရပါတယ်။

ရေနံထုတ်ယူရာတွင် အနည်းနဲ့အများဆိုသလို ရေနံနှင့်အတူပါလာသည့် ရေငန်၊ ဖယောင်းနှင့် စွန့်ပစ်အညစ်အကြေးများ၏ဒဏ်ကို ပတ်ဝန်းကျင်ဒေသများမှ ခံရစမြဲဖြစ်ရာ မန်းရေနံမြေတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများမှအနည်းဆုံးနှင့်အသက်သာဆုံးဖြစ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးထုတ်လုပ်မှုလမ်းညွှန်ချက်များတွင်ပါဝင်သောကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်သောလမ်းညွှန်ချက်များနှင့်ကိုက်ညီစွာစနစ်တကျဆောင်ရွက်လျက်ရှိကြောင်း MOGE မှ သိရပါတယ်။

"ရေနံမြေကထွက်သမျှရေတွေက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်"ဟု အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ကပြောပါတယ်။



ထို့အပြင် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် နိုင်ငံတကာကျင့်သုံးနေသောအကောင်းဆုံးနည်းလမ်းများနှင့် United Nations (UN) Global Compact ၏သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော လိုက်နာဆောင်ရွက်ရန်ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများအား မူဝါဒချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။

မန်းရေနံမြေတွင် ရေနံတွင်းများမှထွက်ရှိလာသည့် ရေနံများကို ရေနံထိန်းသိမ်းရေးသံကန်တန်းစခန်းများဖြစ်သည့် သံကန်တန်း (၁) မှ (၅) အထိ စခန်းငါးခုသို့ ပိုက်လိုင်းများဖြင့်ပို့ဆောင်ပြီး ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းတွင် ပမာဏအများဆုံးစွန့်ပစ်ပစ္စည်းဖြစ်သော ရေနံနှင့်အတူထွက်လာသည့်အညစ်အကြေးများကို ရေဆိုးကန်များဖြင့် စနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိကာ ၎င်းမှ ရေ ၉၂ ရာခိုင်နှုန်းခန့်ကို အသုံးမပြုတော့သည့် ရေနံတွင်းဟောင်းများအတွင်းသို့ Pump စက်များအသုံးပြု၍ စနစ်တကျပြန်လည်စွန့်ပစ်ကြောင်း၊ ဤသို့ပမာဏများပြားသည့် စွန့်ပစ်ရေများကို တွင်းဟောင်းများအတွင်းသို့စွန့်ပစ်ခြင်းမှာ လွယ်ကူသည့် လုပ်ငန်းမဟုတ်ကြောင်း၊ တွင်းဟောင်းများ၏ တည်ရှိနေသည့် Geology နှင့် Reservoir Engineering တို့၏ သဘာဝများကို ဆန်းစစ်အကဲဖြတ်ရကြောင်း၊ဆက်လက်၍ Projecting, Engineering မှ Technology နှင့် Surface Facilitiesအကူအညီကိုရယူ၍စနစ်တကျတွင်းရွေးချယ်စွန့်ပစ်ရကြောင်း၊ ဤနည်းအားဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကျဆင်းသည်သာမက မြေအောက်ရေနံကျန်ရှိခိုအောင်းနေသောသဲကြောများကို အထိုက်အလျောက် Pressure Energy ပြန်လည်ဖြည့်တင်းပေးနိုင်သဖြင့် ရေနံထုတ်လုပ်မှုကိုပါ အနည်းငယ်အထောက်အကူရရှိစေကြောင်း MPRL E&P မှ သိရပါတယ်။

ယခင်က ရေနံတွင်းများမှထွက်သောရေများကို မန်းချောင်းနှင့်ဧရာဝတီမြစ်အတွင်းသို့ စွန့်ပစ်ခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိခဲ့သော်လည်း "၂၀၁၄ ခုနှစ်မှစ၍ ရေနံမြေ၏ပြင်ပသို့လုံးဝမရောက်အောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်"ဟု မန်းရေနံမြေမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

၎င်းအပြင် ရေနံတွင်းအခြေများတွင် ရေနံယိုဖိတ်မှုမဖြစ်စေရန် Concrete Pad နှင့် Concrete Pit များ ဆောက်လုပ်မှုကို စီမံကိန်းချ၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရပါတယ်။

ရေနံလုပ်ကွက်တွင်းအမှတ် (၄၃၁)အနီး စိုက်ပျိုးရေးလုပ်ကိုင်သူ မန်းကျေးရွာနေ တောင်သူဦးအေးထွန်းက "အခုထိတော့ ရေနံယိုဖိတ်တာတော့ မရှိပါဘူး။ ရေနံတွင်းရဲ့ ပေ ၁၀၀ ပတ်လည်ကို ကျော်လွန်ပြီးပတ်ဝန်းကျင်ထိခိုက်တာ၊ စိုက်ခင်းတွေ ပျက်စီးတာဖြစ်ရင် ကုမ္ပဏီကသီးနှံလျော်ကြေးပေးတယ်။ရေနံတွင်းတူးစင်နဲ့ ပေ ၁၀၀ အတွင်းသွားပြီးစိုက်လို့ပျက်စီးရင်တော့မရဘူးပေါ့"ဟု ပြောပါတယ်။

၎င်းအပြင် ရေနံနှင့်ရေဆိုးများ ယိုဖိတ်မှုများနှင့် ပတ်သက်၍ Emergency Response Team ကို MOGE နှင့်ပူးပေါင်းဖွဲ့စည်းကာ မန်းရေနံမြေအတွင်းယိုဖိတ်မှုဖြစ်ပါက အလျင်အမြန်ရှင်းလင်းဆောင်ရွက်ပေးနေကြောင်း သိရပါတယ်။

ယခင်ကရေနံတွင်းများမှထွက်လာသည့်ရေဆိုးများကို သယ်ယူလာသည့်ကားများက လယ်ယာလုပ်ကိုင်သူများ၏ ယာခင်းနားအနီးတွင် ဖောက်ချခဲ့သည့်အတွက် တောင်သူများ၏ယာမြေများရှိ ယာခင်းသီးနှံများပျက်စီးခဲ့မှုများရှိခဲ့သော်လည်း ယခုအခါစနစ်တကျစွန့်ပစ်မှုများကြောင့် "ယာမြေတွေပျက်စီးမှုနည်းသွားပြီ"ဟု တောင်သူဦးစိုးဝင်းကပြောပြပါတယ်။

မန်းရေနံမြေအတွင်း ဒေသခံတောင်သူများက နေကြာ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်းဖူး၊ ပဲတီစိမ်းစသည့် သီးနှံခင်းများအပြင် ထင်းရှူးသေတ္တာများဖြင့် မြေကြီးပေါ်တွင်ချ၍ ပျားမွေးမြူရေးလုပ်ကိုင်ဆောင်ရွက်နေသည်မှာလည်း နေရာအနှံ့ပင်တွေ့ရပါတယ်။

မန်းရေနံမြေအတွင်း စိုက်ပျိုးလုပ်ကိုင်သူတောင်သူများကို နံနက် ၆ နာရီမှညနေ ၆ နာရီအတွင်း လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်သွားလာခွင့်ပေးထားပြီး ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း မန်းရေနံမြေအတွင်း သွားလာခွင့်ကို တားမြစ်ထားရခြင်းသည် တောင်သူများ၏သီးနှံများ ပျောက်ဆုံးမှုနှင့်ရေနံပိုက်များမှတစ်ဆင့် ရေနံခိုးထုတ်ဖောက်ယူသည့်ကိစ္စများကို ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်တယ်လို့ MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ရှင်းပြပါတယ်။

ထို့ပြင် ကုမ္ပဏီလုပ်ငန်းခွင်နှင့် အခြေစိုက်စခန်းများမှထွက်သောအညစ်အကြေးများအား စနစ်တကျစွန့်ပစ်ရန် အဆောက်အအုံ (Waste Management Compound) ကို ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး လက်ရှိတွင် ဝန်ထမ်းနှစ်ဦးက စနစ်တကျသိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါတယ်။

ရေနံနှင့်အတူထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကိုစနစ်တကျစုဆောင်းပြီး ရေနံဓာတ်ငွေ့ရည်စက်ရုံသို့ပို့ခြင်းနှင့် ဒေသတွင်းအသုံးပြုရန်အတွက် ဝန်ထမ်းအိမ်ရာများတွင် အသုံးပြုလျက်ရှိတယ်လို့ MPRL E&P ထံမှ သိရပါတယ်။

## ရေနံအထွက်တိုးရေးကြိုးပမ်းမှု

"မန်းရေနံမြေမှာ အခုဆို တူးဖော်ထားတဲ့ရေနံတွင်းပေါင်း ၆၆၈ တွင်းရှိတယ်။ အဲဒီ ၆၆၈ တွင်းမှာ အခုလောလောဆယ် ၃၂၅ တွင်းကပဲ ထုတ်နိုင်တယ်။ ပိတ်ထားတဲ့တွင်းက ၃၂၆ တွင်း၊ စွန့်ပစ်ရေပြန်ထည့်တဲ့တွင်းက ၁၇ တွင်းရှိတယ်"ဟု MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ထံမှသိရပါတယ်။

ယခုလက်ရှိတွင် မန်းရေနံမြေအတွင်းရှိ ရေနံအထွက်နှုန်းနည်းပါးသည့်တွင်းများအား ရေနံအထွက်နှုန်းကောင်းမွန်ရန် MPRL E&P မှ (p 75)(p 69) Casing Swabing စက်နှစ်စီးကို နည်းပညာတီထွင်အသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတွင်းမည်သူမျှ မပြုလုပ်ဖူးသော နောက်ဆုံးပေါ်နည်းများဖြစ်သည့် Greenzyme နှင့် အခြား Chemical Treatment များ၊ Hydraulic Fracturing Technique များ၊ တွင်းဟောင်းများအား ပေနက်ပိုင်းခန့် ဆက်လက်တူးဖော်ခြင်း (Deepening) ကို အသုံးပြု၍လည်း ရေနံထုတ်လုပ်မှုအထွက်တိုးစေရန် ဆောင်ရွက်လျက်ရှိကြောင်း MPRL E&P မှသိရပါတယ်။

"တချို့တွင်းတွေက Pumping Unit (မောင်းညိတ်စက်)နဲ့ တစ်နေ့လုံးဆွဲတာတောင် ရေနံတစ်ရက်မှနှစ်စည်၊ သုံးစည်လောက်ရတာ။ နောက်ပြီး မော်တာလျှပ်စစ်ကိုသုံးနေရတယ်။ တွင်း (၇၀) စာလောက်အတွက် စက်က မလုံလောက်ဘူး။ အဲဒီစက်တွေကဈေးကြီးတယ်။ စက်အပေါ်မူတည်ပြီး အဟောင်းတောင် ဒေါ်လာလေး၊ငါး သောင်းပေးရတာ။ MOGE က Pulling Unit စက်တွေကို Casing Swabbing Unit အဖြစ်ပြောင်းလဲပြီး ကုမ္ပဏီကရေနံခပ်လို့ရအောင်တီထွင်လိုက်တယ်။ အဲဒီစက်တွေက ရွှေ့လျားလို့ရတဲ့အခါကျတော့ တစ်ရက်ကိုရေနံတွင်း ငါးတွင်းလောက်လိုက်ဆွဲနိုင်တဲ့အတွက် ပိုပြီးတွက်ခြေကိုက်တယ်"ဟု MPRL E&P မှ တာဝန်ရှိသူ ဦးခင်မောင်ဌေးကပြောပြပါတယ်။

## Win-Win အကျိုးကျေးဇူး

MOGE နှင့် MPRL E&P တို့အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ချုပ်ဆိုထားသည့် Performance Compensation Contract (PCC) သဘောတူစာချုပ်တွင် မူလအခြေခံထုတ်လုပ်မှုနှင့် အထွက်တိုးထုတ်လုပ်မှုဆိုပြီး နှစ်ပိုင်း ပါရှိပါတယ်။ စာချုပ်မချုပ်မီ ကတည်းက MOGE က ထုတ်လုပ်နိုင်နေသော ပမာဏကို မူလအခြေခံထုတ်လုပ်မှု (Base Production) လို့ ခေါ်ပါတယ်။ စာချုပ်ချုပ်ဆိုပြီးတဲ့အခါမှာ ကုမ္ပဏီကအလုံးစုံရင်းနှီးကျခံထုတ်လုပ်ရပြီး ရလာတဲ့ထုတ်လုပ်မှုတွေထဲက အဲဒီမူလအခြေခံထုတ်လုပ်မှု ပမာဏ ၁၀၀ ရာခိုင်နှုန်းအားလုံးကို နိုင်ငံတော်ကရယူပါတယ်။ အခြေခံထုတ်လုပ်မှုသတ်မှတ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်တဲ့ပမာဏကိုတော့ အထွက်တိုးထုတ်လုပ်မှု (Incremental Production) လို့ခေါ်ပြီး အဲဒီအထွက်တိုးထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော်ကပဲ ထပ်မံခွဲဝေရယူပါတယ်။ ကျန်တဲ့ အထွက်တိုးထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းကိုသာ စိုက်ထုတ်ထားသောကုန်ကျစရိတ်များအတွက် ခုနှိမ်မှု (Cost Recovery) အနေနဲ့ ကုမ္ပဏီကခွဲဝေရရှိပါတယ်။ ထိုသို့ Cost Recovery အတွက်ခွဲဝေပြီးနောက် ပိုလျှံတဲ့ပမာဏကိုစွန့်စားရင်းနှီးမြှုပ်နှံမှုအတွက်ပြန်လည်ရရှိမှု (Risk Compensation) အတွက်ခွဲဝေမှုအဖြစ်ကို အဆိုပါပိုလျှံတဲ့ ပမာဏမှ နိုင်ငံတော်က ၆၅ ရာခိုင်နှုန်းရယူပြီး ကုမ္ပဏီက ၃၅ ရာခိုင်နှုန်းအဖြစ် အကျိုးအမြတ်ခွဲဝေမှုအနေနဲ့ခွဲဝေရရှိပါတယ်။ ဒါကြောင့် မန်းရေနံမြေ PCC Contract စာချုပ်အရ လက်ရှိအချိန်ထိထွက်ရှိလာသောအထွက်တိုးရေနံထုတ်လုပ်မှုအပေါ် ခွဲဝေမှုကို ကြည့်မယ်ဆိုရင် ဥပမာ-အထွက်တိုးစည် ၁၀၀ ထွက်တယ်လို့ယူဆပါက နိုင်ငံတော်အနေနဲ့ ၇၃ စည်ခန့်ရရှိပြီး ကုမ္ပဏီကတော့ ၂၇ စည်ခန့်ရရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်တွက်မယ်ဆိုရင် စုစုပေါင်းအထွက်တိုးထုတ်လုပ်မှုရဲ့ ၇၃ ရာခိုင်နှုန်းကို နိုင်ငံတော်ကရရှိတာဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူဖြစ်တဲ့ MPRL E&P အနေနဲ့ ၂၇ရာခိုင်နှုန်းရရှိတာဖြစ်ပါတယ်"ဟု Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။

## ဒေသခံတို့၏စကားသံ

မန်းရေနံမြေမှဒေသခံတောင်သူများအနေဖြင့် ရေနံမြေစတင်တူးဖော်ခဲ့သည့်အချိန်မှစ၍ စိုက်ပျိုးမြေနည်းပါးခဲ့ပြီး မြေနုကျွန်းပေါ်သည့်အချိန်မှသာ စိုက်ပျိုးလုပ်ကိုင်နေရသည့်အတွက် ရေနံထုတ်လုပ်မှုမရှိသော ယာမြေများကို ပြန်လည်ရရှိရန်မျှော်လင့်နေကြကြောင်း၊ ဒေသခံတစ်ဦးလည်းဖြစ်၊ ကျေးရွာစုအုပ်ချုပ်ရေးမှူးလည်းဖြစ်သည့် ဦးစိုးဝင်းထံမှသိရပါတယ်။

MOGE နှင့် MPRL E&P တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့်အချိန်မှစ၍ မန်းရေနံမြေတွင် ရေနံတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခဲ့ပြီး ဒေသခံများ၏လိုအပ်ချက်များ၊ လူမှုအကျိုးပြုလုပ်ငန်းများကို MOGE နှင့် MPRL E&P တို့က ဆောင်ရွက်ပေးနေသော်လည်း စိုက်ပျိုးမြေရှားပါးလာမှုနှင့်အလုပ်အကိုင် ရှားပါးမှုကို "ဒီဒေသမှာက စိုက်ပျိုးလုပ်ကိုင်စရာက မြေနု ကျွန်းပဲရှိတော့တယ်။ လက်လုပ်လက်စားတွေ အလုပ်အကိုင် အခွင့်အလမ်းတွေရစေချင်တယ်၊ ရေနံတူးခဲ့တဲ့ နေရာတွေကတိုင်းပြည်အတွက် အကျိုးရှိလို့ထားပါ။ ရေနံမတူးတော့တဲ့နေရာတွေကိုတော့ စိုက်ပျိုးဖို့အတွက် ဒေသခံတွေကို ပြန်ပေးစေချင်တယ်"ဟု ၎င်းက ပြောပြခဲ့ပါတယ်။

**စာမျက်နှာ ၁၆ သို့**

# မန္တလေးမြို့တွင် ကျင်းပသည့်(၁၅)ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲတွင် သစ်ခွပန်းဝယ်ယူမှုများပြား

**မန္တလေး ဖေဖော်ဝါရီ ၁၅**
မန္တလေးမြို့တွင်(၁၅)ကြိမ်မြောက် ကျင်းပသည့် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် လာရောက်ကြည့်ရှုသူများဖြင့်စည်ကားလျက်ရှိသည်။ ပန်းအလှစိုက်ပျိုးထားခြင်းများ၊ ပြိုင်ပွဲဝင် သစ်သီးဝလံများကို ကြည့်ရှုလေ့လာကြသည်။ ပြခန်းများမှာလည်း စိတ်ဝင်စားဖွယ်ရာ ပြသထားပြီး ဗဟုသုတများစွာရရှိသော ပွဲတော်ပင်ဖြစ်သည်။ ပြပွဲလာ ပန်းချစ်သူများမှာ ပြပွဲတွင်ရောင်းချသည့် သစ်ခွပန်းပင်များကို ဝယ်ယူမှုများပြားလျက်ရှိကြောင်းသိရသည်။

မြို့ပြဒေသနှင့်ကျေးလက်များတွင် မြေနေရာများစွာ မပေးရသော အလှပန်းအိုးကလေးများကိုဝယ်ယူအလှဆင်ကြသည်။ မြို့ပြများတွင် တိုက်ခန်းပေါက်တွင် သစ်ခွပန်းပင်ကလေးများကို ချိတ်ဆွဲစိုက်ပျိုးလာကြသည။ သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲတွင်သစ်ခွပန်းအိုးမျိုးစုံကို လှပသော အရုပ်ပုံသဏ္ဌာန်ပန်းအိုးကလေးများဖြင့် စိုက်ပျိုးရောင်းချလာသည့်အတွက် စိတ်ဝင်စားမှုပိုကာဝယ်ယူမှု များပြားလာခဲ့သည်။

သစ်ခွပန်းမှာဈေးနှုန်းချိုသာပြီး တစ်နေ့လျှင် ရေတစ်ခါလောင်းရုံဖြင့် လှပစိမ်းလန်းသည့်ပန်းအလှပင်ကလေးများကို မြင်တွေ့ခွင့်ရ သော အပင်ဖြစ်သည်။ သစ်ခွပန်းပင်မျိုးစုံကို ပြည်ပမှတင်သွင်းသည့်သစ်ခွပန်းများနှင့်အတူ ပြည်တွင်းမျိုးများကိုပါ တွဲဖက်ရောင်းချကြသည်။ သစ်ခွပျိုးပင်ရောင်းချသူအများစုမှာ လူကြိုက်များသည့်ဒန်ဒိုဗီယာ၊ မိုကာလာ၊ ဖန်စီ၊ ကတ်ကတီးယား၊ ဘန်ဒါ၊ ဆိုသော သစ်ခွပျိုးပင်များကိုအများဆုံးရောင်းချကြသည်။ အခြားသစ်ခွပန်းမျိုးစုံကိုလည်း စုံစုံလင်လင်ရောင်းချသည့်အတွက် ဝယ်ယူသူများသဘောကျလျက်ရှိသည်။

ဖန်စီဟုခေါ်သော သစ်ခွတွင် လှပသော အဝါရောင်ကလေးများပွင့်ပြီးစိတ်ဝင်စားကြသည်။ အရောင်မျိုးစုံရှိသော သစ်ခွများတွင်အိမ်ချိတ်ဆွဲရန် ခရမ်းစပေါ့ပြောက်သစ်ခွအရောင်ကလေးများကို ရွေးချယ်မှုများကြသည်။ လှပသော သစ်ခွပန်းအိုးကလေးများကို အလွယ်တကူချိတ်ဆွဲနိုင်အောင် ကြေးနန်းကလေးများဖြင့် သေသပ်ကျနစွာ ပြုလုပ်ပေးထားသည်။ ဒန်ဒိုဗီယာကို ငွေကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ မိုကာလာအရောင်သစ်ခွ၊ ကတ်ကတီးယား သစ်ခွများနှင့်အတူ အခြားသစ်ခွပန်းများကိုလည်း အပင်အနေအထားအလိုက်ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိသည်။ အနည်းဆုံးသစ်ခွ ပန်းပင်တစ်ပင်လျှင် ငွေကျပ်၂၅၀၀မှ အများဆုံး ငွေကျပ် ၂၅၀၀၀အထိရှိသည်။ လက်ရှိကာလ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲလာသူများသည် သစ်ခွပန်းများကို ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။



**တိမ်တမန်**




**မင်းဘူး ဖေဖော်ဝါရီ ၁၅**
မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးသိန်းနိုင်ဝင်းနှင့် ဝန်ထမ်းများအဖွဲ့သည် တောင်သူများစိုက်ပျိုးဖြစ်ထွန်းမှုနှင့် ဆက်စပ်သော ဇီဝနည်းဖြင့် ကာကွယ်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ဓာတုပိုးသတ်ဆေးသုံးစွဲခြင်းများအား လျှော့ချနိုင်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကို တောင်သူစိုက်ခင်းများအရောက် သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က မင်းဘူးမြို့နယ် ထနောင်းတောအုပ်စု တောဘိုကုန်းကျေးရွာ ကွင်းအမှတ် (၁၀၉၁)ရှိ အကျိုးဆောင်တောင်သူ ဒေါ်ဝင်း၏ ကုလားပဲသီးနှံစိုက်ခင်းတွင် ဥကပ်ပါးနကျီး ဥများလွှတ်ခြင်း၊ ကုလားပဲသီးလုံးဖောက်ပိုးကျရောက်မှုကို ဇီဝနည်းဖြင့် ကာကွယ်ခြင်း၊ ဓာတုပိုးသတ်ဆေးသုံးစွဲခြင်းများအား လျှော့ချနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**ဖိုးပြည့်**

## ဆင်ဇာချောင်းတံတားချဉ်းကပ်ဝဲ/ယာလမ်း ကတ္တရာအဆင့်မြှင့်တင်ခြင်းဆောင်ရွက်

**ပေါက် ဖေဖော်ဝါရီ ၁၅**
မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တံခွန်ရပ်ကွက်ဘုရင့်နောင်လမ်းအမှတ်(၂) ဆင်ဇာချောင်းတံတားချဉ်းကပ်လမ်းဝဲ/ယာအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလဆန်းပိုင်းတွင်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆ -၂၀၁၇ ငွေလုံး၊ ငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ သိန်းဖြင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်တာဝန်ခံ အင်ဂျင်နီယာဦးစိုးမိုးကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းနှင့်အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါလမ်းမှာ မြို့တွင်းမိန်းလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းနှင့်အပြိုင် မြို့တွင်းလမ်းသွယ်များနှင့် ဆက်သွယ်ထားပြီး အသွားအလာများသည့်လမ်းဖြစ်သည့် အတွက် မူလက ကျောက်ချောလမ်းအဆင့်သာဖြစ်ပြီး ယခုအခါ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာ မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးလက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူများ ရာသီမရွေးဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**



**စာမျက်နှာ ၁၅ မှ**
Public-Private Partnership (PPP) **ရဲ့အကျိုးကျေးဇူး**
ယနေ့မန်းရေနံမြေရဲ့အောင်မြင်မှုတွေဟာ PPP လို့ခေါ်တဲ့Public-Private Partnership ပုံစံကို အခြေခံဆောင်ရွက်နိုင်လို့ရရှိခဲ့တာဖြစ်ပါတယ်။ PPP ဆိုတာဟာ နိုင်ငံတော်အစိုးရပိုင် Enterprise လုပ်ငန်းတစ်ခုနှင့်ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းတစ်ခုအကြား နှစ်ဦးနှစ်ဖက်သဘောတူကန်ထရိုက်စာချုပ်ချုပ်ဆိုဆောင်ရွက်ရတဲ့ စီးပွားရေးလုပ်ငန်းပုံစံတစ်ခုဖြစ်ပါတယ်။ အဲဒီသဘောတူစာချုပ်အရ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းတစ်ခုချင်းအလိုက်ပိုင်ဆိုင်မှုတွေ၊ အရည်အသွေးတွေကို အချိုးကျထည့်ဝင်ပေါင်းစုပြီး နိုင်ငံနှင့်ပြည်သူရေရှည်အကျိုးအတွက် ပုံဖော်ဆောင်ရွက်ကြရပါတယ်။ ဒီနေရာမှာ မန်းရေနံမြေ Project ဟာ PPP အတွက် အကောင်းဆုံးဥပမာပုံစံတစ်ခုလို့ ပြောနိုင်ပါတယ်။ Natural Decline ကြောင့်ရေနံအထွက်နှုန်းကျဆင်းလာနေတဲ့ရေနံမြေဟောင်းတစ်ခုကို ရေရှည်ထိန်းသိမ်းဖို့နဲ့ အထွက်နှုန်းပြန်လည်တိုးတက်လာနိုင်ရန်အတွက် အစိုးရကပဲလုပ်ဆောင်ရန်ခက်ခဲတဲ့အချိန်မှာ နည်းပညာနဲ့ဘဏ္ဍာငွေကြေးဆိုင်ရာတတ်နိုင်သော ပုဂ္ဂလိကကုမ္ပဏီတစ်ခုနဲ့အပြန်အလှန်ညှိနှိုင်းပြီး သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုကြောင့် ယနေ့နှစ် ၂၀ ကျော် ကာလရောက်ရှိလာသည့်တိုင်အောင် နိုင်ငံနှင့်ပြည်သူရဲ့ရေရှည်အကျိုးကို အဲဒီရေနံမြေက တစ်နည်းအားဖြင့် မန်းရေနံမြေက ဖြည့်စွမ်းပေးနိုင်နေဆဲပဲဆိုတာကို မျက်ဝါးထင်ထင်မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်ကတော့ “ဒါကြောင့် ယခုအချိန်မှာ အစိုးရဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ အားလုံးဟာ ကိုယ်လိုချင်တာတစ်ခုတည်းကိုပဲ ကိုယ့်ဘက်ကသာအောင်ကြည့်ချင်၊ လုပ်ချင်လို့ မဖြစ်နိုင်တော့ပါဘူး။ နိုင်ငံရဲ့ရေရှည်အကျိုးကိုရှေးရှုပြီး အထက်မှာပြောခဲ့တဲ့အများသဘောတူ PPP ပုံစံမျိုးကိုဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်”လို့ သူ့အမြင်ကို ပြောပြခဲ့ပါတယ်။

မင်းဘူးက မန်းရေနံ၊
အညာမြေ အိုအေစစ် ချစ်ဘွယ့်အမှန်။
စွမ်းအင်က အခြေခံ
နိုင်ငံတော်ကြွယ်ဝရေး၊
ကုမ္ပဏီ အဖွဲ့အစည်းတွေနဲ့
စုံညီစွာ တကယ့်ခရီးမှာဖြင့်
ဖြည့်ဆည်းညီတူကွဲ့
ပြည်သူတွေ အတူတွဲလေမှ
ပွဲလှလိမ့်လေး။ ။

( မြင်းမှူးမောင်နိုင်မိုး )

သတင်းဆောင်းပါး-သီသီမင်း
ဓာတ်ပုံ-နေလင်း

## အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်များစစ်ဆေး

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၁၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့် (၅၈)မျိုးနှင့် မဆလာတစ်မျိုးတို့ကို ဈေးကွက်အတွင်း ရောင်းချခြင်းများအား ထိန်းသိမ်းကွပ်ကဲခြင်းများ ဆောင်ရွက်ရန် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမြင့်ဦး ဦးဆောင်သော ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ ပူးပေါင်း၍ စည်ပင်သာယာဈေးအတွင်း ဖေဖော်ဝါရီ ၁၃ ရက်နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

စားသုံးသူရေးရာမြို့နယ်တာဝန်ခံ ဦးမြင့်ဦးက “စားသုံးသူများအခွင့်အရေးနဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့၊ အစားအသောက်ထုတ်ကုန်တွေ လုံခြုံစိတ်ချရမှုရှိစေဖို့ အဓိကကတော့ ပြည်သူတွေ လုံခြုံစိတ်ချရတဲ့ အစားအသောက်တွေကို နေ့စဉ်စားသုံးသွားနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေတာပါ” ဟု ပြောသည်။

**ဖေယျာထွန်း(ကြို့ပင်ကောက်)**

# ခရီးသည်တင်လေယာဉ်ကို ဝင်တိုက်မိခဲ့သည့်အတွက် ဟယ်ရီစင်ဖို့ဒ် စစ်ဆေးခံနေရ



**ဟောလိဝုဒ်ရဲ့နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဟယ်ရီစင်ဖို့ဒ်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုတစ်ခုကြောင့် လတ်တလောမှာ စုံစမ်းစစ်ဆေးမှုတွေခံယူနေရကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ " Star Wars: The Force Awakens" ရုပ်ရှင်တွေရဲ့ အဓိကဇာတ်လိုက်တစ်ဦးဖြစ်တဲ့ မင်းသားကြီး ဟယ်ရီစင်ဖို့ဒ်ကိုယ်တိုင်မောင်းနှင်လာခဲ့တဲ့ သူ့ရဲ့ကိုယ်ပိုင်ဂျက်လေယာဉ်ဟာ လေဆိပ်ကို ဆင်းသက်ခဲ့စဉ် လေဆိပ်အတွင်းရှိနေတဲ့ ခရီးသည်တင်လေယာဉ်ကို ဝင်တိုက်မိခဲ့ရာ တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရခဲ့ခြင်းမရှိပေမယ့် မင်းသားကြီးကတော့ စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရကာ လတ်တလောမှာ အသက် (၇၄)နှစ်ရှိပြီဖြစ်တဲ့ ဟယ်ရီစင်ဖို့ဒ်ဟာ သူ့ရဲ့လေယာဉ်မောင်းလိုင်စင်ကို အသိမ်းခံရနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။**



စန်တာမော်နီကာလေဆိပ်တွင် မောင်းနှင်မည့်လေယာဉ်ကို စစ်ဆေးနေသည့် ဟယ်ရီစင်ဖို့ဒ်ကို တွေ့ရစဉ်။

ပြီးခဲ့တဲ့ တနင်္လာနေ့ အမေရိကန်ဒေသစံတော်ချိန် သန်းခေါင်ကျော် ၁၂ နာရီ ၁၅ မိနစ်ခန့်မှာ ဟယ်ရီစင်ဖို့ဒ်ဟာ သူမောင်းနှင်လာခဲ့တဲ့ လေယာဉ်ကို ကယ်လီဖိုးနီးယားပြည်နယ် အောရိန့်ဂျ်စီရင်စုမှာရှိတဲ့ ဂျွန်ဝိန်းလေဆိပ်ကို ဆင်းသက်ဖို့ကြိုးစားခဲ့စဉ် လေဆိပ်ရဲ့ လေယာဉ်ပြေးလမ်းနဲ့ အငှားကားတွေရဲ့လမ်းကြောင်းကို မှားယွင်းဆင်းသက်မိခဲ့တဲ့အတွက် အဆိုပါလေဆိပ်အတွင်း ရပ်နားထားတဲ့အမေရိကန်လေကြောင်းလိုင်းအမှတ် ၇၃၇ လေယာဉ်ကိုဝင်တိုက်မိခဲ့တာဖြစ်ပါတယ်။ ဟယ်ရီစင်ဖို့ဒ် မောင်းနှင်လာတဲ့လေယာဉ်ဟာ ခရီးသည် ၁၁၀ ဦးနဲ့ လေယာဉ်ဝန်ထမ်း ခြောက်ဦးကို တင်ဆောင်ထားတဲ့ လေဆိပ်မှ ထွက်ခွာခါနီးဖြစ်နေတဲ့ အဆိုပါလေယာဉ်ကြီးအပေါ်ကို ကျော်တက်သွားခဲ့ပေမယ့် အဆိုပါဖြစ်ရပ်ကြောင့် တစ်ဦးတစ်ယောက်မှ ဒဏ်ရာရခဲ့ခြင်းမရှိဘဲ ခရီးသည်တင်လေယာဉ်ဟာလည်း အဆိုပါယာဉ်တိုက်မှုအပြီး မိနစ်အနည်းငယ်အကြာမှာ ဒေါလက်စ်သို့ ထွက်ခွာသွားခဲ့ကြောင်း သိရပါတယ်။

လတ်တလော စုံစမ်းစစ်ဆေးမှုတွေအရ အင်ဒီရာနာဂျုန်းစ်အဖြစ် မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေအစွဲပြုခေါ်ဝေါ်ခဲ့တဲ့ မင်းသားကြီး ဟယ်ရီစင်ဖို့ဒ်ကို လေယာဉ်မှားယွင်းဆင်းသက်မိစဉ် လေဆိပ်တာဝန်ရှိသူတွေက အသိပေးပြောကြားခဲ့တာတွေရှိခဲ့ကြောင်းနဲ့ ဟယ်ရီစင်ဖို့ဒ်ဟာ သူ့ရဲ့ကိုယ်ပိုင်ဂျက်လေယာဉ်ကို မမောင်းနှင်မီက သူပိုင်လေယာဉ်တွေကို သိမ်းဆည်းထားရာ စန်တာမော်နီကာ လေဆိပ်မှာ အထူးစစ်ဆေးမှုတွေပြုလုပ်ခဲ့တာကို တွေ့မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။

ယခုလိုလေယာဉ်မတော်တဆမှုဖြစ်ခဲ့ခြင်းဟာ မင်းသားကြီး ဟယ်ရီစင်ဖို့ဒ်အတွက်တော့ ပထမဆုံးအကြိမ် မဟုတ်ခဲ့ပါဘူး။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ဒုတိယကမ္ဘာစစ်အတွင်း ထုတ်လုပ်ခဲ့တဲ့ သူ့ရဲ့ကိုယ်ပိုင်လေယာဉ်တစ်စင်းကို ပျံသန်းမောင်းနှင်စဉ် စန်တာမော်နီကာလေဆိပ်မှ စတင်ထွက်ခွာလာခဲ့ပြီးနောက် အမြင့်ပေ ၁၀၀၀ ခန့်အရောက်မှာ ဂေါက်ကွင်းတစ်ခုအတွင်း ပျက်ကျခဲ့ကာ အဆိုပါမတော်တဆမှုကြောင့် ဟယ်ရီစင်ဖို့ဒ်ဟာ ဒဏ်ရာအတော်ရခဲ့ပြီး ဆေးရုံတစ်ရုံမှာ ငါးရက်ကြာ တက်ရောက်ကုသမှုခံယူခဲ့ရပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်အတွင်းမှာလည်း ဟယ်ရီစင်ဖို့ဒ်ဟာ ကိုယ်ပိုင်လေယာဉ်ငယ်တစ်စင်းကို မောင်းနှင်နေစဉ် ပျက်ကျဆင်းသက်ခဲ့ရဖူးကြောင်း သိရပါတယ်။

# အချစ်ဟောင်းဆီကို ချစ်သူများနေ့လက်ဆောင်ပေးပို့ခဲ့တဲ့ ခရစ်ဘရောင်း



တစ်ချိန်က ကျော်ကြားခဲ့တဲ့ ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ခရစ်ဘရောင်းနဲ့ ရီဟားနားတို့ဟာ လတ်တလောမှာတော့ လမ်းခွဲခဲ့ပြီး အခြေအနေမှာ ရှိနေခဲ့ပေမယ့် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၄ ရက်မှာ ကျရောက်ခဲ့တဲ့ ၂၀၁၇ ခုနှစ်ရဲ့ ချစ်သူများနေ့မှာတော့ အဆိုတော် ခရစ်ဘရောင်းက ရီဟားနားဆီကို သူ့ရဲ့ချစ်သူများနေ့လက်ဆောင်အဖြစ် ပန်းစည်းတစ်စည်း ပေးပို့ခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုချစ်သူများနေ့မှာ လက်ဆောင်ပေးပို့ခဲ့တဲ့အတွက် ရီဟားနားနဲ့ လမ်းခွဲခဲ့ပြီးဖြစ်ပေမယ့် သူ့ဘက်က ဇာတ်လမ်းမပြီးဆုံးသေးတာ ဖြစ်နိုင်ကြောင်းနဲ့ ခရစ်ဘရောင်းဟာ ယခုနှစ် ချစ်သူများနေ့အတွက် သူ့ရဲ့လက်တွဲဖော်အဖြစ် ရီဟားနားကို ရွေးချယ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ခရစ်ဘရောင်းက ရီဟားနားအပြင် ရီဟားနားရဲ့ မိခင်ဆီကိုလည်း ပန်းစည်းပေးပို့ခဲ့ကာ အဆိုပါအမျိုးသမီးနှစ်ဦးစလုံးဟာ သူ့ဘဝမှာ ချစ်မြတ်နိုးရတဲ့ အလေးစားရဆုံးသော အမျိုးသမီးတွေဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ရီဟားနားနဲ့ ခရစ်ဘရောင်းတို့နှစ်ဦးဟာ လန်ဒန်မြို့မှာ အမှတ်မထင်ဆုံခဲ့ကြပြီး အခြားသော မိတ်ဆွေတွေနဲ့အတူ ညစာစားခဲ့ကြပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာ ရီဟားနားကတော့ ချစ်သူဟောင်းကို တည်တည်ငြိမ်ငြိမ်နဲ့ ဘာမှမခံစားရတော့သလို ဆက်ဆံနိုင်ခဲ့တာတွေ့ခဲ့ရကြောင်းလည်းသိရပါတယ်။



## မက်ဂန်မာကယ်လ်ရဲ့ ပရိသတ်တွေအတွက် ချစ်သူများနေ့လက်ဆောင်

ယခုနှစ်အစပိုင်းမှာ ဝေလမင်းသား ဟယ်ရီနဲ့ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲလာခဲ့တဲ့ သရုပ်ဆောင်မော်ဒယ်လ် မက်ဂန်မာကယ်လ်က သူနဲ့ ဟယ်ရီတို့ရဲ့ ချစ်သူသက်တမ်းမှာ ပထမဆုံးအကြိမ်ကျရောက်ခဲ့တဲ့ ချစ်သူများနေ့ကို အတူပျော်ရွှင်စွာဖြတ်သန်းရင်း သူ့ရဲ့ တစ်ကိုယ်တည်းသမားပရိသတ်တွေအတွက် စကားလက်ဆောင်တစ်ခုကိုလည်း ချစ်သူများနေ့လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ချစ်သူများနေ့မှာ တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေရတဲ့ ပရိသတ်တွေကို ချစ်သူဖြစ်သူနဲ့ နန်းတော်မှာ ပျော်ရွှင်စွာ အတူရှိနေခဲ့တဲ့ မက်ဂန်မာကယ်လ်က မေ့ထားခြင်းမရှိဘဲ အားပေးစကားပြောကြားခဲ့ပါတယ်။ မက်ဂန်မာကယ်လ်က ချစ်သူတွေအတူပျော်နေကြတဲ့ ယခုလိုချစ်သူများနေ့မှာ လက်တွဲဖော်မရှိတဲ့အတွက် အားငယ်ဝမ်းနည်းစရာမလိုကြောင်း၊ ကိုယ်ပိုင်ချစ်သူများနေ့ကို ဖန်တီးသင့်ကြောင်းနဲ့ ကိုယ့်ကိုယ်ကိုယ်ချစ်မြတ်နိုးစိတ်ရှိသင့်ကြောင်း သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် စကားလက်ဆောင်ပါးခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး လတ်တလောမှာ အသက် (၃၅)နှစ်ရှိပြီဖြစ်တဲ့ မင်းသမီး မက်ဂန်မာကယ်လ်က သူကိုယ်တိုင်ဟာလည်း တစ်ချိန်က ချစ်သူများနေ့ကို အထီးကျန်စွာဖြတ်သန်းခဲ့ဖူးကြောင်း၊ ယခုအချိန်မှာအထီးကျန်နေတဲ့ ပရိသတ်တွေအဖို့လည်း ညစာကို ကိုယ်တိုင်ကောင်းကောင်းမွန်မွန်ချက်ပြုတ်ကာ အလှဆုံးဝတ်စုံကို ဝတ်ဆင်ထားရင်းက ကိုယ့်ကိုယ်ကိုယ်ပြန်လည်ဧည့်ခံသင့်ကြောင်း၊ အခြားသူတွေ လက်ဆောင်တွေလက်ခံရရှိသကဲ့သို့ လက်ဆောင်တွေနဲ့ပန်းတွေကိုလည်း ကိုယ်တိုင်ဝယ်ယူနိုင်ကြောင်းနဲ့ ကိုယ့်ရဲ့ပျော်ရွှင်မှုကို ကိုယ်တိုင်ဖန်တီးနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။

# "X-man" ရုပ်ရှင်သစ် ယခုနှစ်အတွင်း ရိုက်ကူးမည်

ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "X-man" ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ကို ယခုနှစ်အတွင်း စတင်ရိုက်ကူးသွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်လမ်းတွဲတွေမှာ ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိတဲ့ မင်းသမီး ဆိုဖီယာတာနာက ထုတ်ဖော်ပြောကြားခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင် "X-Men: Apocalypse" မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သူ ဂျင်းဂရေးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဆိုဖီယာတာနာက နောင်လာမယ့် " X-Men " ရုပ်ရှင်သစ်ကို ယခုနှစ်နှောင်းပိုင်းမှာ စတင်ရိုက်ကူးသွားမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဆိုဖီယာတာနာဟာ အခြားသော ဟောလိဝုဒ်နာမည်ကျော် ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Game of Thrones" ရုပ်ရှင်တွေမှာလည်း အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်နေသူလည်း ဖြစ်ပါတယ်။



နောင်ထွက်ရှိလာမယ့် " X-Men " ရုပ်ရှင်သစ်ကို " X-Men: Supernova" လို့အမည်ပေးထားပြီးဖြစ်ကာ ယင်းရုပ်ရှင်သစ်ရဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် ယင်းရုပ်ရှင်သစ်ဟာ " X-Men " ဟာသစာအုပ်ဖြစ်တဲ့ " The Dark Phoenix Saga " ကို အခြေခံကာ ရိုက်ကူးသွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် ရေးသားသည်**

# ရိုးရာထယ်သွားထုတ်လုပ်ခြင်းလုပ်ငန်း ရောင်းအားအနည်းငယ်ကျဆင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ သိသိသာသာ ကူးပြောင်းလာသောကာလတွင် မြန်မာ့ရိုးရာ ထယ်သွားထုတ်လုပ်ခြင်းလုပ်ငန်းတွင် ထယ်သွားများ ရောင်းအားကျဆင်းလျက်ရှိသည်။ ထယ်သွားပြုလုပ်ရာတွင် ပြည်တွင်းသံတို၊ သံစ ကုန်ကြမ်းများကို အသုံးပြုကြရသည်။ ထယ်သွားဖြစ်ရန်အတွက် ပထမဦးစွာ သံရည်ကျိုခြင်းလုပ်ငန်းကို လုပ်ဆောင်ရသည်။ သံရည်ကျိုရာတွင် အောက်ခြေတွင် မီးသွေးခံကာ မီးသွေးပေါ်သံတင်ပေးရသည်။ ထိုသံပေါ်တွင် မီးသွေးထပ်မံတင်ပြီး စက်ဖြင့်မီးဖိုကိုလေမှုတ်ပေးကာ သံရည်ကျိုရသည်။

သံများအရည်ဖြစ်လာပါက သံရည်များမှာ ခွက်အောက်ခြေတွင် စုစည်းပြီးဖြစ်သွားသည်။ သံရည်ကျို ဖိုငယ်တစ်ဖိုလျှင် ထယ်သွား ၃၀ခန့်ရရှိသည်။ သံရည်များကို လက်ကိုင်ဖြင့်ကိုင်ကာ ခွက်အတွင်းငှဲ့ယူပြီး ပုံစံခွက်အတွင်း လောင်းထည့်ကာ ထယ်သွားဖြစ်အောင်ပြုလုပ်ကြရသည်။ ထယ်သွားမိုများစွာပြုလုပ်ထားရသည်။ တစ်နေ့လျှင် ထယ်သွား ၄၀၀ ကျော် ၅၀၀ အထိပြီးစီးသည်။ ထယ်သွားအကြီး၊ အသေး၊ အလတ် အမျိုးမျိုးထုတ်လုပ်ကြသည်။ နယ်အလိုက် စိတ်ကြိုက်လုပ်ပေးသည့်အတွက် ထယ်သွားအမျိုးအစား ဆယ်မျိုးကျော်ထုတ်လုပ်ပေးရသည်။ မန္တလေးမြို့အနီးတွင် ထယ်သွားကုန်းထယ် ပုံကြီး၊ ပုံလတ်၊ ပုံသေးများကို ပြုလုပ်ပေးရသည်။ နွားထိုးကြီးနယ်တွင် ပုံကြီးအဝိုင်းကို ပြုလုပ်ပေးရသည်။ ထယ်သွားကိုရောင်းချရာတွင် သံရည်ဝင်သည်ပမာဏအလိုက် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချပေးသည်။ သုံးပိဿာခန့်ရှိသည့်ထယ်သွားတစ်လုံးလျှင် ငွေကျပ်သုံးထောင်ငါးရာမှ သုံးထောင်ခုနစ်ရာအထိ ရောင်းချကြသည်။ ထယ်သွားအနိမ့်ဆုံးငွေကျပ်နှစ်ထောင်မှ အကြီးထယ်သွားတစ်လုံး ငွေကျပ်၄၅၀၀ အထိရောင်းချရသည်။

လက်ရှိကာလတွင် မြန်မာ့ရိုးရာထယ်သွားများပြုလုပ်ရန် သံကုန်ကြမ်းဝယ်ယူမှုတွင် သံရည်ကျိုစက်အိုးကွဲများကို တစ်ပိဿာလျှင်ငွေကျပ် ၅၅၀ နှုန်းဖြင့်ဝယ်ယူပြီး သံစိမ်းဆိုပါက တစ်ပိဿာလျှင်ငွေကျပ် ၂၅၀ ခန့်သာပေးရသည်။ သံစိမ်းမှာ လောင်စာကုန်ကျသည့်အတွက် ဈေးလျှော့ဝယ်ခြင်းဖြစ်သည်။ လောင်စာတွင် ရေနံချေးကို ကော်နှင့်ရိုက်ကာ ပြုလုပ်ထားသည့် လောင်စာများကိုအသုံးပြုကြရသည်။ လက်ရှိကာလတွင် ထယ်သွားများကို ကားများဖြင့်တင်ပို့ပေးရသည်။ မန္တလေးမြို့အနီးတစ်ဝိုက်၊ နွားထိုးကြီးနယ်၊ သီပေါနှင့် အခြားနယ်များသို့ပေးပို့ပေးရကြောင်းနှင့် ထယ်သွားများရောင်းအားအနည်းငယ်ကျဆင်းလာကြောင်း မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ကျောက်မီး-ငွေတောင်ရွာ ဦးတင်ဆောင်ထယ်သွားလုပ်ငန်းမှ သိရသည်။

**နွေနဒီ၊မြစ်ငယ်**



# ဝါးလက်မှုပစ္စည်းများကို စိတ်ဝင်စားဝယ်ယူသူများပြားလာ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

အင်းလေးကန်အနီးရှိ တောင်ပေါ်ဒေသထွက် အရည်အသွေးမြင့်လက်မှုပစ္စည်းများတွင် ဝါးလက်မှုပစ္စည်းများကို လူစိတ်ဝင်စားမှုများပြားလာသည်။ အင်းလေးကန်ကို သဘာဝအတိုင်းအပေါ်စီးမှမြင်ရသည့် တောင်ပေါ်ဒေသ တောင်ရိုးလူမျိုးများနေထိုင်သည့် ရွာခြောက်ရွာတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းဧည့်သည်များကိုပါ ဆွဲဆောင်စေနိုင်သည့် ဝါးလက်မှုပစ္စည်းလုပ်ငန်းများကို ပြုလုပ်ရောင်းချလာနိုင်ခဲ့သည်။

လက်မောင်ကွေးအုပ်စုတွင် ၂၀၁၅ ခုနှစ်မှစတင်က ဝါးလက်မှုပစ္စည်းများကို လုပ်ဆောင်လာခဲ့သည်။ အများအားဖြင့် တောင်ရိုးလူမျိုးအများစုက ပြုလုပ်သည့် လက်မှုလုပ်ငန်းပင်ဖြစ်သည်။ စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် အလှအပပစ္စည်းများအဖြစ် အသုံးပြုနိုင်သည့် မီးအိမ်၊ လင်ဗန်းများနှင့် အခြားဝါးလက်မှုပစ္စည်းများကို ပြုလုပ်လာနိုင်ခဲ့သည်။ လက်မောင်ကွေးရွာသူ၊ ရွာသားများ အမ်အိုင်အိုင်ဒီ၏အကူအညီဖြင့် ဝါးလက်မှုပစ္စည်းများပြုလုပ်သည့်နည်းပညာကို သင်ယူခဲ့ကြသည်။ လက်ရှိကာလတွင် အရည်အသွေးမြင့်ဝါးလက်မှုပစ္စည်းများကို ပြုလုပ်ရောင်းချလာနိုင်ပြီဖြစ်သည်။

ဝါးလက်မှုပစ္စည်းများမှာ ကိုယ်ပိုင်စိတ်ကူးဖြင့် လှပသောဒီဇိုင်းများကို ဖန်တီးထားသည့်အတွက် လူစိတ်ဝင်စားမှုများပြားလာသည်။ ဝါးလက်မှုပစ္စည်းများအားလုံးကို မှိုတက်ခြင်းမှကာကွယ်ရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် သင့်တော်သည့်နည်းများကို အသုံးပြုထားသည်။ လက်ရှိကာလ မန္တလေးမြို့တွင်ကျင်းပသည့် (၁၅) ကြိမ်မြောက် သစ်သီးဝလံမန်းပန်းပြပွဲပြိုင်ပွဲတွင် ဝါးလက်မှုပစ္စည်းပြခန်းများ ပြသရောင်းချရာ လူစိတ်ဝင်စားမှုများပြားကာ ဝယ်ယူလာကြသည်။ ဝါးလက်မှုပစ္စည်းများကို ပြုလုပ်ရာတွင် အများအားဖြင့် လင်ပန်း (ဒီဇိုင်းအမျိုးမျိုး အကြီး၊ အလတ်၊ အသေး)လက်ဖက်ရည်ခွက်(အကြီး၊ အလတ်၊ အသေး) ကို အဖုံးပါသောခွက်များ၊ အဖုံးမပါသောခွက်များအဖြစ် ပြုလုပ်ထားသည်။ ရေနွေးအိုး (အကြီး၊ အသေး)၊ လက်ဖက်ရည်စုံဟုခေါ်သည့် ရေနွေးအိုးတစ်လုံး၊ လင်ပန်းတစ်ချပ်၊ လက်ဖက်ရည်ခွက်လေးလုံး၊ ပန်းကန်လုံး၊ လက်ဖက်ထည့်ခွက်၊ ပလိုင်း၊ ရေဘူး၊ ပန်းအိုး၊ ထမင်းဘူး၊ ဝိုင်ခွက်၊ ဟင်းချိုရည်ခွက်၊ သေတ္တာအသေး၊ မီးအိမ်နှင့် အခြားလက်မှုပစ္စည်းများကို ပြုလုပ်ရောင်းချလျက်ရှိသည်။ ဝါးလက်မှုပစ္စည်းများမှာ အနည်းဆုံး ငွေကျပ်တစ်ထောင့်ငါးရာမှ ငွေကျပ်ရှစ်ထောင်အထိ ပစ္စည်းအမျိုးအစားအလိုက် တန်ဖိုးအသီးသီးဖြင့် ရောင်းချပေးလျက်ရှိသည်။ အများစုမှာ လှပသောဒီဇိုင်းဖြင့်ပြုလုပ်ထားသည့် ဝါးရေနွေးကရား ငွေကျပ်ခြောက်ထောင်တန်နှင့် အခြားဝါးလက်ဖက်ရည်ခွက်များကို အများစုဝယ်ယူကြောင်း သိရသည်။

**စိုးရွှေ**




# ဟိုင်းကြီးကျွန်းတွင် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ဟိုင်းကြီးကွန်း ဖေဖော်ဝါရီ ၁၅**

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၁၁) ရာဇဓိရာဇ်လမ်းတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံများ တက်ရောက်ခဲ့ပြီး အလျား ၃၅၅ ပေ၊ အနံ ၁၂ ပေ၊ ဒု ၆ လက်မ ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

လမ်းဖွင့်ပွဲအခမ်းအနားတွင် ငပုတောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက တက်ရောက်အမှာစကားပြောခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ရပ်မိရပ်ဖ ဦးဝင်းနိုင်တို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲမုခ်ဦးနှင့်လမ်းကို အမွှေးနံ့သာများပက်ဖြန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် ၄၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသခံများ၏ထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၉၅၅၀၀ ရရှိခဲ့သောကြောင့် မူလကသတ်မှတ်ခွင့်ပြုထားသည့် အလျား ပေ ၃၃၀ အပြင် နောက်ထပ်အလျား ၂၅ ပေတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးအောင်ထူးကပြောသည်။ ကွန်ကရစ်လမ်းရရှိသွားပြီဖြစ်သောကြောင့် မိုးတွင်းအချိန်တွင် လမ်းပေါ်သို့ရေတက်ပြီး သွားလာရေးခက်ခဲသည့်ပြဿနာများ ပြေလည်သွားပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်နယ်မြေရဲစခန်းမှ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေးနှင့် နွေရာသီမီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးတို့အတွက် ပညာပေးစည်းရုံးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီခွဲက ပွေးကျစ်ကျေးရွာအုပ်စု ပွေးကျစ်တောင်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မူခင်းကျဆင်းရေးပညာပေးဟောပြောဆွေးနွေးပွဲတွင် ပွေးကျစ်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်နိုင်လင်းအောင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် မိဘများမှ လိုက်နာသိရှိထားသင့်သည်များနှင့် မိမိတို့၏သားသမီးများ၏ နေထိုင်သွားလာမှုများကို မျက်ခြေမပြတ်စေရန်တို့ကို ရှင်းလင်းပြောကြားပြီး သက်ငယ်မုဒိမ်းမှုဖြစ်ပွားတတ်သည့်ပတ်ဝန်းကျင်နှင့် အခြေအနေများကို ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ နွေရာသီ ပူပြင်းခြောက်သွေ့သည့်ကာလရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးလုံခြုံရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

အခမ်းအနားကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ပွေးကျစ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးနေဝင်းစိုးနှင့် ဆယ်အိမ်စုမှူးများ၊ ကျေးရွာအတွင်းရှိ အိမ်ထောင်ဦးစီးများ စုစုပေါင်း ၉၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကျွဲပွဲ-မြို့စိုးလမ်းပိုင်းတံတား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**အုတ်တွင်း ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့နှင့် မြို့စိုးကျေးရွာလမ်းပိုင်းသည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသတွင် မှီတင်းနေထိုင်လျက်ရှိကြသူများ အဓိကသွားလာလျက်ရှိကြပြီး ယခင်နှစ်မိုးရာသီက ချောင်းရေတိုက်စားမှုကြောင့် အရှည်ပေ ၃၀ ရှိတံတားကောက် ကွန်ကရစ်တံတားမှာ ပြိုကျပျက်စီးသွားခဲ့၍ နေ့စဉ်ခရီးသွားလာနေကြရသော ဒေသခံများအတွက် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရသည်။ အဆိုပါတံတားအမြန်ဆုံး ပြန်လည်၍တည်ဆောက်ရေးလုပ်ငန်းများအား အုတ်တွင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် အရှည်ပေ ၃၀ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားအား စတင်တည်ဆောက်လျက်ရှိပြီး လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ တောင်ငူခရိုင်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်လင်းအောင်၊ အုတ်တွင်းမြို့နယ်ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

"ဒီလမ်းပိုင်းက စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသမှာနေထိုင်ကြတဲ့သူတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စအရပ်ရပ်အတွက် အဓိကအားထားသွားလာနေကြရတာဖြစ်တော့ ကျွန်တော်တို့ဌာနအနေနဲ့ တံတားအမြန်ဆုံးပြီးစီးရေးအတွက် မကြာခဏကွင်းဆင်းစစ်ဆေးပေးနေပါတယ်။ ဒေသခံတွေကလည်း တံတားတည်ဆောက်ပေးတဲ့အတွက် အတော့်ကိုဝမ်းသာနေကြတာကိုလည်း တွေ့ရပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောသည်။ အဆိုပါလမ်းပိုင်းတွင် ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ခြေ ၂၆၀၉ အိမ်၊ လူဦးရေ ၁၂၃၀၅ ဦးခန့်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လက်ဖက်အထွက်နှုန်းတိုးပြီး ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေး ကိုင်းဖြတ်စိုက်ပျိုးခြင်းနည်းစနစ် လက်တွေ့သရုပ်ပြ

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၅**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် တောပြာကြီး ကျေးရွာအုပ်စု ရွှေညောင်ပင်လက်ဖက်စိုက်ခင်း အတွင်း၌ တစ်ပိုင်တစ်နိုင်လက်ဖက်စိုက်တောင်သူများနှင့် လက်ဖက်စိုက်ပျိုးရာ ဝါသနာပါသူများကို ဖိတ်ခေါ်ပြီး ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီမှ စတင်ကာ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ဖက်ကိုင်းဖြတ်နည်း လက်တွေ့သရုပ်ပြခဲ့ကြသည်။

သံတောင်ကြီးဒေသသည် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းမှုရှိရာ ဒေသတွင်းလက်ဖက်စိုက်တောင်သူများအနေဖြင့် မိရိုးဖလာစိုက်ပျိုးရာမှ နည်းစနစ်မှန်ကန်စွာဖြင့် အချိန်တိုအတွင်း ခူးဆွတ်ရောင်းချရပြီး ဝင်ငွေပိုမိုရရှိစေရေးအတွက် ရည်ရွယ်၍ အစေ့ပျိုးစိုက်ပျိုးကြသည့်စနစ်ပြင် ပိုမိုထိရောက်မှုရှိစေနိုင်သော လက်ဖက်ကိုင်းဖြတ်ပြုပြင် စိုက်ပျိုးနည်းများကို နည်းပညာပေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်းသိရသည်။

ထိုသို့ လက်တွေ့သရုပ်ပြသရာတွင် တာဝန်ရှိသူတို့က လက်ဖက်စိုက်ခြံရှင်များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး ဒေသအတွင်း လက်ဖက်ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရေးနှင့် နည်းပညာများအတွက် ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထိုက်မင်းနှင့်ဝန်ထမ်းများက လက်ဖက်ကိုင်းမှ ကိုင်းဖြတ်စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များအား လက်တွေ့သရုပ်ပြသပေးခဲ့ကြကြောင်း သိရသည်။ **သံတောင်ကြီး(ပြန်/ဆက်)**

## ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၅**
ရန်ကုန်မြို့ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းနှင့် ထားဝယ်မြို့ မယ်ဒီလန်းဆေးရုံတို့ ပူးပေါင်း၍ ပြည်သူလူထု၏ကျန်းမာရေး အသိပညာပေး ဗဟုသုတများ ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ မယ်ဒီလန်းဆေးရုံ၌ ကျင်းပခဲ့သည်။

သွားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ရင်ရင်ဇော်က သားအိမ်ခေါင်းကင်ဆာအကြောင်း၊ ခာတ်ရောင်ခြည်ဆိုင်ရာ ကင်ဆာအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်မေကြည်က ရင်သားကင်ဆာအကြောင်း၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါ်ဆွေဆွေဝင်းက ကွမ်းနှင့်ခံတွင်း ကျန်းမာရေးအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော ဝေဒနာရှင်များအား ရင်သားစမ်းသပ်စစ်ဆေးပေးခြင်း၊ သားအိမ်ခေါင်းစမ်းသပ်ခြင်းနှင့် လိုအပ်သည်များကို Cryotherapy ဖြင့် ကုသပေးခြင်း၊ ခံတွင်းစမ်းသပ်စစ်ဆေးပေးခြင်း၊ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သွေးချိုစစ်ဆေးပြီး သွေးပေါင်ချိန်တိုင်းတာခြင်း၊ အထွေထွေရောဂါကုဆရာဝန်နှင့်တွေ့ဆုံခြင်း၊ ခာတ်မှန်ဆရာဝန်ကြီးနှင့် Ultrasound ရိုက်ကူးပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးကြောင်းသိရှိရပြီး ဝန်ဆောင်မှုများကို AA Medical Product ဆေးကုမ္ပဏီမှ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ၃၁ နှစ်ဆက်တိုက် ရက်ပျက်မရှိ ဆရာမအား ဆုချီးမြှင့်

**မရမ်းကုန်း ဖေဖော်ဝါရီ ၁၅**
နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းမြင့်မားရေးနှင့် ကလေးငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားပေးသော ဆရာ ဆရာမများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဆရာဆိုသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအနက် သင်ဆရာ၏ အလုပ်သည် အပင်ပန်းဆုံးနှင့် အခက်ခဲဆုံးဖြစ်သည်။ ပင်ပန်းခက်ခဲသော်လည်း ၃၁ နှစ်ဆက်တိုက် ခွင့်ရက်ပျက်မရှိသော ဆရာမတစ်ဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အ. ထ. က (၃)၌ ပေါ်ထွက်လာခဲ့သည်။

မရမ်းကုန်းမြို့နယ် အ. ထ. က (၃)၏ ၂၀၁၆-၂၀၁၇ ခုနှစ် ပညာရေးစုံညီပွဲတော်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူခင် က ၃၁ နှစ်ဆက်တိုက် ခွင့်ရက်ပျက်မရှိ ကျောင်းတက်မှန်ပြီး စာသင်ကြားပေးသည့် ဆုကိုအလယ်တန်းပြ ဆရာမ ဒေါ်တင်မာဆွေအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## အင်းစိန်မြို့တွင် ဝက်သက်ကာကွယ်ဆေး ကလေးများအားလုံး အစုလိုက်ထိုးနှံပေး

**အင်းစိန် ဖေဖော်ဝါရီ ၁၅**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရပ်ကွက်အသီးသီး စုရပ်များတွင် တစ်ပြိုင်တည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဝက်သက်ရောဂါသည် ကူးစက်မြန်ရောဂါဖြစ်သည့်အပြင် ဖျားခြင်း၊ ကိုယ်ခန္ဓာအနှံ့အပြားတွင် အနီစက်၊ အနီရောင်၊ အပိန့်ထွက်ခြင်းများ (ရေကြည်ဖုများ မဟုတ်ပါ) ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်လုံးနီပြီး မျက်ဝပ်ထွက်ခြင်းများဖြစ်တတ်၍ ဝက်သက်ရောဂါ ဖြစ်ပွားပြီးနောက် အဆုတ်ရောင်ခြင်း(နမိုးနီးယား)၊ ဝမ်းလျှော၊ ဝမ်းပျက်ခြင်း ဦးနှောက်ရောင်ခြင်းစသည့် နောက်ဆက်တွဲ ရောဂါများ ဖြစ်စေတတ်သော အသက်အန္တရာယ်ဆုံးရှုံးနိုင်သည့် ရောဂါဖြစ်သည့်အတွက် ဝက်သက်ရောဂါ ကာကွယ်ဆေးကို အစုလိုက် တစ်ပြိုင်နက် ထိုးနှံခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီမံချက်ဖြင့် အသက်ကိုးလမှ (၁၅) နှစ်အတွင်းရှိ ကလေးအားလုံး ဝက်သက်ရောဂါ ကာကွယ်ဆေးကို ယခင် ကာကွယ်ဆေးထိုးဖူးပြီးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ သတ်မှတ်စုရပ်များ၌ ဝက်သက်ကာကွယ်ဆေးထိုးရန် လိုအပ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးကြီးကြပ်(၁) ဦးလှကျော်၏ ပြောကြားချက်အရ သိရသည်။ **(မြင့်)**

## မရမ်းကုန်းမြို့နယ်အတွင်း မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**မရမ်းကုန်း ဖေဖော်ဝါရီ ၁၄**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေးအတွက် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများကို သက်ဆိုင်ရာက ရပ်ကွက်အလိုက် အလှည့်ကျ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ သာသနမာမကဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်နှင့် မရမ်းကုန်းမြို့မ စခန်းမှူး ဒုတိယရဲမှူး အောင်သန်းဝင်းတို့ ဦးစီးကြီးကြပ်မှုဖြင့် ပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသည့် ပြည်သူများအား မှုခင်းကျဆင်းရေး ဟောပြောမှုများအပြင် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဟောပြောပွဲများကို မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် အလှည့်ကျ လိုက်လံဟောပြောလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က အမှတ်(၈)ရပ်ကွက်တွင် ကျင်းပခဲ့ပြီး ကျန်ရှိနေသည့် ရပ်ကွက်များကိုလည်း ဆက်လက်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဝေ (မြင်းခြံ)**

## ခရမ်းမြို့မဈေးကြီးတွင် မီးငြိမ်းသတ်ခြင်းသရုပ်ပြ

**ခရမ်း ဖေဖော်ဝါရီ ၁၅**
မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ မီးလောင်မှုကင်းဝေးစေရေး၊ မီးသတ်မှုနည်းပညာများ ပြည်သူများသိရှိ၍ အသုံးချတတ်စေရေးအတွက် ခရမ်းမြို့မဈေးကြီးတွင် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော၍ လက်တွေ့မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းကိုပြုလုပ်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော၍ လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြသပွဲကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှနှင့်ဝန်ထမ်းများ၊ ခရမ်းမြို့မဈေးအကျိုးဆောင်များ၊ ဈေးကော်မတီဝင်များ၊ ဈေးသည်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စိုးအောင်နှင့်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူးက မီးလောင်မှုအမျိုးမျိုးနှင့်ကြိုတင်ကာကွယ်မှုများ၊ မီးသတ်ဆေးဘူးများ လက်တွေ့အသုံးချပုံနှင့် မီးငြိမ်းသတ်ရေးယာဉ်များဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသပြီး တက်ရောက်ကြသူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## လက်ထောက်နည်းပညာမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**ပန်းတောင်း ဖေဖော်ဝါရီ ၁၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း အကောင်ထည်ဖော်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်း Community Driven Development CDD အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လက်ထောက်နည်းပညာမှူးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း TTF(1)သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ပန်းတောင်းမြို့ ဆုတောင်းပြည့်ဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ ဦးစီးအရာရှိ(နည်းပညာ)ဦးရန်နောင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ရာ ယခုသင်တန်းသည် နည်းပညာမှူးများအား မိမိကိုယ်ကိုယုံကြည်မှုရှိစေရန်၊ ကျေးရွာများမှတင်ပြလာသော စီမံကိန်းလုပ်ငန်းခွဲများ သင့်လျော်မှုရှိစေရန်၊ မိမိတို့နည်းပညာများဖြင့်ကူညီပေးနိုင်ရမည် ဖြစ်ကြောင်း၊ ကွင်းဆင်းဆောင်ရွက်ရာတွင်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို တစ်ပါတည်းယူဆောင်သွားရန်နှင့် (Estimate) များကို အချိန်မီပြီးစီးအောင်တွက်ချက်ရန် အခက်အခဲများရှိပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ အကြံဉာဏ်တောင်းနိုင်ပါကြောင်း ပြောကြားသည်။

ယင်း သင်တန်းဆင်းပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ ဦးစီးအရာရှိ(နည်းပညာ) ဦးရန်နောင်ဝင်း၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ တာဝန်ရှိသူများ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၄ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **သူရအောင်(ပြည်)**

# ကလေးအလုပ်သမားနှင့်ကလေးပညာရေးအလေးထားဖို့အချိန်တန်ပြီ

သျှင်နေမင်း

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့မှာ အဘက်ဘက်က နောက်ကောက်ကျခဲ့ပြီဖြစ်သည်။ နိုင်ငံရေးစနစ် မကောင်းခဲ့လို့လား၊ ပြည်တွင်းငြိမ်းချမ်းရေးပဲမရှိခဲ့လို့လား၊ အာဏာမက်မောတဲ့လူတွေများခဲ့လို့လား များစွာ တွေးကြည့်ရပေမည်။ တကယ်တမ်းဒုက္ခရောက်ပြီး ဘက်စုံချို့တဲ့နေတာကတော့ ပြည်သူတွေဖြစ်ပါတယ်။ ပြည်သူတွေဆိုလိုက်တာနဲ့ အသက်အရွယ်အပိုင်းအခြား များစွာရှိပါတယ်။ လူကြီးပါတယ် လူငယ်ပါတယ် ယောက်ျားပါတယ် မိန်းမပါတယ် လူအိုပါတယ်။ လူနာပါတယ် ။ အားလုံးဟာ ပြည်သူတွေပါပဲ ။ လူကြီးကလည်း လူကြီးအလျောက် နိုင်ငံရေးစနစ်ဆိုးကြီးထဲမှာ ပါဝင်ဆင်နွှဲပြီး ပြုပြင်ပြောင်းလဲဖို့ တောင်းဆိုရင်း လူအိုစာရင်း အသွင်းခံလိုက်ရပါတယ်။ လူငယ်ကလည်း လူငယ်အလျောက် ပညာရေးတစ်ပိုင်းတစ်စနှင့် ပုဆိုးစိမ်း နှင့် အကျီဖြူခွတ်ပြီး စာရင်းငှားလိုက်နေရတဲ့ ဘဝတွေ များစွာပါ။ ဒီကလေးတွေကို ဘယ်လိုကယ်တင်မှာပါလဲ ဒီကလေးတွေဟာ နိုင်ငံတော်တည်ဆောက်ရေးမှာ အင်အားပါဆိုရင် ကလေးအလုပ်သမားပပျောက်ရေးနှင့် ကလေးပညာရေးအတွက် အလေးထားရပါတော့မယ်။

ကလေးဆိုတာ ဘယ်အရွယ်ပါလဲ။ မေးစရာရှိလာပါတယ် ။ အသက်(၁၈)နှစ်အရွယ်မပြည့်သေးသည်ကို ကလေးလို့ခေါ်ကြောင်း သိရပါတယ် ။ အသက်(၁၈)နှစ်ဆိုတာ အထက်တန်းကျောင်းသားအရွယ်ပါ ။ ပညာကို ကောင်းစွာသင်ပြီး ဘဝလမ်းလျှောက်ရာမှာ မှတ်တိုင်တွေစိုက်ထူရမယ့်အရွယ်ပါ။ မိမိအားသန်ရာကို ရွေးချယ်ဘဝအတွက် အုတ်မြစ်ချ ရှေ့ဆောင်လမ်းပြတွေဖြစ်ဖို့ အခွင့်ကောင်းပါပဲ ။ ဒါပေမဲ့ ကလေးတွေကို မြင်နေရတာက လက်ဖက်ရည်ဆိုင်ထဲကစားပွဲထိုးလေးတွေ ဘုရားမှာပန်းရောင်းနေတဲ့ပန်းသည်လေးတွေ တည်ဆောက်ရေးလုပ်ငန်းတွေမှာဘိလပ်မြေဖျော် အုတ်သယ်နေတဲ့အလုပ်သမားလေးတွေ အလုပ်ရှင်ရဲ့အနိုင်ကျင့်မှုကိုခံ ထမင်းတောင်နပ်မှန်အောင်စားခွင့်မရတဲ့ အလုပ်သမားလေးတွေ စစ်ဆိုတာဘာမှန်းမသိဘဲ လက်နက်ကိုင်နေရတဲ့ကလေးစစ်သားတွေ မြန်မာနိုင်ငံမှာ ဘယ်လောက်များပြားမလဲ။ တွေးကြည့်လို့ စဉ်းစားမိရင် မြန်မာနိုင်ငံအတွက် ရင်လေးစရာတွေချည်းပါ။

**ပညာရေးကိုစွန့်ခွာ**

မနက်ခင်းလက်ဖက်ရည်ဆိုင်သွားရင် ကလေးအလုပ်သမားနဲ့ ကင်းတဲ့ဆိုင်၊ ကလေးအလုပ်သမားမရှိတဲ့ဆိုင် ဆိုတာမရှိသလောက်ရှားပါတယ်။ သူတို့လေးတွေဟာ အများအားဖြင့်တော့ ကျေးရွာတွေဘက်က တက်လာပြီး လာရောက်အလုပ် လုပ်ကြတာများပါတယ်။ သူတို့ကျေးရွာတွေမှာ အလုပ်အကိုင် အခွင့်အလမ်းကမရှိ သူတို့လေးတွေရဲ့ မိဘတွေဟာလည်း မြေမရှိ ယာမရှိ။ ရှိတဲ့မြေလေးကလည်း ကလေးတွေပညာရေးအတွက် မလောက်ငှ။ ပညာရေးအတွက် မဆိုထားနဲ့ ကျန်းမာရေးချို့တဲ့ပြီဆို ဆေးဖိုးကမရှိ ဘဝကအားလုံးနတ္ထိတွေချည်းပါပဲ။ ဒါကြောင့် ကလေးတွေက မြို့ပေါ်တက်ရရာအလုပ်ဝင်လုပ်ကြရင်း ပညာရေးကို စွန့်ခွာထားခဲ့ကြရပါတော့တယ်။ မြန်မာနိုင်ငံ လုပ်သားအင်အား ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုစစ်တမ်း ၂၀၁၅ အစီရင်ခံစာတွင် အခြေခံပညာရေးကို သင်ယူကြရမည့်အရွယ် ကလေးများ၏ထက်ဝက်သည်သာ အခြေခံပညာအထက်တန်းအဆင့်အထိ ရောက်ရှိလာကြပြီး ကျန်ကလေးများမှာ လမ်းခုလတ်တွင် ပညာရေးကို စွန့်ခွာသွားကြရသူများဖြစ်ကြောင်း စစ်တမ်းများအရ သိရပြီး ဒီလိုဖြစ်ရတာဟာ မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီနေကြရမှုများကြောင့်ဖြစ်ပေသည်။

သူတို့ လေးတွေရဲ့ ဝင်ငွေကလည်း မပြောပလောက်ပါဘူး။ အိမ်ကိုတောင် လစာမှန်မှန်မပို့နိုင်ကြပါဘူး။ တချို့ဆိုင်တွေမှာဆို တိုင်းရင်းသားလေးတွေကို ရွေးခေါ်ပြီး အလုပ်ခန့်ထားကြတာကို တွေ့ရပါတယ်။ ဒီလိုမျိုး တိုင်းရင်းသားလေးတွေခန့်ထားတော့ သူတို့က အိမ်နဲ့လည်း ဝေးတယ်လေ တော်တော်နဲ့ အိမ်မပြန်ကြဘူး။ အိမ်မပြန်ကြတော့ အလုပ်အတွက် ပိုအဆင်ပြေတယ်ဆိုပြီး ရွေးခန့်တာတွေလည်းရှိတယ်ဟု ကလေးအလုပ်သမားအရေးစိတ်ဝင်စားသူ တစ်ဦးက ပြောပြသည်။

ယနေ့ကလေးများ၏ လုပ်အားခအဖြစ် တစ်လလျှင် ကျပ်ငါးသောင်းမှ ခုနစ်သောင်းကြားရှိပြီး လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်သော ကလေးလုပ်သား၏ ပျမ်းမျှလစာသည် ငါးသောင်းကျော်ဖြစ်ပြီး အရက်ဘီယာရောင်းချသော ဆိုင်များတွင် ခုနစ်သောင်းဝန်းကျင်ရရှိကြောင်း သိရသည်။

**အနာဂတ်လှပဖို့**

သူတို့လေးတွေအတွက် ပညာရေးကိုဘယ်လိုလုပ်ကြမလဲ။ အသက်မွေးဝမ်းကျောင်းပညာကို သင်ပေးရင်း အခြေခံပညာရေး၏ ပုံမှန်လမ်းကြောင်းမှ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သော ကလေးများအတွက် အပြောင်းအလဲနည်းလမ်းများရှိရန် ယခုအချိန်တွင် များစွာလိုအပ်နေပေပြီ။ ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အနာဂတ်လှပဖို့အရေးကြီးနေတယ်လို့ယူဆရင် ကလေးတွေကို ရှေ့တန်းတင်ပေးပြီး ပညာရဲရင့် ပွဲလယ်တင့်စေရတော့မှာဖြစ်ပါတယ်။

ကိုရီးယားက ဘုန်းကြီးစာသင်သား(၂)ဆိုတဲ့ ဆောင်းပါးထဲမှာ တိုင်းပြည်ရဲ့အနာဂတ်လှပဖို့ ကလေးတွေလက်ထဲမှာရှိကြောင်း ပြောထားတာလေးကို ပြန်လည်မျှဝေချင်ပါတယ် "တိုင်းပြည်ရဲ့အနာဂတ်ဟာ ကလေးတွေ လက်ထဲမှာရှိပြီး ကလေးတွေဟာ ဘယ်သူ့လက်ထဲမှာလဲဆိုတာ မမြင်ကြသေးသရွေ့တော့ တို့မြန်မာတွေ ရွှေခေတ်ဆိုတာကြီးကို ဝေးနေဦးမှာပဲ။ ခေတ်ပျက်နေပြီဆိုရင် ဘာကိုပြင်ရမလဲတဲ့။ လူကိုပြင်ရမှာပဲဖြစ်ပါတယ်။ လူကိုပြင်ရတာ ခက်တယ်ဆိုတာ သိပါတယ် လူကြီးပျက်ကို ပြင်ရတာပိုခက်ပါတယ်။ လက်နှီးစုတ်ကြီးချေးစွဲနေသလို စွဲနေပါတယ်။ ယခုတိုင်းပြည်မှာ ရှေ့ကပျက် နောက်ကပျက်နဲ့ အပျက်တွေကြီးပါပဲ။ တိုင်းပြည်ဟာ အချဉ်တည်သလို ဖြစ်နေပါတယ် ရှေ့က အချဉ်လေးအခံရှိတော့ နောက်ကထပ်ထည့်သမျှဟာလည်း လိုက်ချဉ်သွားပြီး ခုချိန်ထိကို မွေးလာသမျှကလေးတွေ အချဉ်ပေါက်နေတဲ့အိုးထဲ ထည့်ထည့်ပြီး အချဉ်ဖောက်ခံနေရတာ ချဉ်စုတ်စော်က မြန်မာတွင် မဆံ့ ကမ္ဘာမှာပါ ပြန့်နေပြီဖြစ်ပါတယ် ဆိုတဲ့ " စာသားလေးဟာ ကလေးတွေနေရာပေးဖို့အတွက် အတော်ကို တာသွားတဲ့ ရေးသားချက်လေးပဲဖြစ်ပါတယ်။

**မဖြစ်မနေဆောင်ရွက်ပေး**

တစ်နေ့မှာတော့ လမ်းလျှောက်ရင်း UNICEF က နေကြော်ငြာထားတဲ့ စာစောင်လေးတစ်ခုကို ဖတ်နေမိပါတယ်။ စာစောင်ထဲ ပါတာတွေကတော့ "အသက်(၁၄) နှစ်အောက်ကလေးကို စက်ရုံအလုပ်ရုံတွင် အလုပ်လုပ်ခွင့်မပြုပါ" တဲ့။ ပြုံး၍တော့နေမိပါတယ်။ ဆက်ပြီးဖတ်လိုက်တော့ "အသက်(၁၄)နှစ်နှင့်(၁၆) နှစ်ကြားရှိ ကလေးဖြစ်ပါက အလုပ်လုပ်ရန်သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန်၏ တာဝန်ခံလက်မှတ်ရှိလျှင် အလုပ်လုပ်ခွင့်ပြုနိုင်သည်"တဲ့ ။ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြစ်ကြောင်းလည်း သိရပါတယ် ။ ဒီလိုအလုပ် လုပ်တဲ့ ကလေးတွေအတွက်ကိုလည်း ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာဆက်သင်ပေးဖို့ တိုက်တွန်းပြီး စီစဉ်ပေးထားရပါမယ်တဲ့။ ဒါ့ကြောင့် ကလေးအလုပ်သမားအလုပ်ရှင်တွေအနေနဲ့ ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာ အဝတ်အထည် ခိုလှုံနေထိုင်ရာနေရာ သွန်သင်ဆုံးမမှု ပြုစုစောင့်ရှောက်မှုတို့ကို မဖြစ်မနေဆောင်ရွက်ပေးသင့်လှပေသည်။ ဒီလိုမျိုးဆောင်ရွက်ပေးမှုမရှိလျှင် ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးချိုးရာရောက်စေကြောင်းကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များက ပြောဆိုထားကြောင်းလည်းသိရပါသည်။

ကလေးသူငယ်တိုင်းမှာ မမွေးဖွားမီကတည်းက အခြေခံအခွင့်အရေး လေးရပ်ရှိကြောင်းသိရပါတယ်။ ဒါတွေကတော့ အသက်ရှင်သန်ကျန်ရှိရန် အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်မှုရပိုင်ခွင့်အခွင့်အရေး၊ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး တို့ပဲဖြစ်ပါတယ် ။

**အသက်ရှင်သန်ကျန်ရှိရန်အခွင့်အရေး**

ကလေးသူငယ်တိုင်းဟာ အမိဝမ်းတွင်းမှာ ကိုးလလွယ်၍ ဆယ်လဖွားပြီး လူ့ဘဝကို ရောက်ရှိလာကြသော်လည်း တချို့မိခင်တွေဟာ သူတို့ရဲ့ ဂုဏ်သိက္ခာအတွက်ပဲဖြစ်ဖြစ် အလုပ်အကိုင်ကြောင့်ပဲဖြစ်ဖြစ် ရင်ဖြင့်လွယ် မွေးလာတဲ့ကလေးကို လွယ်လွယ်လေး စွန့်ပစ်နေကြတာ လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့နေ မြင်နေရပါတယ် ။ ဒါဟာဥပဒေကို ချိုးဖောက်တာပါပဲ။ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဖျက်ချခွင့် မပြုထားပါ။ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုအရလည်း လုံးဝခွင့်မလွှတ်ပါ။ မြန်မာမှုနယ်ပယ်တွင် မြန်မာ့မိခင်လောင်းများ အနေဖြင့် မမွေးဖွားမီကတည်းက ချဉ်ငံစပ်ဖန်ခါး စတာတွေကိုရှောင်ပြီး ကောင်းစွာမွေးဖွားဖို့ ပြုမူနေထိုင်ကြတာလည်းရှိပါတယ်။ UNICEF က ထုတ်ပြန်ထားတဲ့ အသက်ရှင်သန်ကျန်ရှိရန် အခွင့်အရေးတွေကတော့ အန္တရာယ်ကင်းစွာ မွေးဖွားရေး၊ အာဟာရပြည့်ဝရေး၊ မိခင်နို့ချိုတိုက်ကျွေးရေး၊ ကာကွယ်ဆေးများထိုးနှံခွင့်ရရှိရေး ၊ ကူးစက်ရောဂါများမှ ကာကွယ်ပိုင်ခွင့်ရရှိရေးတို့ဖြစ်ကြောင်း သိရပါတယ် ။

**ကာကွယ်စောင့်ရှောက်မှုရပိုင်ခွင့် အခွင့်အရေး**

ကလေးသူငယ်များသည် ကာကွယ်စောင့်ရှောက်မှုရပိုင်ခွင့် အခွင့်အရေးများဖြစ်သည့် အကြမ်းဖက်ခြင်းမှ ကာကွယ်ရန်၊ မတရားခိုင်းစေခြင်းမျိုးမှကာကွယ်ရန်တို့အတွက် အခွင့်အရေးရှိသည်။ ယနေ့ခေတ်ကြီးထဲတွင် ကလေးများကို ရေနွေးပူလောင်း၍ မတရားနှိပ်စက်ခိုင်းစေခြင်း၊ ရိုက်နှက်ခိုင်းစေခြင်းများအပါအဝင် တစ်သက်တာ စိတ်ဒဏ်ရာ ရရှိသွားစေမည့် နှိပ်စက်ညှဉ်းပန်းခြင်း၊ အကြောက်တရားဖြင့် ခိုင်းစေခြင်းများကို မြင်နေကြားနေရပေသည်။ ကျေးကျွန်ခေတ်မဟုတ်သော်လည်း ကလေးများကို ကျေးကျွန်သဖွယ် ခိုင်းစေမှုများ ရှိနေပေသည်။ ထိုအချက်များကိုလည်း မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများဖြင့် ထိထိရောက်ရောက် အရေးယူသင့်လှပေသည်။

ကလေးသူငယ်တိုင်းသည် နေရာတိုင်းတွင် မဟုတ်သော်လည်း ကလေးတို့၏ အစွမ်းအစများကို ပြသပေးနိုင်ရန်အတွက် ပါဝင်ဆောင်ရွက်ခွင့်အခွင့်အရေးကို ရရှိရန်လိုအပ်ပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် အနောက်တိုင်း ယဉ်ကျေးမှုနှင့်များစွာကွာခြား သော်လည်း ယနေ့ခေတ်ကြီးထဲတွင် အရှေ့နှင့်အနောက်သည် စက္ကန့်ပိုင်းလေးသာ ကွာခြားပြီး အရှေ့ကအဖြစ်အပျက်ကို အနောက်က ချက်ချင်းသိနိုင်သလို အနောက်ကအဖြစ်ကိုလည်း အရှေ့က ချက်ချင်းသိနိုင်သည့် အခြေအနေဖြစ်နေပေရာ ယဉ်ကျေးမှုများကလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရောယှက်နေကြပေပြီ။

မြန်မာမှုနယ်ပယ်တွင် လူကြီးနဲ့ ကလေးခွဲခြားထားသည့် ပြောစကားလေးများရှိပေသည် "ကလေးက ကလေးလိုနေစမ်း" ဆိုသည့်စကားဖြစ်သည်။ ယနေ့တွင် ဒီလိုမဟုတ်တော့ ကလေးကလည်းပြန်ပြီး မေးခွန်းထုတ်တတ်နေပြီ သူတို့၏ ကစားချိန်တွင် ကလေးကို မကစားခိုင်းပါက ဒါကျွန်တော့အချိန်လေ ဘာဖြစ်လို့မဆော့ခိုင်းရတာလဲဆိုသည့် မေးခွန်းများကို ယနေ့လူကြီးတို့ကို မေးခွန်းထုတ်ခံနေရပေပြီ။ ဒါကို လက်ခံနိုင်ရမည် ဖြစ်သည်။ ကလေးနှင့်သက်ဆိုင်သည့် ပျော်ပွဲရွှင်ပွဲတွေ၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးပွဲတော်တွေကို လူကြီးများက ဖန်တီးပေးရမည် ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး**

ကလေးသူငယ်တိုင်းဟာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးတွေဖြစ်တဲ့ ပညာသင်ကြားပိုင်ခွင့်၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဆိုင်ရာ ကျင့်ဝတ်ပိုင်းဆိုင်ရာများကို လေ့လာဆည်းပူးခွင့် ရရှိရန် အခွင့်အရေးရှိပေသည်။ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေးစီမံချက်များဖြင့် ဆောင်ရွက်နေသော်လည်း ကလေးတိုင်းဟာ စာသင်ကျောင်းတွေနဲ့ အလှမ်းဝေးဆဲ ဖြစ်နေပါသေးတယ်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈ (ဂ)တွင် နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်နှင့် ပုဒ်မ ၂၈ (ဃ)တွင် နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်လို့ပါရှိပါတယ်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါဝင်နေပြီး နိုင်ငံသားတို့၏ တစ်ဦးချင်းဝင်ငွေကလည်း အရှေ့တောင်အာရှနိုင်ငံများတွင် အနည်းဆုံးစာရင်းကရုန်းမထွက်နိုင်သေးပေ။ ဒါသည်ပင်လျှင် ကလေးတို့ပညာရေးအတွက် စာသင်ခန်းများမှ ဝေးရာဆီသို့ ရောက်ရှိသွားသည့် အချက်တစ်ချက်လည်းဖြစ်ပေသည်။ ကလေးတို့ပညာရေးသည် မူလတန်းအဆင့်ပညာရေးကို မသင်မနေရဆိုသော်လည်း ကျေးရွာတိုင်းတွင် မူလတန်းစာသင်ကျောင်းကိုပင် ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပေ။ မြို့ကြီးတွေမှာပင် အထက်တန်းကျောင်းဆိုတာ တစ်မြို့နယ်လုံးမှာပင် လက်ဆယ်ချောင်းမကုန်ပေ။ ဒါကလည်း အထက်တန်းပညာရေးကို ဝေးကွာသွားသည့်အချက်ထဲက တစ်ခုဖြစ်ပါသည်။

ဒီလိုမှ မဟုတ်ဘဲ ကလေးတွေကို ဆက်ပြီး လစ်လျူရှုထားမယ် ကလေးတို့၏ ရပိုင်ခွင့်များကို ဆက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံဟာ နောက်ကျကျန်ခဲ့နေဦးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၅ ခုနှစ်အတွင်းကောက်ယူခဲ့သော စစ်တမ်းများအရ အသက် (၅)နှစ်မှ (၁၇) နှစ်ကြားရှိ ကလေးသူငယ်ဦးရေ (၁၂) သန်းကျော်ရှိကြောင်းသိရပြီး ၆ ဒသမ ၅ ရာခိုင်နှုန်းမှာ ကျောင်းလုံးဝမနေဖူးဘဲ ပြင်ပလုပ်ငန်းများတွင်သာ လုပ်ကိုင်နေကြရကြောင်း သိရသည်။ ဒီလိုနှုန်းနဲ့ဆိုရင် နောင်အနှစ်နှစ်ဆယ် ရည်မှန်းချက်ဟာ ဝေဝါးနေဦးမှာ ဖြစ်ပါတယ်။ နောင်အနှစ်နှစ်ဆယ် ရည်မှန်းချက် မဝေဝါးဖို့ တိုင်းပြည်ရဲ့ အနာဂတ်လှပဖို့ ကလေးတွေ လက်ထဲမှာရှိပါတယ် ဆိုတာကို လက်မခံနိုင်ဘဲ ကလေးအလုပ်သမား နှင့် ကလေးပညာရေးအလေးမထားဘူးဆိုရင် တို့မြန်မာတွေ ရွှေခေတ်ဆိုတာကြီးကို ဝေးနေဦးမှာပဲ ဖြစ်ပါတယ်။

> နိုင်ငံသားတို့၏ တစ်ဦးချင်းဝင်ငွေကလည်း အရှေ့တောင်အာရှနိုင်ငံများတွင် အနည်းဆုံး . . . ဒါသည်ပင်လျှင် ကလေးတို့ပညာရေးအတွက် စာသင်ခန်းများမှ ဝေးရာဆီသို့ . . .

## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာဆင့်ပွားသင်တန်းဖွင့်လှစ်

**ပူတာအို ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောက်ရှိ ခရိုင်ရုံးနှင့် မြို့နယ်၊ မြို့နယ်ခွဲရုံးများရှိ ဝန်ထမ်းများ အရည်အချင်း၊ အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေး၊ ဌာနလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ပူတာအိုခရိုင် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးရှိန်းတမ်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် သင်တန်းကာလအတွင်း လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခေါင်လန်ဖူးမြို့နယ် မြို့နယ်ဦးစီးမှူး ဦးဟန်မျိုးကျော်က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေဘာသာရပ်ကို စတင်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှုဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်စီမံခန့်ခွဲမှုဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေဘာသာရပ်၊ နိုင်ငံသမိုင်းအဆင့်ဆင့်ပြောင်းလဲတိုးတက်မှုဘာသာရပ်များကို ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူး ခြောက်ဦးတို့က သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပူတာအိုခရိုင်ရုံးနှင့် မြို့နယ်ရုံးငါးရုံးမှ သင်တန်းသူ၊ သင်တန်းသား ၁၅ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့နွားသိုးအလှ၊ နို့စားနွားနှင့် ဆိတ် ပြပွဲပြိုင်ပွဲကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ပဥ္စမအကြိမ် မြန်မာ့နွားသိုးအလှ၊ နို့စားနွားနှင့် အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်းကျွဲဆည်ကန်ရှိ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာရန်နိုင်စိုး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်တို့တက်ရောက်အားပေးပြီး ပြပွဲပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်များသည် ခင်းကျင်းပြသထားသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ငါးလုပ်ငန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကုမ္ပဏီ ပြခန်းများ၊ ပြိုင်ပွဲဝင် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ ဆိတ်နှင့်အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲဝင်များအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ယာယီမဏ္ဍပ်တွင် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ပြိုင်ပွဲကျင်းပမှုနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ ဆိတ်နှင့် အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မူးခင်းကျဆင်းရေးအတွက် ကျေးရွာများထိ မူးခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

မူးခင်းကျဆင်းရေးအတွက် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများအား မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မူးခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား မူးခင်းနှင့်ပတ်သက်ပြီး အသိပညာတိုးပွားစေရန် ရည်ရွယ်ပြီး ပညာပေးယာဉ်ဖြင့် ကန်တောင်ကျေးရွာအုပ်စု၊ တောမကျေးရွာအုပ်နှင့် ချည်စက်ရပ်ကွက်များရှိ ကျေးလက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လောင်းကစားဥပဒေမှာပါဝင်သည့် သိမှတ်ဖွယ်ရာများနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်းက ပြောသည်။

ဆက်လက်၍ ဆိုင်ကယ်စီးနင်းရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ဦးထုပ်ဆောင်းကြရန်နှင့် မိတ္ထီလာခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် သေဆုံးသွားသည့်အကြောင်းအရာများအား အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့ရုံး (မိတ္ထီလာခရိုင်)မှ ဒုရဲမှူးမြင့်စိုးက ပြောသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မူးခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြောမှုအား မိတ္ထီလာခရိုင်အတွင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ဝမ်းတွင်းမြို့နယ်နှင့် ဖေဖော်ဝါရီ ၁၂ ရက်က မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ဟောပြောခြင်း၊ သီဆိုဖျော်ဖြေခြင်းများပြုလုပ်ခဲ့ပြီး ခရိုင်အတွင်းကျန်ရှိသည့် မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များသို့လည်း သွားရောက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဒေသခံပြည်သူများ ရေကောင်း၊ ရေသန့်သုံးစွဲနိုင်ရေး စက်ရေတွင်းတူးဖော်

**ဝါးခယ်မ ဖေဖော်ဝါရီ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဂိုးကြီးကျေးရွာအုပ်စု ကုလားချောင်းကျေးရွာမှ ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာလေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးဝေရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး ပေ ၆၀၀ အနက်ရှိ စက်ရေတွင်းအား တင်ဒါရသိန်းအုပ်စိုးကုမ္ပဏီမှ တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေကျပ် ၈၀၀ သိန်းဖြင့် ကုလားချောင်းကျေးရွာ၊ ရေနက်ချောင်းကျေးရွာ၊ အထက်ပေကုန်းကျေးရွာနှင့် ကွဲလမ်းကြီးကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ ရေကောင်းရေသန့် သုံးစွဲနိုင်စေရေးနှင့် လုပ်ငန်းများစနစ်တကျ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြပ်မတ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



## ကျေးလက်နေပြည်သူများအတွက် လူထုဗဟိုပြုစီမံကိန်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်



**ဆော ဖေဖော်ဝါရီ ၁၅**

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ကျေးလက်နေပြည်သူများအတွက် လူမှုစီးပွားအဆောက်အအုံ ပိုမိုမြင့်တက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးသော ကျေးလက်နေပြည်သူများအနေဖြင့် အခြေခံလူမှုစီးပွားအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား လူထုဗဟိုပြုစီမံကိန်းအတွင်း ရယူသုံးစွဲနိုင်စေရန်၊ ကျေးရွာနေ ပြည်သူလူထုများထံသို့ တိုက်ရိုက်ထောက်ပံ့ငွေများ အချိန်မီရောက်ရှိနိုင်ရေးတို့ ပါဝင်၍ စီမံကိန်းဝန်ထမ်းများက ကျေးရွာနေပြည်သူများနှင့်အတူ ပူးပေါင်းရေးဆွဲလျက်ရှိသည်။

စီမံကိန်းလုပ်ငန်းများဖော်ဆောင်ရာတွင် ဌာနဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်နှင့် အရည်အသွေးကိုမြှင့်တင်နိုင်ရန်၊ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာတုန့်ပြန်နိုင်စေရန် ကျေးလက်နေပြည်သူများအတွက် လူမှုစီးပွားဘဝ မြင့်တင်နိုင်ရန်တို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာအုပ်စု ၆၃ အုပ်စုမှ ကျေးရွာပေါင်း ၁၁၈ ရွာတို့တွင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**(၄၆၅)**

## စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**မိုးကောင်း ဖေဖော်ဝါရီ ၁၅**

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ကူညီမှုဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းအတွက် စည်းရုံးရေးမှူးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအပိုင်း(၁) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်နံနက် ၉ နာရီက မိုးကောင်းမြို့ မြို့ဦးရပ်ကွက်ရှိ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေသူရိန်စိန်လှက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးတွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသည့် လက်ထောက်နည်းပညာမှူး ၁၃ ဦးနှင့် လူထုစည်းရုံးရေးမှူး ၂၀ တို့တက်ရောက်ပြီး သင်တန်းကာလကိုးရက်ကြာ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၉၉)**

## ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မွန်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီပထမပတ်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဟသ်ာခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဘုန်းနိုင်က ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။ ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဦးဟိန်းလင်းထက်က မွန်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များအား ဆွေးနွေးတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်မြင့်က ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**


Ocean SUPERCENTER
SUPER SAVER
တန်မှတန်
17th Feb ~ 2nd March, 2017
BEST VALUE PRODUCTS AND MORE...
MISTER POTATO Crisps Sweet Potato Natural 160g
WOW!
1,500
Ks. 1,850
GOLDEN ELEPHANT
WOW!
Get 1 Golden Elephant Noodle 270g
Buy 3
free
MAMYPOKO Baby Diaper Pant (Japan) Boy/ Girl (L/ XL)
WOW!
20,000
Ks. 24,700
N VEON Square Colander & Filter No.459
WOW!
1,500
Ks. 1,850
JULIE'S Sandwich Biscuits Creamy (Cheese 12's 168g/ Peanut butter 12's 180g)
1,500
Ks.1,650
UNI Wafer (Vanilla/ Chocolate 288g)
1,750
Ks.1,950
LOTTE PEPERO Biscuit 32/ 36/ 47g
650
Ks.800
RICHEESE Cheese Ahh Triple 175g
850
Ks.950
GOLD ROAST Coffeemix 30's 600g
2,300
Ks.2,700
COCA COLA (Coke/ Zero/ Sprite/ Max Plus/ Orange 1.5ltr)
Buy 1 Get 1
Coke 250ml
free
MARIGOLD UHT Milk Full Cream 1 ltr
Buy 2 Get 1
Milk Choco 200g
free
MM Fresh Egg 60g
YGN Braches Only
1,300
Ks.1,450
Men T Shirt Size-M/ L
Ks. 4,000
OPA Blouse
Ks. 6,500
MARVEL Child T Shirt Boy
6,000
Ks.6,500
VERAGE Size-70cm
48,000
Ks.51,000
PANTENE Shampoo 340ml
3,350
Ks.3,700
ELAN Dishwashing Liquid Lemon W/PumP 1.3kg
Buy 1 Get 1
Bar Soap 120g
free
LUCKY BOY Bath Towel (Pale) 15inx30in
1,700
Ks.2,200
EAGLE Mosquito Net 6x6.5ft (Double)
11,500
Ks.12,700
PHILIPS Steam Iron GC-1433/40
- 1000 W ~ 1200 Watt
- Spray & Steam
26,700
Ks.29,800
MIRA Table Fan 12in M-1211N
- 43 Watt
- 3 Speed
22,500
Ks.23,700
LUCKY Rice Cooker 1Ltr DR-810
- 800 Watt
-1.0L, Keep Warm 3 Hour
13,300
Ks.14,800
HANABISHI Electric Pan HGP-140/141L(NS)
- 1000 Watt
- Non-Stick 14 Inches
25,100
Ks.26,500
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice.
While Stocks Last!
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar
Like


Pride of MYANMAR
17th ~ 28th February, 2017
Top
Cashew Brittle
240g
Ks. 4,900
Top
Cashew Nut (Salted, with Skin, without Skin)
100g/ 300g/ 500g
Ks. 2,800 to 12,200
Royal Myanmar
Tea Mix
30'S 600g
3,100 ks
Ks. 2,800
Yathar Kaung
Butter Peanut Crisp Candy, Peanut Brittle, White Sesame Brittle
350g/ 260g/ 100g
Ks. 700 to 1,100
Nagar Pyan
Tea/ Green Tea
Ks. 1,250 to 4,450
Maw Shan
Dried Tea l
Green Tea
Ks. 1,150 to 2,000
Maw Shan
Dried Tea Leaves
Green Tea
Ks. 1,650 to 2,000
Tree Food
Jaggery (Ginger, emon, Plum Masala, Yogurt)
115g
2,500 ks
Ks. 2,250
North Point & Shwe Gon Daing Only
Duwon
Toffee
50'S 250g
850 ks
Ks. 750
Pure Honey
100% Natural Honey
Mount Khakabora
Wild Flowers
200g~1000g
Ks. 1,800
Ks. 7,000
Shae Saung
Natural Plum Syrup
Natural Tamarind Syrup
1Ltr
Ks. 2,300
Ks. 2,250
Saw Mo
Natural Tea Leave
85g
Ks. 3,500
Aurora
Preserved Fruits
400g
Ks. 2,000 to 2,350
Academy
Preserved Plum
200g/ 400g
4,100 ks
Ks. 3,900
Shwe Li
Sunflower Seeds
250g/ 350g
1,550 ks
Ks. 1,400
Attraction
Sunflower Seeds/ Natural
115g/ 230g
Ks. 500 to 1,000
Mother's Love
Green Tea/ White Tea
50g/100g/150g/200g
Ks. 3,250 to 4,900
Shan Shan
Assorted Fried Bean/ Pickled Tea (Sweet/ Spicy & Sour) 100g
1,350 ks
Ks. 1,200
Saw Mo
Pickled Tea Leaves Tip (Regular/ Spicy)
Double Fried Bean Special
311g/240g
Ks. 2,000 to 4,500
Sein Chal
Zayan Pickled Tea (Sweet/ Spicy)
320g
2,800 ks
Ks. 2,500
1,850 ks
Ks. 1,650
Genius
Arabica Coffee (Bean/ Ground/ Organic)
Ks. 1,800 to 24,000
Monsoon
Tamarind Flakes
200g
1,100 ks
Ks. 1,000
Fried Sticky Rice
200g
1,550 ks
Ks. 1,400
Poe De
Sweet/ Spicy
110g
1,000 ks
Ks. 900
Ahr Thit
Peanut/ Sesame Brittle - 400g
1,250 ks
Ks. 1,100
Ar Yone Thit
Black Sesame Brittle
240g
2,950 ks
Ks. 2,650
Khin Htwe Yee
Mohingha Gravy Powder
300g
3,250 ks
Ks. 2,900
Nan Tha Pyay
Mohingha Gravy Powder
300g
Ks. 2,950
Min Thar Gyi
Roasted Gar Fish/ Nga Yant
160g
Ks. 9,450
Zay Ya Tu
Smoked Nga Yant Chaut
Roasted Gar Fish
160g/180g/ 240g
Ks. 3,150 to 9,450
Tomo
Fried Fish Sauce/ Fish Paste
320g
2,250 ks
Ks. 2,000
Prices may change without prior notice. While stock lasts!
Available at all branches of
Ocean Supercenter
Main Partners
Royal Myanmar Teamix
Top
Co - Partners
Nagar Pyan

## NEW MOTION TRAVELS & TOURS

ESCAPE FROM EVERYDAY LIFE

ရွှေ့လျားသစ်လွင် အထားသကြၤန်ခရီးစဉ်များ

**မန္တလေးမှထွက်မည့် ခရီးစဉ်များ**

| | |
|---|---|
| ဂျပန် | – ဧပြီ (၁၁ – ၂၀) |
| ထိုင်းယား | – ဧပြီ (၁၁ – ၂၀) |
| စင်္ကာပူ | – ဧပြီ (၁၃ – ၁၈) |
| စင်္ကာပူ–မလေးရှား | – ဧပြီ (၁၂ – ၁၉) |
| ဟောင်ကောင် | – ဧပြီ (၁၂ – ၁၇) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဗန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| ထရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |

Call Now!

**ရန်ကုန်မှထွက်မည့် ခရီးစဉ်များ**

| | |
|---|---|
| အမေရိကား | – ဧပြီ (၁၀ – ၂၈) |
| | – ဧပြီ (၁၁ – ၂၇) |
| ဥရောပ | – ဧပြီ (၁၀ – ၂၄) |
| ဩစတြေးလျ | – ဧပြီ (၁၀ – ၂၀) |
| အင်္ဂလန် | – ဧပြီ (၁၁ – ၂၄) |
| စပိန်–ပေါ်တူဂီ | – ဧပြီ (၁၀ – ၂၁) |
| ဂရိ | – ဧပြီ (၁၁ – ၁၉) |
| တရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |
| ဟောင်ကောင် | – ဧပြီ (၁၂ – ၁၇) |
| ဟောင်ကောင်–တရုတ် | – ဧပြီ (၁၃ – ၂၀) |
| ဂျပန် | – ဧပြီ (၁၂ – ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | – ဧပြီ (၁၃ – ၂၁) |
| သီရိလင်္ကာ | – ဧပြီ (၁၂ – ၁၈) |
| ဗုဒ္ဓဂါယာ | – ဧပြီ (၁၃ – ၂၀) |
| ထိုင်းယား | – ဧပြီ (၁၁ – ၂၀) |
| ခူဘိုင်း | – ဧပြီ (၁၂ – ၁၈) |
| ဘူတန် | – ဧပြီ (၁၂ – ၁၉) |
| ထိုင်ဝမ် | – ဧပြီ (၁၄ – ၂၀) |
| စင်္ကာပူ | – ဧပြီ (၁၂ – ၁၆) |
| | – ဧပြီ (၁၃ – ၁၇) |
| စင်း–မလေး | – ဧပြီ (၁၁ – ၁၈) |
| စင်း–ဘာလီ | – ဧပြီ (၁၂ – ၁၉) |
| ဘာလီ | – ဧပြီ (၁၂ – ၁၈) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဗန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| ထက်မွှေမီးယား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| ဗီယက်နမ် (ဟနွိုင်း) | – ဧပြီ (၁၂ – ၁၆) |
| (ဒါနန်း) | – ဧပြီ (၁၃ – ၁၈) |
| (ဒါနန်း) | – ဧပြီ (၁၂ – ၁၇) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက်–ကမ္ဘောဒီးယား | – ဧပြီ (၁၃ – ၁၈) |

Feb & March!

| | |
|---|---|
| ဗုဒ္ဓဂါယာ | – Mar 02-09 |
| ဗန်ကောက် | – Feb 24-28 |
| ဖူးခက် | – Mar 24-28 |
| ဗီယက်နမ် | – Feb 24-27, Mar 17-20, Mar 24-28 |
| စင်္ကာပူ | – Feb 24-28, Mar 17-21 |

YANGON : No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944-55-66, 09-260792885-6-7
MANDALAY : No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443



## ရာပြည့်စာအုပ်ဆိုင် နှစ်ပတ်လည် နှင့် ဆိုင်ပြောင်းရွှေ့ခြင်းအထိမ်းအမှတ်
## အထူးလျှော့ဈေး စာအုပ်ရောင်းပွဲ

ရာပြည့်နှင့်ဖူးပွင့်ငဝေဝတိုက်ထုတ် ၃၀ %၊ အခြားတိုက်ထုတ် ၁၀ % လျှော့

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ၁၀ မြင့်ကြီး၊ ငွေလင်း၏ ဤ ကျယ်ပုန်၊ ညိုမြ(သုမန)၏ တစ်ကိုယ်တော်၊ စိန်စိန်၏ လွမ်းသစ္စာတိုင်၊ လင်းယုန်နီ၏ မချောနှင့် ကလေးလူငယ်စာစဉ် အမှတ်(၁)မှ(၁၄)...တို့ဖြင့်။

၁၃၊ ၂၊ ၂၀၁၇ မှ ၁၉၊ ၂၊ ၂၀၁၇ ထိ၊ နံနက် ၉ နာရီ မှ ညနေ ၆ နာရီ အထိ
ရာပြည့်စာအုပ်ဆိုင်–ဖုန်းဆိုးတန်း(၀၁ ၃၇၅ ၉၅၂၊ ၀၉ ၇၃၂ ၄၅၂၈၉)၊ လှည်းတန်း(၀၉၅၁ ၄၆၁ ၄၂)



## မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်

(၁၉၆၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ

* စနေ၊ တနင်္ဂနွေ သီးသန့် တန်းခွဲအသစ်များလည်း စုံစမ်းနိုင်ပါသည်။ ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction စေတနာ: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133



## ပုလုတ်တုတ်



ဖောပျော်လေးဘော်ဘော်ရဲ့ သုံးပွင့်ဆိုင်တိုက်ပွဲ၊
လည်သွဲ့ဒီနိုင်းတွေ ဖန်တီးအောင်မြင်နေတဲ့
POKEMON
(ပိုကီမွန်)ဆိုတာ၊ နေ့ရာသီသင်တန်းများ၊
ထူးထူးခြားခြား သေးရောင်လှလှခြယ်ရအောင်၊

တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့ မဖြန့်မီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။

၂၀၁၇ ခုနှစ်၊ မတ်လ ထွက်ပြီ။

၁,၅၀၀ ကျပ်

တွေးစာအုပ်တိုက်က ထုတ်ဝေသည်။



## EEC Business School
SWPS UNIVERSITY OF SOCIAL SCIENCES AND HUMANITIES No.2 Rank - POLAND



Taught by European Professional Lecturers

Executive MBA 20% MBA

» Diploma in Business English
» Diploma in Business Management
» Diploma in Human Resources Management

www.eecmyanmar.com eecmyanmar 09-250 233 662



"ရွှေစည်"

လုပ်သားပေါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။



အိမ်ရောင်းမည်

သာကေတ (၅)ရပ်ကွက်၊ သိဂီ (၄)လမ်း၊ ရှစ်ငံးသာလမ်းမနီး၊ နှစ်ထပ်ပျဉ်ထောင်အိမ်၊ အဝီစိရေ၊ မီးပါ မေ(20 X 60) မြေဂရန်၊ ညှိနှိုင်းဈေး

09-43125525



Young Chi Thit Lin Moving Service Co.,Ltd

YCT ရောင်ခြည်သစ် (စက်)
အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုကုမ္ပဏီ
(မြို့တွင်း/နယ်ဝေး)

09 450454771, 09 450454772, 09 450454773



## Topsyne Herbal Cream



(1.5.2016) မှ (30.4.2017) အထိ

1,000,000 ကျပ် (1)ဆု
400,000 ကျပ် (2)ဆု
300,000 ကျပ် (2)ဆု
100,000 ကျပ် (5)ဆု
50,000 ကျပ် (10)ဆု
20,000 ကျပ် (20)ဆု

(1.5.2016) မှ (30.4.2017) အထိ

1,000,000 ကျပ် (1)ဆု
300,000 ကျပ် (2)ဆု
200,000 ကျပ် (2)ဆု
100,000 ကျပ် (10)ဆု

